ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (27-9-2015) (စဉ်၃၆)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန်၊ ကြိုင်လိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နလုံး။

စံကင်းဆရာတော်

ပြည်တွင်းလေဆိပ်များကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ကာ အနိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုမည်

သတင်း စာမျက်နှာ » ၃

အေးရှားဝင်းလေကြောင်းလိုင်းမှ ပြည်တွင်းသွားလေယာဉ်တစ်စင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

ရေဘေးသင့်ပြည်သူများအတွက် ရွက်ပျင်ယာယီမိုးကာတဲများ အသစ်လဲလှယ်ဆောက်လုပ်ပေး

ကလေး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာဘောလုံးကွင်းအတွင်း ယာယီမိုးကာတဲများဖြင့် နေထိုင်လျက်ရှိသော ရေလဲဒဏ်ကျေးရွာရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလျှုဒါန်းသည့် ရွက်ဖျင်ယာယီမိုးကာတဲအသစ်များ လဲလှယ်ဆောက်လုပ်ပေးခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက စတင်ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

"အခုအသစ်ရောက်ရှိလာတဲ့ မိုးကာတဲတွေကို ရပ်ရွာအင်အားနဲ့ နယ်မြေခံတပ်မတော်သားတွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး တည်ဆောက်ပေးနေတာဖြစ်ပါတယ်။ အခုတဲတွေက ပိုကျယ်ဝန်းပြီး တော့ လေဝင်လေထွက်ပိုမိုကောင်းမွန်ပါတယ်။ ရာသီဥတုဒဏ်ကိုလည်း သင့်တင့်မျှတစွာနဲ့ ခံယူနိုင်တဲ့ မိုးကာတဲတွေဖြစ်ပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်

ကျော်သဲအိမ်

ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော UNOPS လက်အောက်ရှိ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးရန်ပုံငွေအဖွဲ့တစ်ခုဖြစ်သည့် LIFT သည် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင် အစီအစဉ်သစ်ခြောက်ရပ်ဖြင့် ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းအစီအစဉ်များကို ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အထက်မြန်မာပြည်မိုးနည်းရေရှားဒေသများတွင် ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ၎င်းအစီအစဉ်များတွင် ငွေကြေးအရ ပံ့ပိုးမှု၊ ရွှေ့ပြောင်းနေထိုင်မှုပြဿနာဖြေရှင်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အသက်မွေးမှုလုပ်ငန်း မြှင့်တင်ရေးတို့ ပါဝင်ကြောင်း စက်တင်ဘာ ၁၇ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

LIFT ၏ နည်းပညာပိုင်းဆိုင်ရာ အရာရှိ စတီဒီဝါက ၎င်းအစီအစဉ်များသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်နိုင်မည့်အပြင် နိုင်ငံတော်အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းမှုနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာမှာဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က သတင်းထောက်များကို ပြောကြားသည်။

လူဇင်ဘတ်နိုင်ငံသည် စက်တင်ဘာ ၁၈ ရက်က LIFT မှတစ်ဆင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

ဒေါ်စင်ဆွေဝင်း
နှံ့အုပ်(ခြိမ်း)လိုင်းနှံ့

စမ်းပြီးလိမ်းကြည့်စေချင် ရွှေပြည်နှံ့သနပ်ခါးရဲ့ အကျိုးကျေးဇူးတွေပင်

ကျွန်မမှာ တူမသုံးယောက်ရှိပါတယ်။ သူတို့တွေဟာ အလုပ်ကိုယ်စီနဲ့ အချိန်မအားလပ်တာရယ်ကြောင့် အလွယ်တကူ ရွှေပြည်နန်း 4 in 1သနပ်ခါးကို ဝယ်ယူလိမ်းလိုက်တဲ့အခါကျမှ အဆင်ပြေသွားတာ ကျွန်မတွေ့ရတော့တယ်။ တစ်ယောက်က မျက်နှာမှာ ဝတ်မြဲထွက်လို့ သံပရာပါတဲ့ ရွှေပြည်နန်းကို သုံးပါတယ်။ တစ်ယောက်ကနှင်းဆီနှင့်စပယ်သနပ်ခါးကို ရွေးသုံးပါတယ်။ အဲဒါတွေအပြင် နံ့မှာလုပ်တဲ့ အသက်(၅၀)ကျော်နှင့်အသက်(၈၀)ကျော် ကျွန်မအမေကတော့ နံ့သာဖြူသင်းနေတဲ့ ရွှေပြည်နန်းသနပ်ခါးကို ကြိုက်လို့သုံးတဲ့အပြင် ကျွန်မနဲ့ကျွန်မအမေဟာ ခြေလက်ညောင်းညာပြီးခြေထောက်မကွေးနိုင်တာကို မုံညင်းဆီနှင့်ဆေးမြစ်စုံပါဝင်တဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို လိမ်းလိုက်တဲ့အခါကျမှ ပေါ့ပါးလန်းဆန်းပြီး ခြေထောက်တွေအကြောတင်းနေတာ ကနေ ပျောက်သွားတာဟာ ကျွန်မကိုယ်တွေ့ပါပဲ၊ ကျွန်မပြောတာမယုံရင် စမ်းပြီးလိမ်းကြည့်စေချင်ပါတယ်. . . ကျွန်မကတော့ ရွှေပြည်နန်းသနပ်ခါးကို အမြဲအားပေးနေအုန်းမှာပဲ. . .

ဒေါ်စင်ဆွေဝင်း၊ နှံ့အုပ်(ခြိမ်း)လိုင်းနှံ့၊ ဗဟာဘောက်အားလိုင်းမှူးနှံ့၊ ကန်တော်လမ်း၊ ဓာတ်ဆူဖြို့၊ သပ်ဆင့်ခထားကံသူ ။ ။ ဒေါ်စင်ထားပြင်၊ စာရင်းကိုင်(၁) ခြိမ်း-လိုင်းနှံ့၊ လှပ်စစ်လမ်း၊ (၂)ရပ်ကွက်၊ ဓာတ်ဆူဖြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကနဦးသတ်မှတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြို့ပင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ကြေးမုံတည်းဖြတ်ရုံး ၂၇-၉-၂၀၁၅၊ တနင်္ဂနွေနေ့

အနာဂတ်စီးပွားရေးဇုန်ဖော်ဆောင်

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ရာတွင် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို စတင်အကောင်အထည်ဖော်ခဲ့သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းမှာပင် အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာသောကြောင့် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံ ရရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိ ရရှိခဲ့သည်။ စီးပွားရေးအတွက် အားတက်ဖွယ်ဖြစ်သည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပြီးသည့်နောက် ယနေ့အထိ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၃၈ ထရီလီယံကျော်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက်လည်း ရန်ကုန်မြို့တွင် One Stop Service ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် တစ်ဆက်တည်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အပြီး ယနေ့ကာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ ကျော်ရှိခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုရမည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့ငွေများလည်း ဝမ်းမြောက်စွာ လက်ခံရရှိခဲ့သည်။ ယနေ့အထိ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၃ ဘီလီယံရရှိခဲ့ပြီး ၂ ဒသမ ၀၇၃ ဘီလီယံကို လက်ရှိကာလ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနေသည်ကို မြင်တွေ့နေရသည်။ ထို့အပြင် နိုင်ငံခြားချေးငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၅၃ ဘီလီယံ ရယူခဲ့ပြီး လက်ရှိကာလတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ၁ ဒသမ ၅၀၆ ဘီလီယံ သုံးစွဲဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်မှာ ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်သွားရန်ဖြစ်သည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အတတ်ပညာနည်းပညာရရှိမှု၊ ကျွမ်းကျင်လုပ်သားများနှင့် စွမ်းကွက်များတွင် ပူးပေါင်းချိတ်ဆက်ပေးရန်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ စီးပွားရေးမူဝါဒများနှင့် စာရင်းဇယား မှန်ကန်မှုသည်အရေးကြီးသဖြင့် ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စုစီးပွားရေး သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့သည်။

လတ်တလောတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအဆင့်မီ စံနှုန်းများနှင့်အညီ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်နိုင်ရန် သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်မြို့ သန်လျင်ကျောက်တန်းဒေသတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မူဝါဒများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းလဲရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ထို့ကြောင့် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ စတင်ကျင့်သုံးနိုင်ရန်အတွက် ထိုသို့ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်ကို မြင်တွေ့ရသည်။

အဆိုပါ စံချိန်စံညွှန်းများဖြစ်ပေါ်အောင် အကောင်အထည်ဖော်ခြင်းသည် အထူးစီးပွားရေးဇုန်များ၌ လုပ်ငန်းများအောင်မြင်ပါက စီးပွားရေးဇုန်ပြင်ပရှိ လုပ်ငန်းများကိုပါ အသုံးချနိုင်အောင် ရည်ရွယ်ထားသည်မှာ မှန်ကန်ကောင်းမွန်သည့် စီးပွားရေးမဟာဗျူဟာဖြစ်သည်။ သီလဝါစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံမှုရရှိထားသည်။ အထူးစီးပွားရေးဇုန်ပြီးစီးပါက မြန်မာနိုင်ငံမှ ကာယ၊ ဉာဏ လုပ်သားပေါင်းနှစ်သိန်းခန့် အလုပ်အကိုင်များ ရရှိနိုင်မည်ဟု ခန့်မှန်းထားရာ မြန်မာနိုင်ငံသားများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီအစိုးရလက်ထက် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို အဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိရာတွင် စီးပွားရေးအခွင့်အလမ်းများသိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရသည်။ ရရှိလာသော အခွင့်အလမ်းကောင်းများကို အသုံးချ၍ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

မြန်မာနိုင်ငံမှ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ ဆိုင်ရာ Annual Declaration ပြုလုပ်ရန် ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံမှ ဓာတုလက်နက် တားဆီးပိတ်ပင်ရေး စာချုပ်အဖွဲ့ (Chemical Weapons Convention-CWC)ဆိုင်ရာ Annual Declaration ပြုလုပ်ရန်အတွက် CWC အမျိုးသားအဆင့် အကောင်အထည်ဖော်ရေးအဖွဲ့ (National Authority) ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ အောင်ကျော်မြတ်က ဓာတုလက်နက် တားဆီးပိတ်ပင်ရေး စာချုပ် (CWC)အရ နှစ်စဉ် ဆောင်ရွက်ရမည့် မြန်မာနိုင်ငံမှ နှစ်စဉ်ကြေညာချက် (Annual Declaration) ပြုလုပ်နိုင်ရေးအတွက် တားမြစ်ကန့်သတ်ထားသော Schedule Chemicals များကို စာရင်းပြုစုလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဖြည့်သွင်း ပေးပို့ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ Schedule Chemicals များ၏ စာရင်းပြုစု၍ နှစ်စဉ် ကြေညာချက် (Annual Declaration) ကို သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖြန့်ဝေထားသော ပုံစံများကို ဖြည့်သွင်းရာ၌ ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ရန်ရှိသည့် Schedule Chemical များကိုလည်း ဖြည့်သွင်း ပေးရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသော National Authority အဖွဲ့ဝင်အားလုံး ဆွေးနွေးတိုင်ပင်ပြီး လိုအပ်သည့်အချက်အလက်များကို မှန်ကန်စွာ ဖြည့်သွင်းရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို မြန်မာနိုင်ငံက ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်၌ စာချုပ်တွင် အတည်ပြုပါဝင်လာခဲ့သဖြင့် မြန်မာနိုင်ငံ အနေဖြင့် ၁၉၁ နိုင်ငံမြောက် စာချုပ်ဝင်နိုင်ငံဖြစ်လာပြီး အဆိုပါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အရ ဓာတုလက်နက်များ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ စုဆောင်းခြင်းနှင့် လွှဲပြောင်းခြင်းကို တင်းကျပ်စွာ တားမြစ်ထားလျက် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် စုပုံနေသော ဓာတုလက်နက်များနှင့် ဆက်စပ်ထုတ်လုပ်ထားသောပစ္စည်းများ၊ ဟောင်းနွမ်းနေသော ဓာတုလက်နက်များကို ဖျက်ဆီးရန်နှင့် ပွင့်ပွင့်လင်းလင်း ကြေညာသွားရန် ဖြစ်သည်။

(သတင်းစဉ်)

မျိုးသန့်မျိုးပွားစိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းနှင့် ဓာတ်မြေဩဇာထည့်သွင်း

သီပေါ စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးရာသီတွင် တောင်သူလယ်သမားဦးကြီးများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲမှု နည်းပညာများ ကျင့်သုံးလာစေရန်နှင့် မျိုးစေ့လုံလောက်စွာဖြန့်ဖြူးပေး နိုင်ရန်ရည်ရွယ်၍ မှော်ဘီ(၂)မျိုးသန့်မျိုးပွားမျိုးစေ့ထုတ် ၁၂ ဧက စိုက်ပျိုးခြင်းကို ကျေးရွာအုပ်စုနှစ်စုတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စိုက်ပျိုးထားသောစိုက်ခင်းများအား စက်တင်ဘာ ၂၆ ရက်တွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦး၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေမြင့်၊ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းတို့က ကြီးကြပ်၍ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများက ဘော်ကြို ကျေးရွာအုပ်စု ဆားထွင်းကျေးရွာရှိ ကွင်းအမှတ် ၁၁၇ ဦးပိုင်အမှတ် (၁၇/၁) ရှိ တောင်သူ ဦးစိုင်းနန္ဒာ၏ စိုက်ခင်း၌ ကွင်းဆင်းကာ မျိုးကွဲနုတ်ပယ်ခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မန်တဲကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် မိုးစပါး GAP ၂၅ ဧကစံပြစိုက်ခင်း၌ တောင်သူများနှင့်အတူ မြေဩဇာကြေပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၆

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၊ ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီနှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၇ ရက်ည ၇နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းပွင့်

စစ်ကိုင်း စက်တင်ဘာ ၂၆

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဖွင့်လှစ်ပေးသည့် လက်ရက်ကန်း၊ စက်ရက်ကန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်းကို စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက စစ်ကိုင်းမြို့ ပါရမီရပ် ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သည်။

မုံရွာမြို့မှ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်း ကျောင်းအုပ်ကြီး ဒေါ်သိန်းဌေး၊ နည်းပြ ဒေါ်ခင်မြဆွေနှင့် ဒေါ်ဌေးဌေးရွှေတို့က စုစုပေါင်း သင်တန်းသူ ၅၀တို့အား စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်း
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးခေါ်ဝင်း၊ အေဝမ်းဇိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - ဓမလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဖိုးထောက်လင်း၊ မိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သိုက်သိမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးလေးမြင့်၊ ခင်စုစုလှိုင်း
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ရေယျာဝင်း(ဂျုံးဆွား)
အထူးသတင်းထောက် - ဆုနှင်းလွဲ၊ သီရိ

ပြည်တွင်းရေးရာ

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေ

နေပြည်တော် စက်တင်ဘာ ၂၆

တပ်မတော်အစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် နိုင်ငံ့အရေးကိစ္စအားလုံးတွင် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ယနေ့နိုင်ငံရေးစနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုအရ မိမိနှင့်သက်ဆိုင်သည့် အပိုင်းများတွင်သာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် တပ်မတော်တွင်ရှိပြီးဖြစ်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ပြည်သူက ယုံကြည်အားကိုးသည့် တပ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တန်ဖိုးရှိသည့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုဖြစ်စေလိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ဒီမိုကရေစီအရေးကိစ္စရပ်များ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လုပ်ဆောင်နေသည့်ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များသည်လည်း ဥပဒေနှင့်အညီ တည်တည်ငြိမ်ငြိမ်ရှိနေရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင်လည်းကောင်း၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရာတွင်လည်းကောင်း စည်းကမ်းတကျရှိစေရန် အရေးကြီးကြောင်း။

တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်ထိတွေ့ဆက်ဆံမှု၊ ပြောဆိုလုပ်ကိုင်မှုများ အမှားအယွင်းမရှိစေရန်၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားကိုလည်း အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးမလွဲမသွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူက ရွေးချယ်ပြီး တပ်မတော်မှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဟိုပုံးမြို့ ထမ်းဆန်းကျေးရွာမှ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြစဉ်။ (မြဝတီ)

လမ်းခင်းပေးခဲ့သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ လိုအပ်သလိုချီးမြှင့်မှုများပြုလုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် ဂုဏ်သိက္ခာရှိရှိဖြင့် ရှင်သန်ရပ်တည်လုပ်ဆောင် သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ကြီးမြို့ရှိ တပ်မတော်အခြေခံပညာကျောင်းအတွက် ကွန်ပျူတာများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်သည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကြသည်။ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များက ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ကျောက်တစ်လုံးကြီးမြို့များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ် မျက်စိခွဲစိတ်ကုသရန် လိုအပ်သဖြင့် တပ်မတော်ဆေးရုံတွင် တက်ရောက်ခွဲစိတ်ကုသမှုခံယူခဲ့သော ဒေသခံတိုင်းရင်းသားပြည်သူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားကာ မျက်မှန်များတပ်ဆင်ပေးကြသည်။

တောင်ကြီးတပ်နယ်ရှိ တပ်မတော်ဆေးရုံတွင် မျက်စိခွဲစိတ်ကုသရန် လိုအပ်သော ဒေသခံတိုင်းရင်းသားပြည်သူများကို ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့အထိ လူနာ ၄၀ ကို ခွဲစိတ်ကုသပေးပြီးဖြစ်ကြောင်းနှင့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များမှ မျက်စိခွဲစိတ်ကုသရန်လိုအပ်၍ ဆေးရုံသို့လွှဲပြောင်းပေးလာသည့် ဒေသခံတိုင်းရင်းသားများကိုလည်း ဆက်လက်ခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ဟိုပုံးမြို့ ထမ်းဆန်းကျေးရွာရှိ မေတ္တာခမ်းတန်ဓမ္မဗိမာန်သို့ ရောက်ရှိကြပြီး ဟိုပုံးကိုရင်လေး ရှင်ပေါရိသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဂ္ဂင်းနောက် ဓမ္မဗိမာန်အတွင်းရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး မိသားစုမှ လှူဒါန်းထားသော နှီးဘုရားကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကာ နောင်ခါးကျောင်းဆရာတော် ဦးဝိလာသဂ္ဂထံမှ ရေစက်ချတရား နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထမ်းဆန်းရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်တစ်လုံးကြီးမြို့သို့ရောက်ရှိကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောက်တစ်လုံးကြီးမြို့ရှိ ပထမနိမ္မိတသပိတ်မြတ်စေတီသို့ ရောက်ရှိ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဂ္ဂင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်နာယက ဦးအောင်ခမ်းထီနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးနှင့်နယ်မြေဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဆွေးနွေးပြောကြားကြသည်။

စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းလေဆိပ်များကို အဆင့်မြှင့်တင်မှုများဆောင်ရွက်ကာ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ တိုးတက်မြင့်မားလာသည်နှင့်အမျှ ပြည်တွင်းရှိလေဆိပ်များကိုလည်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ကာ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဟံသာဝတီလေဆိပ်သစ်ကြီး တည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အလားတူ ခရီးသွားကဏ္ဍ တိုးမြင့်လာသည်နှင့်အမျှ ပြည်တွင်းလေဆိပ်များကိုလည်း အဆင့်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ လေယာဉ်ကွင်းပေါင်း ၆၉ ကွင်း ရှိပါတယ်။ ၃၃ ကွင်းကတော့ Operational ဖြစ်ပြီး အဲဒီမှာ သုံးကွင်းကတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာကွင်းကြီးတွေ ဖြစ်ပါတယ်။ ကျန်တဲ့ ၃၀ က ပြည်တွင်းတွေ ဖြစ်ပါတယ်။ အဲဒီကျန်တဲ့ ၃၀ ကိုလည်း PPP(Public-Private-Partnership) စနစ်နဲ့ဆောင်ရွက်ခွင့်ပေးပါမယ်။ ဒီအတွက်လည်း စိတ်ဝင်စားမှုတွေကိုဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာလေဆိပ် ဆောင်ရွက်မှုတွေပြီးရင် ပြည်တွင်းလေဆိပ်တွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်-ပူးတွဲ) ဦးမင်းလွင်က ပြောသည်။

ယင်းသို့ ပြည်တွင်းလေဆိပ်များကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အဆင့်(၃) ဆင့်ဖြင့် ဆောင်ရွက်သွားရန် လျာထားပြီး ပထမအဆင့်အနေဖြင့် ပြည်တွင်းလေဆိပ်ငါးခု သို့မဟုတ် ခြောက်ခုခန့်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်နှင့် တတိယအဆင့်အလိုက် ခရီးသွားများ၏ အချက်အချာကျသော ပြည်တွင်းလေဆိပ်များကို ဦးစားပေးအဆင့်များအတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

လက်ရှိတွင် နိုင်ငံခြားသား ခရီးသွားလာမှု တိုးတက်မြင့်မားလာသည့်အပြင် ပြည်တွင်းခရီးသွားကဏ္ဍတွင်လည်း တိုးတက်မြင့်မားလာမှုများရှိရာ ပြည်တွင်းလေဆိပ်များအနေဖြင့် အရေးပါလာခဲ့ပြီး အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း၊ ဝန်ဆောင်မှုများ ကောင်းမွန်ရန်လိုအပ်ခြင်းများရှိရာ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအပြင် ပြည်ပမှလည်း ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုများရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၁၃ ခုနှစ်ကတည်းက စိတ်ဝင်စားမှုလျှောက်လွှာခေါ်ခဲ့တယ်။ တော်တော်များများ လာတင်ကြပါတယ်။ စိတ်ဝင်စားမှုလျှောက်လွှာတင်မယ်လို့ ထင်မထားတဲ့ နယ်လေဆိပ်လေးတွေကိုပါ လုပ်ကိုင်လိုတဲ့သူတွေရှိပါတယ်။ ဟဲဟိုးကွင်းဆိုရင် စိတ်ဝင်စားမှု အများဆုံး၊ ပုဂံညောင်ဦးကွင်းတို့ဆိုရင် စိတ်ဝင်စားတဲ့ကုမ္ပဏီပေါင်း ၄၀ လောက်ရှိတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကို သေချာစိစစ်ပြီးတော့ စနစ်တကျ ဆောင်ရွက်ခွင့်ပေးဖို့ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့က နောက်ပိုင်းမှာ Regulator အနေနဲ့ပဲ လုပ်ဆောင်သွားဖို့ရှိတယ်။ လေဆိပ်တွေအနေနဲ့ကတော့ Service Provider အပိုင်းပါ။ ယခင်က အနေအထားအရ Service Provider ကိုလည်း ကျွန်တော်တို့ပဲ၊ Regulator အနေနဲ့လည်း ကျွန်တော်တို့ပဲ ဖြစ်ခဲ့တယ်။ အခုဆိုရင် ဒီနှစ်ပိုင်းကို သီးခြားစီခွဲဖို့ပါ။ ရန်ကုန်လေဆိပ်နဲ့ မန္တလေးလေဆိပ် ဒီအတိုင်းဖြစ်သွားပြီ။ အပြည်ပြည်ဆိုင်ရာတွေကို ဒီလိုဆောင်ရွက်ပြီးရင် ပြည်တွင်းလေဆိပ်တွေကိုလည်း ဆက်လက်ဆောင်ရွက်သွားဖို့ စီမံကိန်းရှိပါတယ်"ဟု ဦးမင်းလွင်က ပြောသည်။ **(ဝဝ၁)**

❖ရွှေဖုံးမှ

အဆိုပါမိုးကာတဲအသစ်လဲလှယ်ဆောက်လုပ်ခြင်းအားစစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ဇော်ဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးတပ်နယ်မှ အရာရှိစစ်သည်များနှင့် မြို့နယ် ဒေသခံတာဝန်ရှိသူတို့ ဦးဆောင်ကာ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုရွာထဲမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ပေးတဲ့အဖွဲ့တွေကနုန်းတွေ၊ သဲတွေကိုရှင်းလင်းပေးနေပေမယ့် ပြန်ဖို့အဆင်မပြေကြသေးတော့ ပြောင်းရွှေ့ဖို့နေရာသတ်မှတ်ပေးခဲ့ပြီး အခုလိုယာယီရွက်ဖျင်တဲလေးတွေ အသစ်ဆောက်လုပ်ပေးတာပါ။ အဲဒီအတွက် ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရပါဘူး။ လုပ်အားနဲ့ပဲ ဝိုင်းဝန်းကူညီရတာဆိုတော့ ကူညီစီမံပေးတဲ့ တာဝန်ရှိသူတွေကိုအထူးကျေးဇူးတင်ပါတယ်"ဟုရေလဲဦးကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့နယ် ကံပုလဲကျေးရွာအုပ်စု ရေလဲဦးကျေးရွာနှင့် ပေါက်ခုံကျေးရွာသည် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့ရသည့်အတွက် ဘေးလွတ်ရာဖြစ်သည့် ချင်းဆိုင်ကျေးရွာအနီး ကလေး-ဂန့်ဂေါလမ်းမဘေးတွင် ယာယီတဲများ ဆောက်လုပ်နေထိုင်ခဲ့ကြခြင်းဖြစ်ပြီး ရေများပြန်လည်ကျဆင်းသွားခဲ့သော်လည်း နုန်းများ၊ သဲများတင်ကျန်ခဲ့သည့် အတွက် ကျေးရွာများသို့ပြန်ရန် အခက်အခဲကြုံနေဆဲဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**

❂ ကျေးလက်ဒေသမှ

UNOPS သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ သန်း လှူဒါန်းခဲ့သဖြင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ဆွီဒင်၊ ဆွစ်ဇာလန်၊ယူကေ၊အမေရိကန်ပြည်ထောင်စု အစရှိသောနိုင်ငံများနှင့်အတူ **LIFT** ၏ အလှူရှင်နိုင်ငံ တစ်နိုင်ငံဖြစ်သွားခဲ့ပြီဖြစ်သည်။

လူဇင်ဘတ် ယာယီသံရုံးတာဝန်ခံ မစ္စတာဂျန့်ဂျင်က မိမိတို့လှူဒါန်းသောငွေကြေးများသည် ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများ၏စားဝတ်နေရေးမြှင့်တင်မှုစီမံကိန်းအပေါ် အကျိုးသက်ရောက်မှုရှိမှာဖြစ်ကြောင်း၊ အလှူရှင်များပြားလာသည့် **LIFT**သည် မြန်မာနိုင်ငံရှိပြည်သူသုံးသန်းကျော်ကို ကူညီပံ့ပိုးပေးခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ ပြည်သူတစ်သန်းကျော်၏ စားနပ်ရိက္ခာ ဖူလုံမှုနှင့် ကျေးလက်နေမိသားစုဝင် နှစ်သိန်းကျော်အတွက်လည်း ချေးငွေများပံ့ပိုးပေးခဲ့ကြောင်း ပြောကြားသည်။ **(ဂျီအင်န်အယ်လ်အမ်)**

နှစ်သန်းရာချီသက်တမ်းရှိ အင်းဆက်ပိုးမွှား ကျောက်ဖြစ်ရုပ်ကြွင်းများ တရုတ်နိုင်ငံ၌ ခင်းကျင်းပြသထား

ချန်တု စက်တင်ဘာ ၂၆

ရှားပါးအင်းဆက်ပိုးမွှားကျောက်ဖြစ်ရုပ်ကြွင်းများ ပြပွဲတစ်ရပ်ကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းစီ ချွမ်ပြည်နယ် ချန်တုမြို့တော်၌ ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းအရသိရသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းအင်းဆက်ပိုးမွှား ပြတိုက်မှပြသသည့် အဆိုပါတစ်လကြာပြပွဲတွင် သက်တမ်းအကြာမြင့်ဆုံးပုရွက်ဆိတ်များ၊ ပုစဉ်းမွှား၊ ပိုးတောင်မာကောင်များနှင့် ပျားကောင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ပြသမည်ဖြစ်ပြီး ၎င်းတို့အနက်အများစုမှာနှစ်သန်းရာချီကြာမြင့်ပြီဖြစ်သည်။

"အင်းဆက်ပိုးမွှားကျောက်ဖြစ်ရုပ်ကြွင်းရှားပါးမှုအကြောင်းရင်းမှာ သူတို့ရဲ့ခန္ဓာကိုယ်ကိုဖုံးအုပ်ထားတဲ့ ပြင်ပအခွံတွေကိုကောင်းကောင်းမထိန်းသိမ်းလို့ပါ" ဟု ပြတိုက်မှူး ကျောင်လီကပြောကြားသည်။ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသောအင်းဆက်ပိုးမွှားအချို့မှာ ၎င်းတို့မှဆင်းသက်လာသည့် လက်ရှိအင်းဆက်ပိုးမွှားများနှင့် လုံးဝတူညီမှုမရှိသော်လည်း အချို့မှာတူညီကြောင်း ၎င်းကဆိုသည်။ ပြပွဲရှိအဖိုးတန်ဆုံးသော ကျောက်ဖြစ်ရုပ်ကြွင်းမျိုးစိတ်နမူနာမှာ အမေဇုန်မိုးသစ်တောအတွင်း အမေရိကန်ရှေ့ဟောင်းသုတေသနပညာရှင်များတွေ့ရှိခဲ့သည့် ပုရွက်ဆိတ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းထက် နှစ်သန်း ၄၅ နှစ်ဝန်းကျင် ပိုမိုကြာမြင့်နေပြီဖြစ်သော နှစ်သန်း ၁၆၅ နှစ်ရှိပြီဟု ယုံကြည်ရသည့် ပုရွက်ဆိတ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်။ အဆိုပါကောင်းမွန်စွာထိန်းသိမ်းထားသောကျောက်ဖြစ်ရုပ်ကြွင်းကို အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနင်ချန်းစီရင်စုရှိထုံးကျောက်မီးတောင်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အာရှတိုက်တွင် အကြီးမားဆုံးအင်းဆက်ပိုးမွှားပြတိုက်ဖြစ်သောအနောက်တရုတ်အင်းဆက်ပိုးမွှားပြတိုက်တွင် နိုင်ငံပေါင်း ၄၀ ကျော်မှ စုဆောင်းထားသည့် အင်းဆက်ပိုးမွှားနမူနာပေါင်း ၄၀၀၀၀၀ ကျော်ရှိသည်။ ဆင်ဟွာ။

ဂျပန်အားကစားဝန်ကြီး ရာထူးမှနုတ်ထွက်စာတင်သွင်း

တိုကျို စက်တင်ဘာ ၂၆

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ၂၀၂၀ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် အားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်ရခြင်းနှင့် ပတ်သက်၍ အားကစားဝန်ကြီးဟာကူဘန်ရှိမိုမူရာသည် ရာထူးမှနုတ်ထွက်စာ တင်သွင်းလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တိုကျို ၂၀၂၀ အိုလံပစ်အားကစားပွဲတော်၏ အဓိကအကျဆုံးအားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရေး စရိတ်စက အလွန်အမင်းကြီးမြင့်နေမှုနှင့် ပတ်သက်၍ ကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ရှိမိုမူရာ ရာထူးမှ နုတ်ထွက်ခြင်းဖြစ်သည်။ ၎င်းသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ မဟာမိတ်တစ်ဦးလည်း ဖြစ်သည်။

အမျိုးသားအားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ လူအများအပြားကို မိမိဒုက္ခပေးမိခဲ့ကြောင်း၊ လာမည့်လတွင် ဝန်ကြီးအဖွဲ့ ရာထူးနေရာအပြောင်းအလဲပြုလုပ်ချိန်အထိ လက်ရှိရာထူးတွင် ဆက်လက် တာဝန်ယူရန် ဝန်ကြီးချုပ် အာဘေးက မိမိအား ပြောကြားခဲ့ပြီး မိမိ၏ နုတ်ထွက်စာကို ၎င်းက စိတ်မပါဘဲ လက်ခံခဲ့ကြောင်း ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီး ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ရှိမိုမူရာက ပြောကြားသည်။

ရှိမိုမူရာသည် အားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ နောင်တရမိသည်ဟု ဆိုပြီး ၎င်း၏ စက်တင်ဘာလအထိဖြစ်သော ခြောက်လတာကာလအတွက် ရရှိသည့် လစာငွေများ၏ ထက်ဝက်ကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမည်ဟု ဆိုသည်။

၂၀၂၀ အိုလံပစ် အားကစားပွဲတော်အတွက် အားကစားပြိုင်ပွဲရုံသစ်ကို ဗြိတိန်နိုင်ငံ အခြေစိုက် ဇာဟာဟာဒစ်ဗီဘုကာ ကုမ္ပဏီက ဒီဇိုင်းပုံစံ ရေးဆွဲပေးခဲ့ပြီး တည်ဆောက်မှုစရိတ် ဒေါ်လာ နှစ်ဘီလီယံအထိ ကျခံသုံးစွဲရန် လိုအပ်သည်။ ယင်းငွေကြေးပမာဏမှာ အားကစားပြိုင်ပွဲရုံသစ်အတွက် ကျခံသုံးစွဲရန် ကနဦးလျာထားချက်ထက် နှစ်ဆနီးပါးမျှ ပိုမိုများပြားခဲ့ပြီး ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရိုက်တာ။

ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ချမှတ်

နယူးယောက် စက်တင်ဘာ ၂၆

ကမ္ဘာ့နိုင်ငံခေါင်းဆောင် ၁၃၀ တို့က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသည့် ကုလသမဂ္ဂထိပ်သီးအစည်းအဝေးပွဲတွင် ၂၀၃၀ ခုနှစ်မတိုင်မီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို တညီတညွတ်တည်း ထောက်ခံခဲ့ကြကြောင်း သတင်းများအရသိရသည်။

ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ပါကစ္စတန်မိန်းကလေးများ၏ ပညာသင်ကြားခွင့်ရရှိရေးတက်ကြွလှုပ်ရှားသူ မာလာလာယူဆွတ်ဇိုင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ လူတိုင်း ပညာသင်ကြားခွင့်ရရှိရမည်ဟု ၎င်းက မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၁၇ ချက်ကို အစည်းအဝေး တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များက အတည်ပြုထောက်ခံခဲ့ကြသည်။ ယင်းရည်မှန်းချက်များတွင် ဆင်းရဲမှုပပျောက်ရေး၊ အမျိုးသမီးများတန်းတူအခွင့်အရေးရရှိရေးနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေးစသည်တို့ပါဝင်သည်။ ဆင်းရဲမှုပပျောက်ရေးကို နောင် ၁၅ နှစ်အတွင်း အပြီးတိုင်တိုက်ဖျက်မည်ဟု ဆိုသော်လည်း ကမ္ဘာတစ်ဝန်းတွင် တစ်ရက်လုပ်အားခ အမေရိကန်ဒေါ်လာတစ်ဒေါ်လာဝန်းကျင်လောက်သာရရှိသည့် ပြည်သူပေါင်း သန်း ၈၀၀ ကျော် ယခုအချိန်ထိတိုင် ရှိနေသေးကြောင်းသိရသည်။

အဆိုပါ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များသည် ၂၀၀၀ ခုနှစ်က ချမှတ်ခဲ့သော ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ၏ နောက်ဆက်တွဲ ရည်မှန်းချက်များ ဖြစ်သည်။

အင်နံအိတ်ချ်ကေ။

ပျောက်ဆုံးတရုတ်တိုင်ပေလေ့ကျင့်ရေးလေယာဉ် အပျက်အစီးများနှင့် လေယာဉ်မှူးအလောင်းများတွေ့ရှိ

တရုတ်တိုင်ပေ စက်တင်ဘာ ၂၆

ပျံသန်းလေ့ကျင့်မှုပြုလုပ်နေစဉ် ပျောက်ဆုံးသွားသော စစ်ဘက်လေ့ကျင့်ရေး လေယာဉ်တစ်စင်း၏ အပျက်အစီးများကိုလေယာဉ်အမှုထမ်းများ၏ အလောင်းများနှင့်အတူ တွေ့ရှိပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

AT-3 ဂျက်လေယာဉ်အပျက်အစီးများကို ရေဒါမှ ပျောက်ကွယ်သွားသည့် နေရာ၏ အနောက်မြောက်ဘက် သုံးကီလိုမီတာအကွာအဝေးရှိ နန်တောင်စီရင်စုမာဘိုလာစီ တောင်ပေါ်တွင် ယနေ့နံနက် ၅ နာရီခွဲဝန်းကျင်က တွေ့ရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာနကဆိုသည်။ တွေ့ရှိခဲ့သော အလောင်းနှစ်လောင်းမှာလေယာဉ်မှူးနှစ်ဦး၏ အလောင်းများဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက နောက်ပိုင်းအတည်ပြုခဲ့သည်။ တရုတ်တိုင်ပေလေတပ်အကယ်ဒမီမှ ယင်း AT-3 လေ့ကျင့်ရေးဂျက်လေယာဉ်မှာ စက်တင်ဘာ ၂၂ ရက်က ပျံသန်းပြီး နာရီဝက်အကြာတွင် ရေဒါမှပျောက်ကွယ်သွားခြင်းဖြစ်သည်။ တရုတ်တိုင်ပေလေတပ်အကယ်ဒမီက လေ့ကျင့်မှုအတွက် အသုံးပြုခဲ့သော AT-3 လေ့ကျင့်ရေးဂျက်လေယာဉ်မှာ စတင်အသုံးပြုခဲ့သည့် ၁၉၈၄ ခုနှစ်ကစပြီး စက်တင်ဘာ ၂၂ ရက်က ပျက်ကျမှုအပါအဝင် မတော်တဆဖြစ်ရပ် ၁၄ ကြိမ် ဖြစ်ပွားပြီးဖြစ်သည်။

အဆိုပါလေယာဉ်မှာ နိုင်ငံပိုင် Aerospace Industrial Development Corp မှ ပူးတွဲထုတ်လုပ်သည့် စစ်ဘက်သုံးလေယာဉ်များအနက် တစ်မျိုးဖြစ်သည်။ AT-3 လေ့ကျင့်ရေးလေယာဉ်များကို ၁၅ နှစ်ကြာ အသုံးပြုရန် ယူဆထားသော်လည်း လာမည့်နှစ်အထိ ၎င်းလေယာဉ်များအသုံးပြုမှုသက်တမ်းတိုးရန် သက်တမ်းတိုးရေးအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ AT-3 လေယာဉ်အားလုံးအသုံးပြုမှုရပ်ဆိုင်းရန်နှင့် လေယာဉ်သစ်များအစားထိုးရန် စီစဉ်နေကြောင်း လေတပ်ကဆိုသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ယင်းအစီအစဉ်ကိုထောက်ခံကြောင်း၊ လေယာဉ်သစ်များ ဝယ်ယူရေးအတွက် ရန်ပုံငွေများ ကြိုတင်လျာထားရန် စီစဉ်နေကြောင်း ပြောကြားသည်။

ကျိုဒိုနယူးစ် ။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် မြေငလျင်လှုပ်၊ အိမ် ၂၀၀ ပျက်စီးပြီး လူ ၆၀၀ ကျော် ထိခိုက်ဒဏ်ရာရ

ဂျကာတာ စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၅ ရက် အစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်း၌ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူနေအိမ်အလုံး ၂၀၀ ခန့် ပျက်စီးသွားပြီး လူ ၆၂၂ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယင်းတို့အထဲမှ ၁၇ ဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

ပြင်းအားမဂ္ဂနီကျူ ၆ ဒသမ ၆ အဆင့်ရှိသည့် အဆိုပါမြေငလျင်သည် အနောက်ပါပူအာပြည်နယ်တွင် စက်တင်ဘာ ၂၅ ရက် ဒေသစံတော် နံနက် ၁၂ နာရီ ၅၃ မိနစ်တွင် လှုပ်ရှားသွားခြင်းဖြစ်သည်ဟု အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် မြို့တော် ဂျကာတာ၏ အရှေ့ဘက် ကီလိုမီတာ ၄၂၀၀ အကွာရှိ ပါပူအာပြည်နယ် မြောက်ဘက်ကမ်းလွန်တွင် လှုပ်ရှားခြင်းဖြစ်ပြီး ယင်းပြည်နယ်ရှိမြို့တော်ဆိုရောင်းမြို့၏ မြောက်ဘက် ၂၈ ကီလိုမီတာအကွာ ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက် အနက် ၂၈ ကီလိုမီတာအနက်တွင် ဗဟိုပြုလှုပ်ရှားခြင်းဖြစ်သည်။ ရိုက်တာ။

ပြည်တွင်းရေးရာ

၂၀၁၅ ခုနှစ်အလွန် ဗုံ့ဖြိုးမှုအစီအစဉ် အတည်ပြုရေးအတွက် ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးအား ထောက်ခံမှုပေးရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၆

အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက နယူးယောက်မြို့အခြေစိုက် နိုင်ငံခြားဆက်ဆံရေးကောင်စီနှင့် ယင်းအဖွဲ့အစည်း၏ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံမှုတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဆက်ဆံရေး၊ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲဆိုင်ရာကိစ္စ၊ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအပါအဝင် ဥပဒေများပြဋ္ဌာန်းမှုကိစ္စ၊ မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလားအလာ စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား သွားရောက်တွေ့ဆုံသည်။ **(ဝဲဂို)** ထိုသို့တွေ့ဆုံစဉ် ရွှေကောက်ပွဲအတွင်း မဲပေးခွင့်ကိစ္စ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကိစ္စ၊ ရွှေ့ပြောင်းသွားလာသူများကိစ္စ၊ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ် အတည်ပြုရေးအတွက် ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးအား ထောက်ခံမှုပေးရေး စသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး စစ်ဆေး

ငါးသိုင်းချောင်း စက်တင်ဘာ ၂၆

ရောဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးထွန်းကျော်တို့ ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၂၄ ရက်က ငါးသိုင်းချောင်းမြို့ အထက်ကျောင်းမုန့်ဈေးတန်းဆိုင်ခန်းများသို့ ရောက်ရှိခဲ့ပြီး အစားအစာများ မုန့်ပဲသရေစာများရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် အသိပညာပေး ဟောပြောရာ ဒေါက်တာမျိုးထွန်းကျော်က စားသုံးသူအကာအကွယ်ပေးရေးအတွက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံး (FDA)ရုံး ဓာတ်ခွဲခန်းတွင် အစားအစာများ လာရောက်စစ်ဆေးနိုင်ပြီဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၊ စားသုံးသူ မိဘပြည်သူများအနေဖြင့် အာဟာရပြည့်ဝ၍ သန့်ရှင်းသော အစားအစာများကို ရွေးချယ်စားသုံးတတ်သော အလေ့အထခိုင်မာစွာတည်ဆောက်ရန် အထူးလိုအပ်လျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများနှင့် ဈေးများတွင် ဆက်လက် စစ်ဆေးဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ပြောကြားသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲတွင် သင်တန်းပေးခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများအား မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ဟောပြောဖြန့်ဝေခဲ့သည်။

စိုးမင်းဦး(ပြန်/ဆက်)

စားသုံးသူအကာအကွယ်ပေးရေး သန့်ရှင်းသော အစားအစာရောင်းချပေး

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေညီလာခံကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Novotel ဟိုတယ်၌ ကျင်းပခဲ့ပြီး ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ကို အသစ်ဖွဲ့စည်းခဲ့သည်။

၂၀၀၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ဦးဇော်ဇော်မှာ တစ်ဦးတည်းသောကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့ပြီး အခြားယှဉ်ပြိုင်မည့်သူ မရှိသောကြောင့် ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်တင်မြှောက်ခံရသည်။ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညီလာခံ၏ တရားဝင်မှတ်တမ်းများကို စစ်ဆေးမည့်အဖွဲ့၊ ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းကြီးကြပ်ရန်အဖွဲ့တို့ကို ဖွဲ့စည်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးသန်းဇော်က ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များအား ရွေးချယ်တင်မြှောက်ကာ ဥက္ကဋ္ဌဦးဇော်ဇော်က ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၁၅-၂၀၁၉ ခုနှစ်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာ နာယကအဖြစ် ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံ)နှင့် ဦးပြည့်ဖြိုးတေဇ (ရန်ကုန်ယူနိုက်တက်)၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်အောင်တို့ရွေးချယ်ခံရသည်။ အမှုဆောင်များဖွဲ့စည်းရာတွင် အထက်မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ဦးစိန်ဝင်းကြီး (မန္တလေးတိုင်းဒေသကြီး)၊ ဦးခင်မောင်သန်း (ရှမ်းပြည်နယ်)၊ အောက်မြန်မာပြည် ကိုယ်စားလှယ်များအဖြစ် ဦးကျော်မင်းအောင် (မွန်ပြည်နယ်)နှင့် ဦးဇော်ဝင်းကြီး (ပဲခူးတိုင်းဒေသကြီး)၊ ကော်မတီအလိုက် ကိုယ်စားလှယ်များအဖြစ် ဦးဝင်းချို (ဒိုင်လူကြီးကော်မတီ)၊ ဦးရဲညွှန့် (ဘောလုံးသမားများကော်မတီ)၊ ဦးကြည်မင်းသိန်း(ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ)၊ ဦးဉာဏ်ဝင်း(နည်းပြဆရာများကော်မတီ)၊ ကလပ်အသင်းများကိုယ်စားလှယ်များအဖြစ် ဦးလှဌေး (ဇွဲကပင်)၊ ဦးမိုးဆန်းအောင် (ကမ္ဘောဇ)၊ ဦးမင်းလှိုင်(ဧရာဝတီ)၊ ဝန်ကြီးဌာန ကိုယ်စားလှယ်များအဖြစ် ဦးကျော်ဆန်း (အားကစား)၊ ဦးမျိုးသိန်း(ပညာရေး)၊ ဦးအေးကိုကို(ကျန်းမာရေး)တို့ ပါဝင်ကြသည်။

ယခုညီလာခံတွင် အမျိုးသမီးဆီမီးပရိုလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်၌ ကျင်းပမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပြီး အသင်းရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အသစ်ဖွဲ့စည်း

ပန်းဆိုးတန်း လူကူးခုံးကျော်တံတားဝန်းကျင် စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်း၊ ယာဉ်ရပ်နားခြင်းများ မြင်တွေ့နေရ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်မြို့ ကမ်းနားလမ်းကွန်ကရစ်လမ်းမသစ်နှင့် လမ်းဟောင်းတို့ကို ဖြတ်ကျော်တည်ဆောက်ထားသော စက်လှေကားပါ လူကူးခုံးကျော်တံတားရှိနေသော်လည်း လမ်းသွားလမ်းလာအချို့ ကားလမ်းမများပေါ် ဖြတ်သန်းသွားလာနေခြင်း၊ အဆိုပါလမ်းနှစ်လမ်းကြား ဒလကူးတို့ သဘော်ဆိပ် ဝင်ပေါက်အဝရှိ ယာဉ်မရပ်ရ မျဉ်းဝါကျားကွက်အတွင်း အငှားယာဉ်အချို့ ခုံးကျော်တံတားပေါ်မှ ဆင်းလာမည့် ခရီးသည်များစောင့်ဆိုင်းခြင်း၊ ရပ်စောင့်ခြင်းများကို စက်တင်ဘာ ၂၅ ရက် သောကြာနေ့ ရုံးပိတ်ရက်မှာပင် မြင်တွေ့နေရသည်။

(မောင်စေအောင်)

တောဆင်ရိုင်းအုပ်ကပြောသော နိမိတ်

ပြားနှင့်ဂနိုင်၊ မြိုင်နှင့် ရဂုံ၊ စုံနှင့်ဟေမာ၊ ဟေဝန်ဟေမဝါ၊ ရိပ်သာဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏ဟု တောအမျိုးမျိုးနှင့် အခေါ်အဝေါ်အမျိုးမျိုးကို ရှေးပညာရှိတစ်ဦး ရေးဖွဲ့ခဲ့ပါသည်။ စာရေးသူနေထိုင်ရာ တောင်တွင်းကြီးမြို့နှင့် ပျဉ်းမနားမြို့ကြားရှိ ပဲခူးရိုးမတောကြီးကား နေပြောက်မထိုးလောက်အောင်ပင် မှိုင်းညို့အုပ်ဆိုင်းနေသည့် မြိုင်တောအမျိုးအစား ဟေဝန်တောကြီးဖြစ်ခဲ့ပါ၏။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ တမလန်း စသော အဖိုးတန်သစ်များ အပါအဝင် သစ်မျိုးစုံတို့ ပေါက်ရောက်နေသည့် ရတုံတောကြီးမှာ မြောက်ဘက်တွင် မြို့သစ်၊ နတ်မောက်မြို့နယ်များနှင့် ဆက်စပ်လျက်ရှိပြီး တောင်ဘက်တွင် ဆင်ပေါင်ဝဲ၊ အောင်လံမြို့နယ်များနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် ပဲခူး ရိုးမတောကြီးဖြစ်ပါသည်။

ထိုတောကြီးအတွင်းတွင် ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်၊ တောဝက်၊ ကျား၊ ကျားသစ်၊ ဝက်ဝံတို့နှင့် တောပျော်သတ္တဝါအမျိုးမျိုးတို့ မှီခိုနေထိုင်ကြလျက်ရှိရာ တောင်တွင်းကြီးမြို့သစ်ထုတ်လုပ်ရေးမှ အပေါင်းအသင်းများနှင့် စာရေးသူ တောထဲသို့ရောက်တိုင်း စုံတောမြိုင်သီချင်းကို သတိရမိပါသည်။ သဘာဝရေမြေတောတောင်တို့၏အလှအပကို ချစ်တတ်သူဖြစ်၍ မကြာခဏ ရိုးမတောထဲသို့ရောက်ခဲ့ပါသည်။

အိမ်ထောင်သည်ဘဝနှင့် စီးပွားရေးတစ်ဖက်၊ အိမ်ထောင့်တာဝန်တစ်ဖက်တို့နှင့် မအားလပ်၍ တောတောင်စုံမြိုင်တို့နှင့် ဝေးနေခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာခဲ့ပါပြီ။ စိုက်ပျိုးရေးကို ဝါသနာပါပြီး နှစ်ရှည်ပင်ဖြစ်သော လျှော်ဖြူပင်စိုက်ရန် စိတ်ဝင်စားခဲ့ပါသည်။ ပဲခူးရိုးမတောထဲတွင် လျှော်ဖြူပင်များစွာကို တွေ့ဖူးခဲ့၍ မျိုးစေ့စုဆောင်းပြီး စိုက်ရန်ရည်ရွယ်ခဲ့ပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က တောင်တွင်းကြီး-ပျဉ်းမနား မူလကားလမ်းပေါ်ရှိ ဝံအော်ကြီးစခန်းဘက်သို့ သွားခဲ့ရာ လမ်းဘေးဝဲ၊ယာတွင် အပြောင်ရှင်းကွက်များ၊ စိုက်ခင်းများသာအတွေ့များပြီး လျှော်ဖြူပင်မှာ မရှိသလောက်ရှားပါးနေပြီဖြစ်၍ မျိုးစေ့မရခဲ့ပါ။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ဖျားဘက်မှ မိတ်ဆွေတစ်ယောက်နှင့်တွေ့၍ လျှော်ဖြူမျိုးမေးကြည့်ရာ ကိုးပင်ရွာနှင့် သာဂရမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်လမ်းဘေးတွင် လျှော်ဖြူပင်များပေါပြီး မျိုးရနိုင်ကြောင်း၊ သို့သော် တောဆင်ရိုင်းအုပ်များရှိ၍ သတိထားသွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်သို့ အလုပ်သွားလုပ်နေ၍ တောထဲမရောက်တာကြာပြီဖြစ်ကြောင်းနှင့် သွားချင်လျှင် လိုက်ပို့မည်ဟုပြောပါသည်။ ပြီးခဲ့သော နွေဦးပေါက် မျိုးစေ့ရနိုင်လောက်ခြိန်တွင် ဆိုင်ကယ်ဖြင့် သာဂရမြို့မဖြတ်လမ်းအတိုင်းလာခဲ့ရာ အင်တိုင်းဆန်ဆန်တောများအလွန်မြိုင်တောသို့အဝင် ဘန်းကုန်းစခန်းသို့ ရောက်ခဲ့ပါသည်။ စားသောက်ဆိုင်ကလေးများဖြင့် စည်စည်ကားကားပင်။ ထိုမှ ငါးမိုင်ခန့်ဆက်သွားခဲ့ရာ ဆင်ကြီးနှစ်ကောင်နှင့် ကားပေါ်သို့ သစ်များတင်နေသည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိပါသည်။ ဆင်များမှာ လွန်စွာလိမ္မာ၍ ဆင်ပေါ်တွင် ဆင်ဦးစီးမလိုဘဲ အောက်မှထိုင်ပြီး ပါးစပ်ဖြင့်ခိုင်းနေသည်ကို တွေ့ရ၏။ ဆင်နှစ်ကောင်က သစ်လုံးကြီးတစ်လုံးကို ညီတူညာတူမွေ့တင်ခြင်း၊ လိုသလိုပြင်ပေးခြင်းတို့ကို အသိဉာဏ်ရှိစွာဖြင့် အမှားအယွင်းမရှိ လုပ်ဆောင်နိုင်ကြပါသည်။

ထိုမြင်ကွင်းကို ထိုင်ကြည့်နေစဉ်မှာပင် တောတွင်း မလှမ်းမကမ်းဆီမှ စက်သံကြားနေရပြီး အသံမှာပိုကျယ်လာလိုက် တိမ်သွားလိုက်နှင့် ခဏအကြာတွင် ဝေါ်. . . ဝေါ်. . ဝေါ်. . . ဟု သစ်ပင်လဲပြိုသံကြားလိုက်ရပါသည်။ အခြားမလှမ်းမကမ်းရှိ တောတွင်းမှလည်း စက်သံကြားနေရပြီး မကြာလိုက် ဝေါ်. . . ဝေါ်. . ဝုန်း ဟု သစ်ပင်လဲပြိုသံကြားရပြန်ပါသည်။ ကျွန်တော်၏မိတ်ဆွေက ချိန်းဆောလွှစက်များဖြင့် သစ်လဲနေကြခြင်းဖြစ်ကြောင်း၊ မီးသွေးဖုတ်သူကပင် ချိန်းဆောများဖြင့် သစ်ပင်လဲခြင်း၊ ဖြတ်ပိုင်းခြင်းများ လုပ်ကြကြောင်း၊ တစ်တောလုံး၊ တစ်တောင်လုံး ချိန်းဆောစက်လွှများဖြင့်သာ အလုပ်လုပ်ကြကြောင်း ပြောပါသည်။ ထိုနေရာမှ ဆက်လက်ထွက်ခွာလာခဲ့ကြပြီး လေးမိုင်ခန့်အရောက် လျှော်ဖြူပင်ကြီးကြီးတစ်ပင်လမ်းဘေးတွင်တွေ့၍ ခေတ္တရပ်ပြီး ဆင်းကြည့်ရာ အပင်မှာမြင့်၍ အသီးမြင်သော်လည်း ခူးဆွတ်ရန်ခက်ပြီး အသီးကြွေလည်း ရှာမတွေ့၍ အရိပ်ကောင်းရာတွင် ထိုင်လိုက်ကြပါသည်။ ဟိုမှသည်မှ ချိန်းဆောစက်သံများနှင့် သစ်ပင်ပြိုသံများကို မကြာခဏကြားနေရပါသည်။ ကျွန်တော်မှ ဤပတ်ဝန်းကျင်တွင် တောဆင်များ တွေ့တတ်သည်ဆိုသောကြောင့် အခုရောရှိနိုင်သလားမေးကြည့်ရာ ဤမျှစက်သံ၊ သစ်ပင်လဲသံများနှင့် တောဆင်ဘယ်ရှိပါ့မလဲ၊ မရှိနိုင်ပါဘူးဟုပြောပါသည်။ ဤသို့ဆိုလျှင် နှစ်အနည်းငယ်အတွင်းမှာပင် တောင်ကတုံးများဖြစ်ရတော့မည်ဆိုသော အတွေးဖြင့် ပြန်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်းမှစ၍ နယ်လွန်လာသော တောဆင်ရိုင်းခြောက်ကောင်သတင်းကို စိတ်ဝင်စားဖွယ်ကြားသိခဲ့ရသည်။ မြန်မာနိုင်ငံရှိ အာရှဆင်မျိုးတို့၏ သဘာဝမှာ အာဖရိကဆင်များ၏ နေထိုင်မှုသဘာဝနှင့်မတူဘဲ အရိပ်အာဝါသကောင်းပြီး အစာရေစာပေါများရာ ဝါးတောနှင့်မြိုင်တောရောစပ်နေသည့် တောစိုများ၊ လျှိုမြောင်စိမ့်စမ်း ကောင်းရာများတွင်သာ နေထိုင်လေ့ရှိကြပြီး မူလသဘာဝနှင့်ခြားနားလှသော နတ်မောက်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်းဘက်သို့တိုင် ရောက်ရှိလာခြင်းမှာ မည်သို့သော အကြောင်းကြောင့် ဖြစ်ရပါသနည်း။ ငယ်စဉ်က ကြားဖူးသော ပုံပြင်လေးတစ်ပုဒ်ကို သတိရမိပါ၏။ ဟိမဝန္တာတောတွင် ခြင်္သေ့များအပါအဝင် တိရစ္ဆာန်မျိုးစုံတို့ နေထိုင်ကြရာ တစ်နေ့သောအခါတွင် တိရစ္ဆာန်အပေါင်းကို စုဝေးစေပြီး ကေသရာဇာခြင်္သေ့ကြီးက လူဆိုသော သတ္တဝါတို့သည် ကြောက်စရာကောင်းကြောင်း၊ အန္တရာယ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် တောပြောင်းသင့်ကြောင်းပြော၏။ ကျန်တိရစ္ဆာန်များက မိမိတို့၏ အစွယ်များ၊ ဦးချိုများ၊ လက်သည်းများဖြင့် အင်အားအသုံးပြုတိုက်ခိုက်လျှင်နိုင်မည်ဖြစ်၍ စိုးရိမ်ရန်မရှိကြောင်း၊ တောမပြောင်းနိုင်ကြောင်းပြောကြ၏။ ခြင်္သေ့ကြီးကမူ မလှမ်းမကမ်းတွင် မြင်နေရသော မြစ်ထဲမှ ရွှက်လှေကိုပြ၍ လူဆိုသောသတ္တဝါတို့သည် လွန်စွာဉာဏ်များပြီး လေကိုပင်ခိုင်းစားသည်ကို တွေ့ပါ၏လော။ ထို့ကြောင့် ကျွန်ုပ်တို့ ခြင်္သေ့များကတော့ ဟိမဝန္တာတောတွင် မနေတော့ဟုဆိုကာ တောပြောင်းသွားကြ၏။ ထို့ကြောင့်သာ ဟိမဝန္တာတောတွင် ခြင်္သေ့မရှိဟူသော ပုံပြင်တစ်ပုဒ်ကို မှတ်သားဖူးပါသည်။

ယခုလည်း မိမိတို့နေထိုင်ပျော်မွေ့ရာဖြစ်သော ဤတောဤမြိုင်တွင် ချိန်းဆောစက်သံ တည်ညံ၊ သစ်ပင်ကြီးများ တဝုန်းဝုန်းပြိုလဲသံတို့နှင့် နယ်ချဲ့လာသော လူသားတို့ကို တောဆင်ရိုင်းများ ကြောက်ရွံ့ထိတ်လန့်နေကြပေမည်။ ထိုအခြေအနေကြောင့်သာ မိမိတို့ပျော်မွေ့ရာ တောမြိုင်ကို စွန့်ခွာ၍ ခြေဦးတည့်ရာ ထွက်လာမိသော တောဆင်အုပ်မှာ နယ်လွန်လမ်းပျောက်၍ မှီခိုနေထိုင်စရာ တောဟေဝန်တစ်တောတွေ့လိမ့်နိုးဖြင့် ဦးတည်ရာမဲ့သွားနေခြင်းသာ ဖြစ်ပေမည်။

သစ်တောဌာန၏ ဆောင်ပုဒ်ဖြစ်သော ဥတုရာသီတောကိုမှီ၏၊ တောမဲ့မြေသား ရေတိုက်စား၏၊ တောတောင် ခြောက်ခန်း လယ်ယာနွမ်းလိမ့်---တဲ့ ---တောမဲ့မြေသားတို့ ရေတိုက်စားပို့ချလွယ်ပြီး ချောင်းကြီးများကောခဲ့ပြီး ဧရာဝတီအပါအဝင် မြစ်များလည်း သဲသောင်တို့ဖြင့် တိမ်ကောနေလေပြီ။ အကျိုးဆက်များအဖြစ် မိုးခေါင်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးကြီးသည့်အခါ တိမ်ကောနေသော မြစ်ချောင်းတို့ကြောင့် ရေကြီးရေလျှံမှုများဖြစ်ကာ ဒုက္ခအန္တရာယ်များစွာတို့ တွေ့ကြုံခံစားနေကြရသည်မှာ လက်တွေ့မျက်မြင်ပင် မဟုတ်ပါလား။

လူပယောဂကြောင့် ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို ဆန်းစစ်မည်ဆိုလျှင် တောင်ယာတိုးချဲ့ခြင်း၊ မီးသွေးဖုတ်ခြင်း၊ စည်းကမ်းမဲ့သစ်ထုတ်ခြင်း၊ သတ္တုတူးဖော်ခြင်း စသည်ဖြင့် အကြောင်းအရာများစွာထဲမှ လက်ရှိအခြေအနေတွင် အဓိကထိန်းချုပ်ရမည့် လက်သည်တရားခံကို ပြရသော် ဒုက္ခအန္တရာယ်တွင်းသို့ အမြန်ဆုံးတွန်းပို့နေသည့် ချိန်းဆောစက်လွှများပင်ဖြစ်သည်။ သက်တမ်းပြည့်၊လုံးပတ်ပြည့်အပင်များကိုသာ စနစ်တကျရွေးချယ်ခုတ်လှဲခြင်းမဟုတ်ဘဲ သစ်ပင်မှန်လျှင် ကြီးငယ်မရွေး သစ်မျိုးမရွေး နေ့ချင်းညချင်း ခုတ်လှဲပစ်နေသည့် ချိန်းဆောစက်လွှတို့ကို သက်ဆိုင်ရာမှ ထိထိရောက်ရောက် စီမံချက်ချ၍ တားဆီးနိုင်ရန် အထူးလိုအပ်နေပါပြီ။ တစ်တိုင်းပြည်လုံး အတိုင်းအတာတွင် ဤသို့သာ ထိရောက်သောအထိန်းအကွပ်မရှိ စည်းကမ်းမဲ့ပြုလုပ်နေကြမည်ဆိုပါက နောင်ဆယ်စုနှစ်အတွင်း ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ပြည်သူတစ်ရပ်လုံးကပါ အမြော်အမြင်အသိစိတ်ဖြင့် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်မှသာ အထိုက်အလျောက်ထိန်းချုပ်နိုင်ပေမည်။

ထိုသို့ မတားဆီးနိုင်ပါက မကြာသောကာလအတွင်း ဂေဟစနစ်များ ပျက်ယွင်းကာ နောက်ဆက်တွဲအန္တရာယ်ဆိုးကျိုးများစွာတို့ကို မလွဲမသွေတွေ့ကြုံကြရတော့မှာဖြစ်ကြောင်း တောဆင်ရိုင်းခြောက်ကောင်က နိမိတ်ပြခဲ့ပြီ မဟုတ်ပါလား။ ။

မြိုင်ကြီးပျော်(တောင်တွင်းကြီး)

စာပေပီမာန် စာပေဝဝန်၊ ကျေပွန်စွာထမ်း မမောတမ်း

- "အမှောင်ခွင်း၍ အလင်းဆောင်အံ့"
ခံထည်ဝင့်ကြွား၊ ဆောင်ပုဒ်အားဖြင့်
နားမျက်စိတွေ့၊ ပွင့်ပါစေဟု
မြန်ပြေ(ပြည်)ကောင်းကျိုး
စဉ်သယ်ပိုးသည်၊ မြတ်နိုးဖွယ်ရာ
"မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း". . .
တည်၏။

- တစ်ကိုးလေးခွန်၊ ရက်မွန်နှစ်ဆယ့်ခြောက်
သြဂုတ်ရောက်သော်၊ ထမြောက်အောင်မြင်
စတင်ဖွဲ့စည်း၊ အသင်းကြီးကား
မြန်ပြည်သားတို့၊ မချို့ပညာ
လင်းရောင်ဖြာ၍၊ ကမ္ဘာနှင့်အမီ
တိုးတက်စည်အောင်
ကြံဆောင်သယ်ပိုး၊ သူတန်ဖိုးတည်။

- ကောလိပ်ဂျပ်ဆင်၊ စတင်ဖွင့်လှစ်
ယာယီဖြစ်မှ၊ အသစ်တစ်ဖန်
ဆိုရန်တိုဗီ၊ ဆောက်အုံဆိုသို့
ဦးတည်ရွှေ့ရာ၊ ထိုချိန်ခါ၌
သညာနိမိတ်၊ စာပေဗိမာန်
ကုသိုလ်လျှံကဲ့၊ စာပေဇွဲဖြင့်
ပြည့်သည်းပမာ၊ လုပ်ကျွေးရှာသည်
စဉ်လာကောင်းမြတ်၊ သူဂုဏ်ဒြပ်တည်။

- ဆိုရန်တိုဗီ၊ ဆောက်အုံဆီမှ
ကုန်သည်လမ်းနှင့်၊ သင့်မြတ်သုံးခွန်
နေရာမွန်၌၊ ဝန်ကြီးချုပ်"နု"
အုတ်မြစ်ပြုရာ၊ ရတုခါမူ
ဇူနှစ်ဆယ့်ခြောက်၊ ကျရောက်ငါးသုံး
ဆိုထုံးမှတ်တမ်း၊ သူဇာတ်လမ်းတည်။

- ထို့နောက်တွင်ကား၊ ငါး. . . ငါးလုံးစု
ဇေယျတုတွင်၊ "ဦးနု"ကိုယ်တိုင်
ပြည့်မဏ္ဍိုင်ကို၊ ကြံခိုင်စေကြောင်း
သပြေလောင်းကာ၊ ဖွင့်လှစ်ပါသည်
စဉ်လာကြီးမား၊ သူစွမ်းအားတည့်။

- စာပေဗိမာန်၊ စာပေဝန်တာ
ကျေစွာရွက်ထမ်း၊ မမောတမ်းတည့်
စာတမ်းဖတ်ပွဲ၊ ဝဲ့ချီးကျင်းပ
ဟောပြောကြနှင့်၊ ယူဆနီးနှော
စာသဘောတို့၊ ပြည့်မနောတွင်
စိမ့်ဝင်စေလျက်၊ သက်ရွယ်မရွေး
စိတ်အစာကျွေးရန်၊ ရွှေသွေး, သုတ
မကထိုပြင်၊ စာစဉ်လက်စွဲ
အမြဲထုတ်လုပ်၊ နှစ်ချုပ်စွယ်စုံ
စာမျိုးစုံကို၊ ပုံမှန်ဝေဖြန့်
မြန်ပြေ(ပြည်)နှံ့ဆီ၊ သူစွမ်းရည်တည့်။

- နုနယ်ပျိုမျစ်၊ ကလောင်သစ်များ
"မွေးဖွားသန့်စင်၊ ရန့်လွင်စေ
စာပေစင်မြင့်၊ အသွင်တင့်စေ
မြင့်မြတ်ဆောင်ခွင့်၊ ကလောင်ဝင့်စေ"
ထောက်ခွင့်သာလွန်၊ စေတနာမွန်ဖြင့်
ထူးချွန်စာမူ၊ ရွေးချယ်ယူကာ
စာမူမှသည်၊ စာအုပ်ဆီသို့
စီမံထုတ်လုပ်၊ သူဂုဏ်ပုဒ်တည့်။

- အမျိုးသားစာပေ၊ စံမီဖွေရှာ
ပညာရှင်များ၊ လေးပါးဂတိ
မကင်ပြိဘဲ၊ ရရှိသင့်သူ
ဆုယူနိုင်ရေး၊ ရွေးချယ်ပေးသည်
လေးစားဖွယ်ရာ၊ သူ့သိက္ခာတည့်။

- "ဩော်" . . .
မြန်ပြည့်သည်းကျော်၊ ဗိမာန်တော်ကား
မွေးဖွားသည်မှ၊ ခုကာလတိုင်
ရွှေမျှမယိုင်၊ ပြည့်မဏ္ဍိုင်သို့
ကြံခိုင်လှစွာ၊ မြင့်မြတ်စွာလျှင်
စာပေ့တာဝန်၊ မြဲကျေပွန်သည်
မွန်မြတ်စဉ်လာ မပျက်တည်း။
ကမ္ဘာတည်သရွေ့ ခိုင်လိမ့်တည်း။ ။

မောင်မင်္ဂလာ

ဖိတ်ခေါ်ပါသည် ဒို့ဌာနေဆီ

ညောင်ရွှေ စက်တင်ဘာ ၂၆

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ သဘာဝတောင်ပေါ် ရေကန်ကြီးတစ်ခုဖြစ်ကာ ကန်အတွင်းတည်ထားသော အင်းလေးဖောင်တော်ဦးဘုရားသည် နိုင်ငံတကာခရီးသွားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးပြည်သူအများ စိတ်ဝင်တစားကြည်ညိုသဒ္ဓါပွား၍ လာရောက်ဖူးမြော်ကြသည့် ထင်ရှားသောဘုရားဖြစ်သည်။

အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်များ ဒေသစာရီကြွခဲ့ချီအပူဇော်ခံပွဲကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိ စော်ဘွားကြီးများလက်ထက်မှစကာ ယနေ့ကာလအထိ အပူဇော်ခံရာဌာန ၂၁ ဌာန ထားရှိအပူဇော်ခံခဲ့ပါသည်။

ထို့ကြောင့်ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူအများမှ ပုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမည့် ဌာနအလိုက် ရတနာစံကျောင်းတည်ဆောက်ကာ အမျိုးသားများက ဘုရားဆွေလှေကြီးများဖြင့် တက်ညီလက်ညီ လှော်ခတ်ပင့်ဆောင်ပူဇော်ပုံများ၊ ရုပ်ပွားတော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်ခြင်း၊ ရိုးရာအတီးအမှုတ်အကအခုန်များဖြင့် ဖျော်ဖြေခြင်း၊ အင်းလေးရိုးရာစည်တော်ကြီးအကနှင့် ရေယာဉ်ယိမ်းအကတို့ဖြင့် တီးမှုတ်ကပြခြင်း၊ ဘုရားပွဲတော်ကာလအတွင်း ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားများ၏ စုပေါင်းညီညာမှုသရုပ်ကိုပေါ်လွင်စေသည့် လှေကိုခြေဖြင့်လှော်ခတ်ပြီး ယှဉ်ပြိုင်သည့် ရိုးရာလှေပြိုင်ပွဲများကိုလည်း ရှုစားရင်းချစ်စဖွယ် အင်းသားလူမျိုးတို့၏ ဓလေ့များကို လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်လိုက်ပါရစေ။

ဝင်းမင်းသန်း(IPRD)

ပြည်တွင်းရေးရာ

နည်းပညာနှင့်သက်မွေးပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

နည်းပညာနှင့်သက်မွေးပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတု အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီက နည်းပညာနှင့် သက်မွေးပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာနှင့်သက်မွေးပညာကဏ္ဍသည် အဓိကအရေးကြီးကြောင်း၊ အမျိုးသားလူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဗီဇံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်မွေးပညာကျောင်းများ ယခုထက်ပိုမိုတည်ထောင်ဖွင့်လှစ်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်နိုင်ရေးနှင့် အဆိုပါကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေးတို့အတွက် ကာလတို၊ ကာလရှည်စီမံကိန်းများတွင် ထည့်သွင်းရေးဆွေးနွေးရေး၊ Training of Trainers Program များ ဆောင်ရွက်နိုင်ရေးအတွက် ပညာရှင်များ၏ အကြံဉာဏ်များကိုပါ ရယူဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အလွန်အရေးကြီးကြောင်း၊ ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်လုပ်သားများ အမြန်ဆုံး မွေးထုတ်ပေးရန် Result-Based Programs များ ရေးဆွဲဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအဆင့် ဦးတည်၍ အားလုံးတစုတစည်းတည်း ပေါင်းစပ်ဆောင်ရွက်နိုင်ရေး တက်ရောက်လာကြသူများက ဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးထင်အောင်၊ ဒေါက်တာအောင်ကျော်မြတ်၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာသန်းဦး၊ နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်နှင့် ဝန်ကြီးဌာနများမှ တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်ထားရှိသော ကျွမ်းကျင်သင်တန်းကျောင်းများ၊ စက်မှုလက်မှုကျောင်းများ၊ လုပ်ငန်းခွင်ပညာသင်ကျောင်းများတွင် ဆရာလို အပ်ချက်၊ သင်တန်းသားများကို လက်တွေ့သင်ကြားပေးနေမှု အခြေအနေများနှင့် ယခုထက် ပိုမိုထိရောက်စွာ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဌာနအလိုက် ဆွေးနွေးတင်ပြကြသည်။ **(ပညာရေး)**

✻ စပါးအသင်းမှ

နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၆၁ မိနစ်တွင် တိုက်စစ်မျှး ဟယ်ရီကိန်းက စပါးအသင်းအတွက် တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်း၏ ဂိုးသွင်းဘုရင်ဖြစ်ခဲ့သည့် ဟယ်ရီကိန်းအတွက် ဂိုးပေါက်ပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အဆိုပါ သွင်းဂိုးသည် စပါးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီပထမဆုံးသွင်းဂိုးလည်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းသည် အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှုအဆစီးရယူနိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၇၉ မိနစ်တွင် လာမယ်လာက တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် စပါးအသင်းကို ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း ဂိုးများဆက်တိုက်ဆိုသလို ပေးလိုက်ရပြီး ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ခြင်းကြောင့် စပါးအသင်းက မန်စီးတီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခြင်းဖြစ်သည်။ (ငွေကြေး)

❍ ကျောဝုံးမှ

ပြောပြချက်အရ စက်လှေနှင့်အတူ ငါးသေအထုပ်နှစ်ထုပ် ဦးရွှေတောင်တံတားအနီးကို လာရောက်ချသွားတာကို တွေ့ရတယ်။ ဒီငါးတွေက ရေစီးနဲ့အတူ တောင်သမန်အင်းကမ်းခြေကို ရောက်ရှိလာခြင်းသာဖြစ်ပါတယ်။ ရေဆိုးကြောင့်သာ ငါးသေမယ်ဆိုရင် ငါးမျိုးစုံသေရမှာဖြစ်ပါတယ်။ နောက်ပြီး သေဆုံးချိန်ကလည်း စဉ်ဆက်မပြတ်သေရမှာဖြစ်ပြီးတော့ ရက်ခြားအချိန်ခြားပြီးမှ ငါးသေတာကိုစဉ်းစားကြည့်ရင် ပုံမှန်မဟုတ်တာပေါ်လွင်နေပါတယ်” ဟု မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ငါးသေတဲ့ရက်က အင်းရေဝင်ရောက်မှုများတာတွေ့ရပါတယ်။ ဒါကြောင့် အင်းအတွင်းက ငါးတွေသေဆုံးတာမဖြစ်နိုင်ဘူး။ အခုသေတဲ့ငါးတွေက တီလားပီးယားငါးတစ်မျိုးတည်းသာ သေဆုံးနေတာ တွေ့ရပါတယ်။ အင်းနားအနီးတစ်ဝိုက်ကို အထုပ်တွေပစ်ချသွားတာမြင်လိုက်ရတယ်။ သေပြီးသားငါးတွေ ထည့်ထားတဲ့အထုပ်တွေပဲဖြစ်မယ်”ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ငါးသေဆုံးမှုဖြစ်ပွားချိန်တွင် တောင်သမန်အင်း၏ရေအမြင့်မှာ ၁၆ ပေခန့်ရှိပြီး အောက်ဆီဂျင်ပျော်ဝင်မှုနှုန်း (DO 2.3 မှ DO 7.1) အထိ ရှိနေသဖြင့် အင်းရေကြောင့် ငါးသေဆုံးမှု လုံးဝမဖြစ်နိုင်ပါ။

ငါးသေဆုံးသည့်နေရာ၌လည်း ငါးအချို့ ကူးခတ်နေသည်ကို တွေ့ရှိရသည့်အတွက် မသမာမှုကြောင့်သာ ငါးသေဆုံးသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းသာဖြစ်သည်။ လွန်ခဲ့သည်နှစ်များကတောင်သမန်အင်းအတွင်း ငါးသေဆုံးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိခဲ့သဖြင့် သွေးရိုးသားရိုး ဖြစ်စဉ်မဟုတ်ဘဲ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီအား တမင်လုပ်ကြံဖန်တီးနေသည်ဟု ယူဆရပါကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“တောင်သမန် အင်းအတွင်း သေဆုံးတဲ့ငါးတွေကို ဓာတ်ခွဲစစ်ဆေးမှုတွေဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်ရလဒ်များအရ ရေရဲ့ချဥ်ဖန်နှုန်း (Water PH) ရေနမူနာအားလုံး ကောင်းမွန်ပြီးတော့ အောက်ဆီဂျင် ပျော်ဝင်မှုရေအရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ တောင်သမန်အင်းအတွင်း သဘာဝအရင်းအမြစ်များ ကောင်းမွန်ပြီး ကန်ရေဝင်ရောက်မှုများပြားနေတာတွေ့ရပါတယ်။ ငါးသေများကို စစ်ဆေးရာတွင်လည်း အူလမ်းကြောင်းတစ်လျှောက် အမည်းရောင်အနှစ်တွေ တွေ့ရှိရပါတယ်။ ဒါ့အပြင် ငါးပါးဟပ်အတွင်း သွေးကြောများ ရောင်ရမ်းနေတာတွေ့ရပါတယ်”ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

တောင်သမန်အင်းအတွင်း ငါးမွေးမြူခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေလံမပေးဘဲ သဘာဝအတိုင်း ရောင်ရောက်မှု၊ သဘာဝအတိုင်း ရောက်ရှိလာမည့် ငါးများနှင့်အတူ သဘာဝအင်းအဖြစ် ထားရှိမည်ဖြစ်သည်။ ထို့အပြင် တောင်သမန်အင်းအတွင်း ရေဆိုးဝင်ရောက်မှု မရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စီမံဆောင်ရွက်လျက်ရှိသည်။ ငါးသေဆုံးမှု ဖြစ်စဉ်များသည်လည်း သမားရိုးကျသေဆုံးခြင်းမဟုတ်သည့်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းကာစစ်ဆေးဖော်ထုတ်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**
ဓာတ်ပုံ-သူရိန်(မန်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန တော်ဝင်ရထနာမူလတန်းကြိုကျောင်း နေပြည်တော်၏ ရင်သွေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်တွင် ကျောင်းခန်းမဆောင်၌ ကျင်းပရာ နေပြည်တော်တိုင်း လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးက ဆုရရှင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ဆားမလောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး သုခမင်္ဂလာနှစ်ထပ်စျေးကြီး လွှဲပြောင်းပေးအပ်

ညောင်တုန်း စက်တင်ဘာ ၂၆

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသည့် သုခမင်္ဂလာနှစ်ထပ်စျေးသစ်ကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက အဆိုပါစျေးသစ်ကြီးအား လွှဲပြောင်းလက်ခံရခြင်း၏ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဘုရား၊ ကျောင်းကန်များအတွင်း၌ရှိသော စျေးများမှလွဲ၍ ကျန်စျေးများအား စည်ပင်သာယာရေးအဖွဲ့ဥပဒေအရ လွှဲပြောင်းလက်ခံရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါစျေးသစ်ကြီးသည် သုည ဒသမ ၇၈ ဧက အကျယ်ရှိပြီး အလျား ၁၁၂ ပေ၊ အနံ ၃၂ ပေ ရှိ နှစ်ထပ်စျေး တစ်ဆောင်၊ အလျား ပေ ၁၂၀၊ အနံ ပေ၂၀ ရှိ တစ်ထပ်အဆောက်အအုံ တစ်ဆောင်၊ ပေ ၅၀ ပတ်လည်ရှိ တစ်ထပ်ဆောင် နှစ်ဆောင်၊ငါးပေ ပတ်လည်ရှိ သားငါးနှင့် ကုန်စိမ်းဆိုင် ၁၄၀ တို့ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၂၉၁၂ သိန်း ၆ သောင်းကျော် ကုန်ကျကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ် နိုင်သည်။

ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ လျှုဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍ အလှူရှင်များ လျှုဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စားမြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြောင်း၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ ၄၀×ပေ ၃၀(သံကူကွန်ကရစ်)ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ် သိန်း ၅၀၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်း ဒါယကာခံ၍ ဖြစ်စေ၊ အသင်းအဖွဲ့လိုက်စုပေါင်း ဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်းတတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(နေပြည်တော်)ညွှန်ကြားရေးမှူး(ဦးစီး) ဦးထိန်လင်း ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ညွှန်ကြားရေးမှူး ဦး၀င်းနိုင် ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ညွှန်ကြားရေးမှူး ဦးခင်မောင်၀င်း ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၁၀၀ သို့ လာရောက်ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ မြို့ဆော်ထားသည်။ **(ကြေးမုံ)**

သာသနာရေးဝန်ကြီးဌာန

ဘုန်းတော်ကြီးကျောင်း ပေ (၄၀ × ၃၀)၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)

တန်ဖိုးငွေကျပ် သိန်း (၅၀၀)

တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံး၀ပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါ၀င်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လျှုဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်
(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်
(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

ဆက်သွယ်လှူဒါန်းရန်

ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်း၀န်

ရုံး(၂၈)၊ ပတ်၀န်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ၀န်ကြီးဌာန

ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉ ၂၀၀၇၄၅၄

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)

ဇွန်လနှင့်ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်၌ ပျက်စီးခဲ့သော အမ်း-စစ်တွေလမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား ပေ ၉၉၀ ကွေးသွားသောဘေလီကို ပြန်လည်ပြုပြင်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေစဉ်။

(ဆောက်လုပ်ရေး)

ဇွန်လနှင့်ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်၌ ပျက်စီးခဲ့သော ပေါက်တော-မင်းပြားလမ်းပေါ်ရှိ ငတန်ပြင်းတံတား (၁/၂၀) ပေ ၁၂၀ ပြင်ဆင်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းနေစဉ်။

(ဆောက်လုပ်ရေး)

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၁၅ ခုနှစ် ဇွန်လမှ သြဂုတ်လ အတွင်း မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားခဲ့သော ရေကြီး ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ရေဘေးသင့် ခဲ့သောဒေသများ ပြန်လည်ထူထောင် ရေးလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပအစိုးရအဖွဲ့များ၊အဖွဲ့အစည်း များ၊ပြည်သူများက အလှူငွေနှင့်ပစ္စည်း များ ပေးအပ်လှူဒါန်းလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် လင်ချန်းမြို့ဒေသအစိုးရနှင့် ပြည်သူများက စစ်ကိုင်းတိုင်းဒေသ ကြီး ကလေးတမူးဒေသများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင် ရွက်ရန် အလှူငွေနှင့် တည်ဆောက် ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် Horizon ဟိုတယ် Lake View Resort ၌ ကျင်းပခဲ့သည်။

ယနေ့အခမ်းအနားတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့နယ် ပင်လယ်ရပ်ခြား တရုတ် အမျိုးသားရေးရာဌာန ညွှန်ကြားရေးမှူး Mr.Lu Zhihua က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ Mr. Lu Zhihuaက ပေးအပ်လှူဒါန်း ရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော် မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်း များဖြစ်သော ကျပ်သိန်း ၃၀၀ တန်ဖိုး ရှိ ဘိလပ်မြေအိတ် ၃၆၀၀ နှင့်ကျပ် သိန်း ၂၄၀ တန်ဖိုးရှိ သွပ်ချပ်ရေ ၂၆၀၀ တို့ကို ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ Ms . Zhang Mingfen က ပေးအပ်လှူဒါန်းရာ လှူပ်စစ်စွမ်း အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လည်းကောင်း အသီးသီး လက်ခံရယူကာဂုဏ်ပြု မှတ်တမ်းလွှာများပြန်လည်ပေးအပ် ကြသည်။

ၾကင်နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ကျေးဇူးတင် စကားပြန်လည်ပြောကြားခဲ့ရာတွင် ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီး သီးတို့မှ လှူဒါန်း ကူညီထောက်ပံ့ခဲ့ မှုများ၊ နိုင်ငံတော်မှထောက်ပံ့ခဲ့မှုများ၊ ရေဘေးသင့်ဒေသများ မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်နေမှုများ၊ နိုင်ငံ တော်အကြီးအကဲ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့စဉ်က တရုတ်ယွမ် ငွေသန်း၉၀၀ ကျော် လှူဒါန်းခဲ့မှုနှင့် အတူ ယနေ့ယူနန်ပြည်နယ် လင်ချန်း မြို့အစိုးရရဲ့ ဆောင်ရွက်လှူဒါန်း ထောက်ပံ့မှုကိုလည်း ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။

အခမ်းအနားကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စု ဝန်ကြီး ဦးဇေယျာအောင်၊ ဒုတိယ ဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိ သူများ၊ အေးရှားဝေါလ်ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် လင်ချန်းမြို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခိုန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် လေးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရုပ်ဖြင့်ဖော်ပြထားသည်။

(သတင်းစဉ်)



ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ဒါးကမြစ်ရေ တစ်ပေခန့် ကျဆင်းသွားသော်လည်း ကမ်းနားလမ်းများ သွားလာမှုအဆင်မပြေသေး

ကျောင်းကုန်း စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံ မှုများ ဖြစ်ပေါ်ခဲ့သည်။ စက်တင်ဘာ ၂၆ ရက်တွင် ဒါးကမြစ်ရေသည် တစ်ပေခန့် ပြန်လည်ကျဆင်းသွားသော်လည်း ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ကမ်းနားလမ်းတွင် လှေဖြင့်သာ သွားလာနေရသေးကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းမှစ၍ မြစ်ရေ ပြန်လည်ကျဆင်းသွားသည့်အတွက် ဒေသခံပြည်သူများ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ တံတားများပျက်စီးခဲ့ရာ မန္တလေး-တကောင်း-ဗန်းမော်လမ်းပေါ်ရှိ ဟသ်ာချောင်းတံတား ပေ ၁၄၀ ဘေလီတံတားပြုပြင်ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ တံတားများပျက်စီးခဲ့ရာ ကလေး၀- ကျီးကုန်း-တမူးလမ်း မိုင် (၇၃/၅)- (၇၃/၆) ကြားရှိ တီးတိန်ယံတံတား ပေ ၁၉၀ ဘေလီတံတား ပြုပြင်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေစဉ်။

(ဆောက်လုပ်ရေး)

မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၆

စာပေဖန်တီးသူ၏ မျိုးဆက်အနေဖြင့် မိမိကိုယ်ကို ဂုဏ်ယူစိတ်အပြည့်ရှိစေချင်သည်။ ထို့အပြင် မိမိနှစ်သက်သည့် အသက်မွေးဝမ်းကျောင်းကို ဝါသနာအပြည့်ဖြင့် ရွေးချယ်နိုင်ကာ သတ္တိအပြည့်ဖြင့် ဖြစ်မြောက်အောင်မြင်တိုးတက်ရန် ကြိုးပမ်းအားထုတ်သင့်ကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တတ္ထသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် အသင်းဝင် စာရေးဆရာများ၏ သားသမီးများအား စတုတ္ထအကြိမ်မြောက် ဆုချီးမြှင့်ပွဲအခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ပြောကြားသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)ကလည်း "အသင်းအနေနဲ့ နှစ်စဉ်သက်ကြီးစာပေပညာရှင်များကန်တော့ပွဲပြုလုပ်ပါတယ်။ လက်ဆင့်ကမ်းမျိုးဆက်သစ် စာပေအမွေအတွက်လည်း စာရေးနည်းသင်တန်းဖွင့်လှစ်တယ်။ အခု ဆုရကလေးတွေကို မှာကြားလိုတာကတော့ နိုင်ငံတကာနည်းပညာရပ်တွေကို လက်လှမ်းမီအောင်ကြိုးစားရင်း ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့ကိုလည်း မပစ်ပယ်ဘဲ နိုင်ငံနဲ့လူမျိုးကောင်းကျိုးပြုစေချင်ပါတယ်"ဟု ပြောသည်။

ဆုချီးမြှင့်ရန်အတွက် တစ်နိုင်ငံလုံးရှိ အသင်းဝင်စာရေးဆရာ/စာရေးဆရာမများ၏သားသမီး ဆုရရှိသူများ စာရင်းကိုကောက်ယူခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကို ဆုချီးမြှင့်ပေးခဲ့သည်။

ယခုနှစ်ဆုရရှိသူ ကျောင်းသားကျောင်းသူအရေအတွက် စုစုပေါင်း ၂၃ ဦးရှိကြောင်း သိရသည်။ နယ်မှ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သူများကိုလည်း ဆုချီးမြှင့်ငွေများပေးပို့ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများလှူဒါန်းခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီး ဝန်ကြီးဦးဉာဏ်ထွန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ စာရေး ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

သတင်း ။ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ ။ ဇော်မင်းလတ်

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းရန် စိတ်ဝင်စားမှုဖော်ပြချက်ပိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၂၆

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့်အညီ ရန်ကုန်စတော့အိတ်ချိန်းကို တည်ထောင်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် "စ" များကိုလည်း ရန်ကုန်စတော့အိတ်ချိန်းမှစ၍ ထုတ်ပြန်ကြော်ငြာပြီးဖြစ်ရာ ယင်းအရည်အသွေးသတ်မှတ်ချက် "စ"များနှင့် စိတ်ဝင်စားမှုဖော်ပြခြင်း(Expression of Interest) ပုံစံအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် ရယူနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြချက်ပုံစံအား ပြည့်စုံစွာ ဖြည့်စွက်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး(၂၁-၂၅) ဒုတိယထပ် ဆူးလေဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ်(ရန်ကုန်တိုင်းဒေသကြီးရုံး) ပန်းဘဲတန်း မြို့နယ် Fax Ph-၀၁ ၃၇၀၁၀၀၊ ၀၁-၃၇၀၃၆၂၊ E-mail; secm.myanmar@gmail.comသို့ Fax ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ၁၆-၁၀-၂၀၁၅ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့နိုင်ပါကြောင်းနှင့် ယင်းစိတ်ဝင်စားမှု ဖော်ပြချက်အပေါ် အခြေခံ၍ အများပြည်သူသို့ အစုရှယ်ယာများထုတ်ဝေရောင်းချနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အကူအညီများပေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးတွဲညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးတွဲညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးတွင် ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံကင်းထောက်ကော်မတီဝင်များ၊ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinan နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များကို ဓာတ်ပုံဗီဒီယိုများဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံကင်းထောက်ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများကို ကင်းထောက်ကြီး ဦးသာစိန်နှင့် ဦးကြည်မောင်အေးတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinan နှင့် အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးညှိနှိုင်းကြပြီး ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်သို့သွားရောက်ရာ ကျောင်းအုပ်ကြီး ဦးအောင်ကိုကိုနှင့် ဆရာ ဆရာမများ၊ ကင်းထောက်မောင်မယ်များက တေးသီချင်းများသီဆိုကာ အထက(၁) ဒဂုံကင်းထောက်အဖွဲ့ လှုပ်ရှားမှုမှတ်တမ်းများ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ကမ္ဘာ့ကင်းထောက်အဖွဲ့

Jamborre သို့ သွားရောက် လေ့လာခဲ့သော ကင်းထောက်အဖွဲ့ဝင် ကျောင်းသားနှစ်ဦးက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ညွှန်ကြားရေးမှူး Mr. J. Rizal C. Pangilinan နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကင်းထောက်လူငယ်များ၏ ရှေးဦးသူနာပြုလုပ်ငန်းများ၊ ကြိုးချည်နည်းများ၊ ကင်းထောက်လူငယ်များတီထွင်ပြုလုပ်ထားသည့် ပစ္စည်းများ၊ ကင်းထောက်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

အဆိုပါ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့၏ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်တွင် ကင်းထောက်အဖွဲ့ဝင် ကျောင်းသားများ၏ လှုပ်ရှားဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှု လေ့လာကြမည်ဖြစ်သည်။

(ကိုလတ်-သတင်းစဉ်)

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ အောက်ရှိ အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၀၀ တို့ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံတွင် စက်တင်ဘာ ၂၅ ရက်က စုပေါင်းသွေးလှူဒါန်းကြစဉ်။

(သတင်းစဉ်)

ကျေးလက်နေပြည်သူများသို့ မြေဌားဂရန်များထုတ်ပေး

ညောင်တုန်း စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှုအခွင့်အရေး ခိုင်ခိုင်မာမာရရှိစေရေးအတွက် ကျေးရွာမြေဌားဂရန် ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဆားမလောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးကျော်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက ကျေးရွာမြေဌားဂရန်များ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးရွာမြေဌားဂရန်ကိစ္စများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှုအခွင့်အရေးများ ခိုင်ခိုင်မာမာရှိစေရေးအတွက် ကျေးရွာမြေဌားဂရန်ထုတ်ပေးရေးလုပ်ငန်းအဆင့်ဆင့်၏ သတ်မှတ်အရည်အချင်း အချက်အလက်များ ပြည့်စုံသည့် ပြည်သူများအား ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်က ညောင်ပင်သာကျေးရွာမှ မြေဌားဂရန်ရရှိမည့် ပြည်သူ ၈၁ ဦးတို့အား တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၇၆)

လေယာဉ်ဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း စင်ကာပူကုမ္ပဏီနှင့် အကျိုးတူလုပ်ကိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံတွင် ခရီးသွားလာရေးဖွံ့ဖြိုးလာမှုနှင့်အတူ စက်သုံးဆီလိုအပ်ချက်လည်း မြင့်မားလာသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မော်တော်ယာဉ်များတွင် လိုအပ်လျက်ရှိသော စက်သုံးဆီများကို လုံလောက်စွာဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ယခုအခါ လေယာဉ်ဆီဖြန့်ဖြူးရေးလုပ်ငန်းကိုပါ ဖက်စပ်လုပ်ကိုင်လာသည်ကို တွေ့ရသည်။

စက်တင်ဘာ ၂၄ ရက် ညနေပိုင်းက နေပြည်တော်ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Puma Energy Group Pte.Ltd တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲ၏ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် Puma Energy Group Pte.Ltd Chief Operating Officer Mr. Robert Jones တို့က လက်မှတ်များ ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။ အဆိုပါစာချုပ်လက်မှတ်ရေးထိုးရာတွင် စာချုပ်ပါ စည်းကမ်းအရ Signature Bonus အမေရိကန်ဒေါ်လာ သန်း ၂၀ ရရှိမည်ဖြစ်သည်။ ထိုလုပ်ငန်းအတွက် ကနဦး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၅၁ သန်းဖြစ်ရာ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းအတွက် အမေရိကန်ဒေါ်လာ ၂၆ သန်းတန်ဖိုးရှိ လက်ရှိအသုံးပြုနေသော ပစ္စည်းများကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး Puma Energy Group Pte.Ltd မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းအတွက် အမေရိကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံကာ အကျိုးတူဖက်စပ်ကုမ္ပဏီကို National Energy Puma Aviation Services Co.,Ltd အမည်ဖြင့် ဖွဲ့စည်း၍ လုပ်ငန်းများစတင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Puma Energy Group Pte.Ltd သည် ကမ္ဘာ့နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် စက်သုံးဆီအရောင်းဆိုင် ၁၀၄၂၀ ဆိုင်၊ အကြီးစားသုံလှောင်ဖြန့်ဖြူးရေးစခန်းကြီး ၈၀၊ ရေနံချက်စက်ရုံ နှစ်ရုံကို ပိုင်ဆိုင်ထားပြီး ရေနံသန့်စင်ချက်လုပ်ခြင်းလုပ်ငန်းနှင့် ရေနံထွက်ပစ္စည်းများကို သယ်ယူသိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စင်ကာပူနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည်။

ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ၂၀၁၄ ခုနှစ် မေလတွင် Letter of Expression of Interest တင်သွင်းရန် စတင်ဖိတ်ခေါ်ခဲ့ပြီး ဆက်လက်၍ ဇွန်လတွင် အပြည်ပြည်ဆိုင်ရာတင်ဒါ ခေါ်ယူအောင်မြင်ခဲ့သည့် လုပ်ငန်းအတွက် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ နှစ်ပေါင်း ၃၀ ဖြစ်သည်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအနက် ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ခြင်းတွင် ပထမဦးဆုံးလက်မှတ်ရေးထိုးခြင်းကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ကြေးမုံ)

မော်တော်ယာဉ်အမည်ပေါက်အား ပြည်လျှော့မှုများပြုကာ လွယ်ကူစွာဆောင်ရွက်ပေးနေ

ရန်ကုန် စက်တင်ဘာ ၂၆

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်မှုအမည်ပေါက် ပြုလုပ်မှုကို ဖြေလျှော့မှုများပြုလုပ်ကာ လွယ်ကူစွာဆောင်ရွက်ပေးလျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)မှ သိရသည်။

ယခင်က မော်တော်ယာဉ်အမည်ပေါက် ပြုလုပ်ရာတွင် ကန့်သတ်ချက်များ များပြားပြီး ခက်ခဲကြန့်ကြာမှုများရှိနေရာ လွယ်ကူလျင်မြန်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဖြေလျှော့မှုများစွာ ပြုလုပ်ထားကြောင်း တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်ကဆိုရင် မူလပိုင်ရှင်ရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတောင်းတယ်။ အမည်ပေါက်ပြုလုပ်ဖို့အတွက် အအဆင့်ဆင့်ဆောင်ရွက်ရတာတွေများပြီး ခက်ခဲကြန့်ကြာမှုတွေရှိခဲ့တယ်။ အခု အလွယ်တကူဆောင်ရွက်နိုင်ဖို့အတွက် ဖြေလျှော့မှုတွေ အများကြီးလုပ်ထားပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်အမည်ပေါက်လုပ်မယ်ဆိုရင် မြောက်ဒဂုံက အခွန်ရာဖြတ်ရုံးမှာ အခွန်ပေးဆောင်ဖို့အတွက် ပုံစံစာရွက် ထုတ်ပေးပါတယ်။ ဒီစာရွက်ရရင် အမည်ပေါက်လုပ်မယ့် ပိုင်ရှင်ရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနဲ့ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးပါတယ်။ ပိုင်ရှင်အမည်ပေါက်ဖြစ်သွားတဲ့ မော်တော်ယာဉ်တွေ မှတ်ပုံတင် သက်တမ်းတိုးတဲ့အခါမှာလည်း တစ်နေရာတည်းမှာ အပြီးအစီး အမြန်ဆုံး ဆောင်ရွက်ပေးနေပါတယ်။ စောင့်ဆိုင်းရမှုကတော့ ကားအရမ်းများတဲ့အခါ စောင့်ရတာမျိုးပဲရှိပါတော့တယ်။ ဖြေလျှော့မှုအဆင့်တွေ အများကြီးဆောင်ရွက်ထားပါတယ်။ သတိပြုရမယ့် အချက်တစ်ချက်က ကျွန်တော်တို့က လကုန်ရက် လစာထုတ်ရက်ဆိုရင် မွန်းတည့် ၁၂ နာရီကို ငွေခန်းပိတ်ပါတယ်။ စာရင်းပိတ်ပါတယ်။ ဘဏ်ငွေလွှဲတာတွေ ဆောင်ရွက်ရတဲ့အတွက် ငွေပေးသွင်းခြင်းလုပ်ငန်းတွေအားလုံး ၁၂ နာရီမှ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် နာမည်ကြီး တေးသံရှင်များဖြစ်သည့် ဟဲလေး၊ ရဲရင့်အောင်၊ သားသား၊ အားတီ၊ ဆိုတေး၊ ဒီဖြိုး၊ ဖြူဖြူကျော်သိန်း၊ ပိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ မိဆန္ဒီ အစရှိသော အဆိုရှင်များနှင့်အတူ တက်သစ်စအဆိုရှင်များလည်း သီဆိုမည်ဖြစ်သည်။

ပွဲကျင်းပနေစဉ်အတွင်း ပတ္တမြား FM Radio Stationမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပြီး ယခင်နှစ်များနည်းတူ ထူးခြားဆန်းသစ်သော အစီအစဉ်များကိုလည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ မြစ်ကြီးနား မျက်မမြင်ကျောင်း၊ ပခုက္ကူ မိတ္ထီလာ၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်းအစရှိသည့် နယ်မြို့များရှိ မျက်မမြင်ကျောင်း ခြောက်ကျောင်းသို့လည်း Audio Bookနှင့်အတူ အလှူငွေများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုပိုင်(ပတ္တမြား)

ပတ္တမြား FM (၆)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် Audio Book လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ပတ္တမြား FM ၏ (၆)နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည့် အောက်တိုဘာ ၁ ရက်တွင် နှစ်စဉ်ပြုလုပ်နေကျ ခဲခဲခဲခဲမျက်မမြင်ကျောင်းနှင့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းများသို့ Audio Book လှူဒါန်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ Junnction Square Promotion Area,Aqua Hall ၌ ယင်းနေ့ ညနေ ၃ နာရီမှ ၆

မြန်မာ(မြိတ်)- ထိုင်း(စင်ခွန်)နယ်စပ်ဂိတ်မှ ဖြတ်သန်းဝင်ထွက်နေထိုင်မှုသက်တမ်း ထိုင်းနိုင်ငံဘက်မှ ၁၄ရက်ကြာ နေထိုင်ခွင့် တိုးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ထိုင်း-မြန်မာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ပကျွတ်ခီရီခန်ခရိုင် စင်ခွန်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တို့မှ အပြန်အလှန် ဖြတ်သန်းသွားလာဝင်ထွက်ရောင်းဝယ်ဖောက်ကားလုပ်ကိုင်ကြသည့် နှစ်နိုင်ငံပြည်သူများမှ ထိုင်းနိုင်ငံဘက်သို့ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား ယခင်က ထိုင်းနိုင်ငံအတွင်းနေထိုင်ခွင့် နှစ်ရက်သာ ခွင့်ပြုခဲ့ရာမှ ထိုင်းနိုင်ငံအတွင်းနေထိုင်ခွင့်အား ၁၄ရက်အကြာ နေထိုင်ခွင့်ပြုနိုင်ရေး ထိုင်းနိုင်ငံ ပကျွတ်ခီရီခန်ခရိုင်တွင် စက်တင်ဘာ၁၉ ရက်က ပြုလုပ်သည့် နှစ်နိုင်ငံ နယ်စပ်ဒေသအစည်းအဝေးတစ်ရပ်တွင် ပကျွတ်ခီရီ ခန်ခရိုင် အုပ်ချုပ်ရေးမှူး မစ်စတာစီဝတ်ထနကွန်က တင်ပြခဲ့ပြီး အဆိုပါ နေထိုင်ခွင့် သက်တမ်းတိုးမြှင့်သတ်မှတ်မှုအား စက်တင်ဘာ ၂၅ရက် မှစတင်၍ ထိုင်းနိုင်ငံဘက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ နေထိုင်ခွင့်သက်တမ်းတိုးမြှင့်မှုအား နှစ်နိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ကုန်သွယ်ရေးလုပ်ငန်းနှင့် စက်မှုဇုန် စက်ရုံအလုပ်ရုံစသည့် လုပ်ငန်းကဏ္ဍများတွင် နှစ်နိုင်ငံ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်လာရေး ရည်ရွယ်ကြောင်း စက်တင်ဘာ ၂၃ ရက် ထိုင်းနိုင်ငံထုတ် Thai News Agency သတင်းစာမှ ရေးသားဖော်ပြထားကြောင်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။

ကျော်စိုး(ကော့သောင်း-IPRD)

လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးပညာ သင်တန်းဆင်း

ဘားအံ စက်တင်ဘာ ၂၆

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးပြီး တတ်မြောက်သွားပြီဖြစ်သဖြင့် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၄ရက် နံနက်၉နာရီက ဘားအံမြို့ လှာက မြင်ကွက်သစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးဝင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာဝဝရွာမှ သင်တန်းသား ၃၀ အား ဇူလိုင် ၂၇ရက်မှ စတင်ကာ သင်တန်းကာလ နှစ်လကြာ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး ဆိုင်ရာလုပ်ငန်းများ သင်ကြားပေးခြင်းဖြင့် လုပ်ငန်းများတတ်မြောက်အောင်မြင်သွားပြီဖြစ်ရာ အဆိုပါ အတတ်ပညာများဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ဘားအံ(ပြန်/ဆက်)

လမ်းခွဲခဲ့ခြင်းတွင် စိတ်အထိခိုက်ရဆုံးမှာ သားကိုဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ဂျက်စီဂျိမ်းစ်ပွင့်ဟ

ဟောလိဝုဒ်၏ အလှဆုံးဟုတင်စားခံရသော မင်းသမီး ဆန်ဒရာ ဘူးလော့ဒ်၏ ခင်ပွန်းဟောင်းဖြစ်သူ စီးပွားရေးလုပ်ငန်းရှင် ဂျက်စီဂျိမ်းက မိမိအနေဖြင့် ဇနီးသည် ဆန်ဒရာနှင့် ကွာရှင်းပြတ်စဲခဲ့ချိန်တွင် စိတ်အထိခိုက်ရဆုံးသောအကြောင်းအရင်းမှာ သားဖြစ်သူ လူးဝစ်ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

လူးဝစ်သည် အော်စကာဆုရှင် အသက်(၅၁)နှစ်အရွယ်ဆန်ဒရာနှင့် ဂျိမ်းစ်တို့၏ မွေးစားသားဖြစ်ကာ ၂၀၁၀ခုနှစ်က သူတို့နှစ်ဦးလမ်းခွဲခဲ့ချိန်တွင် လူးဝစ်ကို မွေးစားခွင့်ရရန် ကြိုးပမ်းနေဆဲအချိန်လည်း ဖြစ်သည်။ လူးဝစ်သည် သူတို့နှစ်ဦးလမ်းခွဲချိန် အသက် ငါးနှစ်အရွယ်သာ ရှိသေးသည်။

ဆန်ဒရာက ဂျိန်းစ်သည် အခြားအမျိုးသမီးများနှင့်ဇာတ်လမ်းများရှိခဲ့ပြီး မိမိအား လိမ်လည်လှည့်ဖြားလက်ထပ်ခဲ့သူတစ်ဦးအဖြစ် စွပ်စွဲကာ အိမ်ထောင်သက်ငါးနှစ်ခန့်တွင် နှစ်ဦးသဘောတူလမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

အသက်(၄၆)နှစ်အရွယ် မော်တော်ဆိုင်ကယ်လုပ်ငန်းပိုင်ရှင် ဂျက်စီဂျိမ်းစ်က "ကျွန်တော့်အတွက် နာကျင်ခံစားရတဲ့ အကြောင်းကတော့ ကျွန်တော်ရဲ့မွေးစားသား လူးဝစ်ပါပဲ။ ကျွန်တော်တို့နှစ်ယောက် ကလေးမွေးစားလိုက်တော့ ကလေးကိုအတူဂရုစိုက်နေတဲ့အချိန်မှာ ကျွန်တော်တို့ အကြားမှာရှိနေတဲ့ မပြေလည်မှုတွေခဏပျောက်ပြီး ကောင်းတဲ့အရာတွေပဲ ခံစားရတယ်။ ဒါပေမယ့်လည်း ဒီလိုခံစားမှုကလည်း ၂၄နာရီအတွင်းမှာပဲ ပျက်စီးခဲ့ရတာပါပဲ။ အခုတော့ ပြီးဆုံးသွားခဲ့ပါပြီ"ဟု မစ်ရာ ဒေါ့ကွန်းသို့ ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဂျိမ်းစ်က ဇနီးဖြစ်သူနှင့် ကွာရှင်းပြတ်စဲခဲ့သည့်အတွက်

မွေးစားသားကိုပါ ဆုံးရှုံးခဲ့ရသည်မှာ သူ့အတွက် မျှတခြင်းမရှိသကဲ့သို့ ခံစားရကြောင်းနှင့် ဆန်ဒရာနှင့် လူးဝစ်တို့အပေါ် အပြည့်အဝ တာဝန်ယူလိုကြောင်းလည်း ဆိုခဲ့သည်။

ဂျက်စီဂျိမ်းစ်သည် မကြာသေးမီက ပြိုင်ကားမောင်းသူတစ်ဦးဖြစ်သည့် အဲလစ်ဒီဂျော်ရီယာနှင့် လက်ထပ်ခဲ့သည်။

အေးပြည့် - စုစည်းသည်။

လည်ပင်းတွင် သွေးစုပ်ဖုတ်ကောင်အကိုက်ခံရသည့် ဒဏ်ရာပုံစံ ဆေးခြယ်ဖျော်ဖြေခဲ့သည့် ဂျော်နီဒပ်

ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ်လူသိများသော မင်းသားဂျော်နီဒပ်သည် ပြီးခဲ့သည့်ကြာသပတေးနေ့က သူ၏ရောခ်ဂီတအဖွဲ့ "The Hollywood Vampires" ၏ ဖျော်ဖြေပွဲတွင် သူ၏လည်ပင်းတွင် သွေးစုပ်ဖုတ်ကောင် အကိုက်ခံထားရသည့် ဒဏ်ရာပုံစံ အနီရောင်ဆေးစက်နှစ်စက်ဖြင့် ခြယ်ကာ ပါဝင်ဖျော်ဖြေခဲ့သည်။

သူ၏ဖျော်ဖြေရေးညတွင် ဂျော်နီဒပ်သည် "ဟောလိဝုဒ်၏ သွေးစုပ်ဖုတ်ကောင်များ"ဟု အဓိပ္ပာယ်ရသော အဖွဲ့၏အမည်နှင့်လိုက်ဖက်စွာ သွေးစုပ်ဖုတ်ကောင်တစ်ဦး အကိုက်ခံထားရသောသူအဖြစ် သူကိုယ်သူ ပြင်ဆင်ခြယ်သခဲ့ခြင်းဖြစ်သည်။

အသက် (၅၂)နှစ်ရှိပြီဖြစ်သော မင်းသားက အဖွဲ့၏ဖျော်ဖြေမှုကို ပိုမိုအသက်ဝင်စေရန် ဖျော်ဖြေတင်ဆက်မှုများအနက်တစ်ခုအနေဖြင့် ယခုကဲ့သို့ ဆေးခြယ်ခဲ့ခြင်းဖြစ်ကာ ယင်းရောခ်ဂီတအဖွဲ့တွင် ဂျော်နီဒပ်နှင့်အတူ အဲလစ်ကူးပါး၊ ဂျိုးပါရီ၊ ဒပ်ဖ်အမ်စီကာဂန်နှင့် ဘရုစ်ဝတ်ကင်တို့ ပါဝင်သည်။

ရိယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သော အဆိုပါဖျော်ဖြေပွဲသို့ မင်းသားဂျော်နီဒပ်၏ ပရိသတ်များ အများဆုံးလာရောက်အားပေးခဲ့ပြီး ယင်းပရိသတ်များထဲတွင် သူ၏ဇနီးဖြစ်သူ အမ်မာဟာ့ဒ်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

One Directionတေးအယ်လ်ဘမ်သစ်စမ်းသပ်ထုတ်လွှင့်

ပြိတိန်အမျိုးသားပေါ့ပ်ဂီတအဖွဲ့ "One Direction"ရဲ့ တေးအယ်လ်ဘမ်သစ် "Made In The UK" အတွက် တေးဗွီဒီယိုတစ်ခုကို စက်တင်ဘာ ၂၂ရက် (အင်္ဂါနေ့)က စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။

ယခုစမ်းသပ်ထုတ်လွှင့်လိုက်တဲ့ တေးအယ်လ်ဘမ်ဟာ One Direction ရဲ့ ပဉ္စမမြောက်တေး အယ်လ်ဘမ်ဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကိုလာမယ့် နိုဝင်ဘာလ ၁၃ရက်မှာ အပြီးသတ် ထုတ်လွှင့်ဖြန့်ချိသွားမှာဖြစ်ပါတယ်။

One Direction ဟာ အဆိုပါ တေးအယ်လ်ဘမ်ကို အွန်လိုင်းမှ ကြို တင်မှာယူထားသူတွေနဲ့ သူ့ရဲ့ ပရိသတ်တွေအတွက် ယင်းတေး အယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို ပရိသတ်များ အံ့အားသင့်စေရန် လက်ဆောင်အဖြစ်ထည့်သွင်းမိတ်ဆက်ခဲ့ပါတယ်။ အဆိုပါ ပြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ဟာ ယခုစမ်းသပ်ထုတ်လွှင့်သည့် တေးအယ်လ်ဘမ်ကို အပြီးသတ် ထုတ်လုပ်ဖြန့်ချိပြီးပါက အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားမှာ ဖြစ်ပါတယ်။

ရုပ်မြင်သံကြားအစီအစဉ်များ

၂၇ - ၉ - ၂၀၁၅ (တနင်္ဂနွေနေ့)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		(စိုးသူ၊ ရဲအောင်၊ မေသန်းနု) (ဒါရိုက်တာ-
၆း၁၅	မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (နဝမဆယ်စုနှစ်) (အပိုင်း-၂၂)	၄း၃၅	စင်ရော်မောင်မောင်) အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်
၆း၄၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ		(အင်္ဂလိပ်စာအထူးပြု)
၆း၅၀	ကြာညည် ညီ၊ဖွယ် ရာမကုန် ပဲခူးဘုရားအစုံ		(အင်္ဂလိပ်စာ)
၈း၃၅	အောင်မြင်သူနှင့်အတူ	၄း၃၀	သာယာလှပမိတ္ထီလာအလှ
၁၀း၃၅	ကျားခင်စိန်နှင့်တွေ့ဆုံခြင်း	၅း၃၀	ပြည်သူတို့ရဲ့စကားသံများ
၁၁း၃၅	ချစ်သောဤကမ္ဘာမြေ	၆း၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၂း၅၀	ဆေးရောင်စုံရုပ်ရှင် "မျက်ဝန်းထဲမှာ မိုးရွာနေပြီညို" (ပထမပိုင်း) (စိုးသူ၊ ရဲအောင်၊ မေသန်းနု) (ဒါရိုက်တာ- စင်ရော်မောင်မောင်)	၇း၀၀	ကချင်ပြည်နယ်ဒီမိုကရေစီပါတီ -ကချင်အမျိုးသားများဒီမိုကရေစီကွန် ဂရက်ပါတီ -လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဖွေးလေးပါတီ)
၂း၅၀	ဆေးရောင်စုံရုပ်ရှင် "မျက်ဝန်းထဲမှာ မိုးရွာနေပြီညို" (ဒုတိယပိုင်း)	၈း၃၅	ဆန္ဒတူညီမဲပေးကြမည် -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ်

တစ်နေ့ (၆)နာရီစာ (၄) ကြိမ်မြဲသပါမည်။

မြဝတီ

၆း၀၃	တရားတော်	၄း၅၅	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်း
၆း၁၅	မေတ္တာပို့	၅း၀၀	သာယာသီကြွေး
၆း၂၅	ဓမ္မပူဇာတေး		ခေတ်ဆန်းတေး
၆း၃၀	ကိုယ်လက်လှုပ်ရှား အားကစား	၅း၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ
၆း၃၅	မျိုးချစ်တပ်မတော်		(အပိုင်း-၆၅)
၈း၁၅	စိုက်ပျိုးသုတ	၅း၄၀	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၈း၂၅	DVD Hits	၆း၁၀	ဘဝကြေးမုံ
၈း၃၅	အင်္ဂလိပ်စာသုတ	၆း၃၅	လူစွန့်စားခရီးသွားနေသည်
၈း၅၅	မြန်မာပြည်တွင်ထုတ်လုပ်သည်	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၁၁း၀၀	English For Myanmar		- ကျောင်းဒိုင္ဘန်း
၁၁း၁၅	Lucky Door		(အပိုင်း-၃၂)
၁၂း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယောင်ဆောင်အချစ်စစ်		- VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော်
၁း၁၉	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကွန်မန်ဒို (အပိုင်း-၁၅)		- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည်နိမိတ်သခင် (အပိုင်း-၄)
၄း၂၅	လျှပ်တစ်ပြက်		
၄း၃၅	သီဆိုဖြေဖျော်တစ်ကိုယ်တော်		

mitv

07:03 News
07:25 A visit to Htam Hsan Cave A Miraculous Place
07:52 Next Weekend
08:03 News
08:26 One Heritage……One Festival
08:44 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
09:03 News
09:26 Cruising To Precious Islands (Part-2)
09:48 Myanmar Alternative Medicine (Noni)
10:03 News
10:26 Entrepreneur - Dr. Thant Thaw Kaung
10:36 Tipitaka Hteinlin Pariyattisarthintike
10:53 Black Gold (Part- II)
07:03 News
07:25 Let's Cook (EP-3) Scrambled Eggs & Cutie Pancake
07:53 Today Myanmar: The New Automobile Law
08:03 News
08:26 The Writer "Chit Oo Nyo" (Part-2)

အာဆင်နယ်နောက်ခံလူ ဂက်ဘရီးလ် တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ပေါင် တစ်သောင်း ဒဏ်တပ်ခံရ

အာဆင်နယ်နောက်တန်းကစားသမား ဂက်ဘရီးလ်သည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က တရားစွဲဆိုထားသောအမှုနှင့်ပတ်သက်၍ မလျော်ကန်သောအပြုအမူတစ်ရပ်အား ပြုလုပ်ခဲ့မိကြောင်း ဝန်ခံခဲ့ခြင်းကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ပေါင်တစ်သောင်းဒဏ်တပ်ခံခဲ့ရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ အာဆင်နယ်နောက်တန်းကစားသမား ဂက်ဘရီးလ်သည် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်တွင် ချယ်လ်ဆီးအသင်းအား အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် အချင်းများခဲ့ပြီးနောက် ကွင်းလယ်ဒိုင်မိုက်ဒန်းက အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။

အဆိုပါ နောက်တန်းကစားသမား ဂက်ဘရီးလ် အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းက အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သို့ သုံးပွဲပယ်ပြစ်ဒဏ်မကျခံရစေရေးအတွက် လျှောက်လဲချက်တင်ခဲ့သည်။ သို့ရာတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကမူ အာဆင်နယ်နောက်တန်းကစားသမား ဂတ်ဘရီးလ်အား တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ပေါင်တစ်သောင်းဒဏ်တပ်ခဲ့ကြောင်းသိရသည်။

(ငွေကြေး)

စက်တင်ဘာ ၂၇/၂၈ ရက် ယှဉ်ပြိုင်မည့်ပွဲစဉ်များ

ပရီမီယာလိဂ်

ဝက်ဖို့ဒ် - ခရစ္စတယ်ပဲလေ့စ် ည-၉း၃၀

စပိန်လာလီဂါ

ဂီဂွန် - ဘက်တစ် ညနေ-၄း၃၀
ဒီပို့တီပို - အက်စ်ပန်ညို ည-၈း၃၀
ဂီတာဖေး - လီဗန်တေး ည-၁၀း၄၅
ဆိုစီဒက် - ဘီဘာအို ည-၁း၀၀

ဘီးရီးအေ

ဂျီနိုအာ - အေစီမီလန် ညနေ-၅း၀၀
ဘိုလော့နာ - အူးဒီးနီးစ် ည-၇း၃၀
ဗီရိုနာ - လာဇီယို ည-၇း၃၀
ဆာစူအိုလို - ချီယေပို ည-၇း၃၀
တိုရီနို - ပါလာမို ည-၇း၃၀
အင်တာမီလန် - ဖီအိုရင်တီးနား နံနက်-၁း၁၅

ဘွန်ဒက်စ်လီဂါ

ဖရန့်ဖတ် - ဟာသာဘာလင် ည-၈း၀၀
ဒေါ့မွန် - ဒရမ်စတက် ည-၁၀း၀၀

စက်တင်ဘာ ၂၆/၂၇ ရက်မှ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များမှ အနိုင်/အရှုံးရလဒ်များ

ပရီမီယာလိဂ်

စပါး ၄ - ၁ မန်စီးတီး
လက်စတာ ၂ - ၅ အာဆင်နယ်
လီဗာပူး ၃ - ၂ ဗီလာ
စတုတ် ၂ - ၁ ဘုန်းမောက်
ဝက်စ်ဟမ်း ၂ - ၂ နော့ဝှစ်ခ်
မန်ယူ ၃ - ၀ ဆန်းဒါးလန်း
ဆောက်သမ်တန် ၃ - ၁ ဆွမ်ဆီး

စပိန်လာလီဂါ

ဗလင်စီယာ ၁ - ၁ ဂရန်နာဒါ
ဘာစီလိုနာ ၂ - ၁ လက်စ်ပဲမက်

ဘွန်ဒက်လီဂါ

ကိုလုံး ၁ - ၁ အင်ဂိုဆလပ်
ဝုဖ်ဘတ် ၁ - ၁ ဟန်နိုဗာ
ဘိုရုစ်ရှား ၀ - ၃ ဘိုင်ယန်မြူးနစ်
အော့စ်ဘတ် ၁ - ၃ ဟော့ဖန်ဟိန်း
ဝါဒါဘရီမင် ၀ - ၃ လေဗာကူဆင်
မိန့်ဇ် ၀ - ၃ ဘိုင်ယန်မြူးနစ်

မောင်မောင်ဇော်

ဝက်စ်ဘရွန်းအသင်း နှစ်နှစ်အတွင်း ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိနိုင်

ပရီမီယာလိဂ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် လာမည့်နှစ်နှစ်တာကာလအတွင်း ဥရောပပြိုင်ပွဲဝင်ခွင့် တစ်နေရာ ရရှိမည်ဖြစ်ကြောင်း ဝက်စ်ဘရွန်းအသင်းမှ မန်ယူနောက်တန်းကစားသမားဟောင်း အီဗန်က ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ဝက်စ်ဘရွန်းအသင်းသည် အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် နောက်ခံလူ ဂျိုလီယွန်လက်စကော့နေရာတွင် တိုက်ရိုက်အစားထိုးမှုအဖြစ် မန်ယူအသင်းနောက်ခံလူ အီဗန်အား ခေါ်ယူခဲ့ခြင်းဖြစ်ပြီး နောက်ခံလူ အီဗန်သည် ပြီးခဲ့သည့်လက ဝက်စ်ဘရွန်းအသင်းသို့ လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းလည်းဖြစ်သည်။

နည်းပြတိုနီပူးလစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝက်စ်ဘရွန်းအသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၁၃)နေရာတွင် ရပ်တည်ကာ ပရီမီယာလိဂ်တွင် တန်းတင်ကျန်ရစ်ရန်အတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်အကောင်းဆုံးမထွက်ခဲ့သော်လည်း နောက်ခံလူ အီဗန်အနေဖြင့် ဝက်စ်ဘရွန်းအသင်းသည် လာမည့်နှစ်နှစ်အတွင်း ဥရောပဝင်ခွင့်တစ်နေရာရရှိလိမ့်မည်ဟု ယုံကြည်ထားသည်။

ဝက်စ်ဘရွန်းအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်ပွဲစဉ်(၆)ပွဲကစားပြီးနောက် နောက်ဆုံးသုံးပွဲတွင် နိုင်ပွဲ ဆက်ခဲ့ပြီး အမှတ်ပေးဇယားတွင် အဆင့်(၁၂)နေရာတွင် ရပ်တည်နေကာ စက်တင်ဘာ ၂၈ ရက်တွင် အဲဗာတန်အသင်းအား အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်သည်။

(အလင်းသစ်)

ရီးယဲလ်ဗဟိုနောက်ခံလူ ပီပီ မာလာဂါနှင့်ပွဲစဉ် လွဲချော်မည်

ရီးယဲလ်မက်ဒရစ်ဗဟိုနောက်ခံကစားသမား ပီပီသည် ဘယ်ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် စက်တင်ဘာ ၂၇ ရက်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာလာဂါအသင်းတို့ ယှဉ်ပြိုင်ကစားမည့် လာလီဂါပွဲစဉ်နှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်းသိရသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဗဟိုနောက်တန်းကစားသမား ပီပီသည် ရီးယဲလ်မက်ဒရစ်အသင်းက ဘီဘာအိုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် အတူ စက်တင်ဘာ ၂၅ ရက်က လေ့ကျင့်ရေးဆင်းသည့်အချိန်တွင်လည်း ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ဗဟိုနောက်တန်းကစားသမားပီပီ ဒဏ်ရာပြဿနာကြုံခဲ့ခြင်းသည် ရီးယဲလ်မက်ဒရစ်နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အတွက် နောက်တန်းခံစစ်ကြောင်းနှင့် ပတ်သက်၍ နောက်ထပ်ခေါင်းခဲစရာတစ်ခုဖြစ်လာခဲ့ပြီး အသင်းခေါင်းဆောင် ရာမို့စ်သည်လည်း ပခုံးဒဏ်ရာရရှိထားခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ထို့ကြောင့် စက်တင်ဘာ ၂၇ ရက်တွင် မာလာဂါအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်တွင် ဗာရာနီသည် ရီးယဲလ်မက်ဒရစ်အသင်း၏ ဗဟိုနောက်ခံလူအဖြစ် ပွဲထွက်လာဖွယ်ရှိကြောင်း သိရသည်။

(နိုင်လင်းကြည်)

၂၀၂၂ ကာတာကမ္ဘာ့ဖလား နိဝင်ဘာ ၂၁ ရက်တွင် စတင်ကျင်းပမည်

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို နိဝင်ဘာ ၂၁ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ အဆိုပါ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၈ ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး သာမန်ကျင်းပလေ့ရှိသည့်ကမ္ဘာ့ဖလားပြိုင်ပွဲများထက် ပြိုင်ပွဲကျင်းပချိန်တိုတောင်းနေကြောင်းလည်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် ပြိုင်ပွဲကျင်းပမည့် နောက်ဆုံးရက်ကို ဒီဇင်ဘာ ၁၈ ရက်အဖြစ် သတ်မှတ်ထားပြီး ၁၉၉၈ ခုနှစ်မှစတင်ကာ ၃၂ သင်းပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည့်နောက်ပိုင်း ပြိုင်ပွဲကျင်းပချိန်အတိုဆုံး ပြိုင်ပွဲလည်းဖြစ်လာခဲ့သည်။ ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၃၂ ရက်ကြာကျင်းပခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် စီစဉ်ထားခဲ့သည့် သတင်းစာရှင်းလင်းပွဲပျက်ပြယ်ခဲ့ရသော် လည်း ဖီဖာအနေဖြင့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့်ရက်ကို စက်တင်ဘာ ၂၅ ရက်က နှစ်ရက်ကြာ ကျင်းပခဲ့သည့် အမှုဆောင်အရာရှိများအစည်းအဝေးတွင် ဆုံးဖြတ်ချက်ချကာ ကြေညာခဲ့ခြင်းဖြစ်သည်။

ဖီဖာအနေဖြင့် ယခင်က မတ်လတွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း နွေရာသီအပူချိန်ကို ရှောင်ရှားနိုင်ရန်အတွက် ယခုကဲ့သို့ ကမ္ဘာ့ဖလားကျင်းပမည့်ရက်ကို ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။

(နိုင်လင်းကြည်)

အဲဗာတန်နောက်ခံလူ ဂျွန်စတုန်း ဝက်စ်ဘရွန်းနှင့် ပွဲစဉ်ပါဝင်လာမည်

အဲဗာတန်အသင်း နောက်တန်းကစားသမား ဂျွန်စတုန်းသည် စက်တင်ဘာ ၂၈ ရက်တွင် ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း အဲဗာတန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်က ထုတ်ဖော်ပြောကြားလိုက်သည်။

အင်္ဂလန်ကြယ်ပွင့် ဂျွန်စတုန်းသည် ဒူးဒဏ်ရာပြဿနာကြောင့် စက်တင်ဘာ ၂၂ ရက်က ရီးဒင်းအသင်းအား အနိုင်ရရှိခဲ့သည့် လိဂ်ဖလားပွဲစဉ်တွင် ပွဲကစားချိန် ၄၈ မိနစ်ကြာပြီးနောက် လူစားလဲခံခဲ့ရသည်။

သို့ရာတွင် အသက်(၂၁)နှစ်အရွယ်ရှိ ဂျွန်စတုန်းသည် ဝက်စ်ဘရွန်းအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပါဝင်လာရန်သေချာသည့် အနေအထားတွင် ရှိနေကြောင်း နည်းပြမာတီနက်ဇ်က ဆိုသည်။

(ငွေကြေး)

မရမ်းကုန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၄၀၀ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် မြို့သစ်(၁) လမ်းထိပ် ရိုးကြီးချောင်းအတွင်း စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဘုရင့်နောင်နယ်မြေစခန်း စခန်းမှူးရဲအုပ် သန်းဝင်း တာဝန်ယူဆောင်ရွက်နေစဉ် (၁) ရပ်ကွက် (၁) လမ်း ရိုးကြီးချောင်းအတွင်း စိတ်ကြွဆေးပြားများ တွေ့ရှိထားကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် အောင်ဇော်ဝင်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ မြို့သစ်(၁)လမ်းထိပ်နေ ဒေါ်စန်းစန်းရီ(၅၃) နှစ်သည် ရိုးကြီးချောင်းအတွင်း ကော်ဆယ်ရာမှ မြွေရေခဲ့အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၅၄၀၀ ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက သိမ်းဆည်းပြီး

မူးယစ်ဆေးဝါးဥပဒေအရ အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဘုရင့်နောင်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီ(သမိုင်း)

သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

၁၂ ဘီးယာဉ်နောက်ဘီးနှင့် နင်းမိ၍ သေဆုံး

ဂန့်ဂေါ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောကျေးရွာ ပုလဲ-ဂန့်ဂေါကားလမ်းတွင် စက်တင်ဘာ ၂၃ ရက် ညနေ ၅ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောကျေးရွာ ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၇၄/၃) နှင့် (၇၄/၄) အကြား ရှင်းသန်းလက်ဖက်ရည်ဆိုင်ရှေ့တွင် ပုလဲမှ ဂန့်ဂေါသို့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ နန်းထိုက် (၃၇) နှစ် မောင်းနှင်သည့် 8I/--- CID NISSAN ၁၂ ဘီးယာဉ်သည် ဂန့်ဂေါ-ပုလဲသို့ ထီးလင်းမြို့နယ် လျှော်ဖြူခင်ကျေးရွာနေ တင့်ဆွေ (၂၈)နှစ် မောင်းနှင်သည့် CZI PINBO 125 ဆိုင်ကယ်အား ၁၂ဘီးယာဉ်၏ ဝဲဘက်နောက်ပိုင်းနှင့် တိုက်မိပြီး ဆိုင်ကယ်လဲကျစဉ် ဝဲဘက်နောက်ဘီးဖြင့် နင်းမိ၍ တင့်ဆွေတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ၁၂ ဘီးယာဉ်မောင်း နန်းထိုက်အား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ညီညာ(မြေလတ်)

ခရီးသည်ထံမှ လုယက်ခဲ့သော ယာဉ်မောင်းနှင့် ပါဝင်သူများအား ဖမ်းဆီးအရေးယူ

ရန်ကုန် စက်တင်ဘာ ၂၆

လှိုင်မြို့နယ်နေ ကိုစိုင်းအောင်မိန်းသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က မြေနီကုန်းသို့ သွားရန်အတွက် လှိုင်မြို့နယ် ဗဟိုလမ်းနှင့် ရွာမကျောင်းလမ်းထိပ်မှ အငှားယာဉ် အမှတ် DD --- အား ငှားရမ်းစီးနင်းလာခဲ့ရာ ယာဉ်ပေါ်၌ ယာဉ်မောင်းနှင့်အတူ အခြားအမျိုးသားများလိုက်ပါလာပြီး ဗဟိုလမ်းအတိုင်း မောင်းနှင်လာစဉ် နာနတ်တော ခုံးတံတားအောက်အရောက် ယာဉ်အား ရပ်ကာ ယာဉ်၏ နောက်ဖုံးအတွင်းလိုက်ပါလာသော အမျိုးသားမှ ကိုစိုင်းအောင်မိန်းကို လုံးထွေးကာ ယာဉ်ပေါ်မှ တွန်းချပြီး ကိုစိုင်းအောင်မိန်း၏ မြန်မာငွေ၊ အမေရိကန်ဒေါ်လာ၊ ကမ္ဘောဒီးယားဖရန့်ငွေ၊ ATM ကတ်၊ နိုင်ငံသားစိစစ်ရေးကတ် စသည့် အသုံးအဆောင်ပစ္စည်းများ ထည့်ထားသော ခေါက်ပိုက်ဆံအိတ် တစ်လုံး၊ i Phone 6 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ Power Bank တစ်ခုတို့ကို ယူဆောင်၍ ယာဉ်အား မောင်းနှင်ထွက်ပြေးသွားကြသည်။

ယင်းသို့ ကျူးလွန်သူများအား ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်း ဆောင်ရွက်ခဲ့သည်။

တိုင်တန်းချက်တွင် ပါသည့် ပြစ်မှုကျူးလွန်သူများ အသုံးပြုခဲ့သော DD--- အငှားယာဉ်အား စုံစမ်းခဲ့ရာ ယာဉ်အမျိုးအစားနှင့် အရောင်တို့ကွဲလွဲခြင်းများရှိကြောင်း စိစစ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာဉ်အား ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ DD---- TOYOTA CALDINA အငှားယာဉ်ဖြစ်ကြောင်း သိရှိခဲ့ရသဖြင့် စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့ စုံစမ်းရှာဖွေလျက်ရှိစဉ် စက်တင်ဘာ ၂၂ ရက် နံနက်က အဆိုပါ DD--- TOYOTA CALDINA အငှားယာဉ်အား ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း၌ ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့၍ စစ်ဆေးခဲ့ရာ အခင်းဖြစ်စဉ်က အသုံးပြုမောင်းနှင်ခဲ့သူ ယာဉ်မောင်းမှာ လှိုင်သာယာမြို့နယ်နေ စံကီး(ခ) သက်ဇော်ဦး (၁၉)နှစ်ဖြစ်ကြောင်း သိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၎င်း၏ နေအိမ်တွင်တွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ အတူပါဝင်ကျူးလွန်သူများမှာ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဂိုးဒင်း (ခ) အောင်အောင်ဇော် (၂၁) နှစ်၊ အင်ဂျင်ဝိုင်(ခ) ခင်မောင်ထွန်း (၂၉)နှစ်နှင့် အောင်မိုးဟိန်း (၂၀)နှစ်တို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား လိုက်လံရှာဖွေကာ ဖမ်းဆီးခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ ယင်းသို့ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော အငှားယာဉ်နှင့် သက်သေခံပစ္စည်း i Phone 6၊ Power Bank တို့အား သိမ်းဆည်းနိုင်ခဲ့ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားကျူးလွန်မှုများ ရှိ၊ မရှိ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လက်ကိုင်ဖုန်းခိုးယူသူများကို လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေပြီး ဖမ်းဆီးအရေးယူ

ရန်ကုန် စက်တင်ဘာ ၂၆

မင်္ဂလာဒုံမြို့နယ်နေ ကိုထွန်းထွန်းလင်းသည် ညီမဖြစ်သူ ဆေးကုသမှုခံယူနေသော မြောက်ဥက္ကလာပဆေးရုံ သီတာဆောင်တွင် သူငယ်ချင်းနှစ်ဦးနှင့်အတူ စက်တင်ဘာ ၂၃ရက်တွင် လူနာစောင့်အဖြစ် သွားရောက်လုပ်ဆောင်နေပြီး ၎င်း၏ ဆင်းကတ်ပါလက်ကိုင်ဖုန်း သုံးလုံးကို လူနာခုတင်ဘေးရှိ ပစ္စည်းတင်သောခုံပေါ် တင်ထားခဲ့ကာ အဝတ်လျှော်သွားခဲ့ရာမှ ပြန်လာရာထားခဲ့သည့်ဖုန်းသုံးလုံးမှာ ပျောက်ဆုံးသွားခဲ့သည်။

ယင်းသို့ ဖုန်းများပျောက်ဆုံးကြောင်း မြောက်ဥက္ကလာပမြို့မရဲစခန်းမှ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားပြီး လိုက်လံစုံစမ်းရှာဖွေရာ မြောက်ဥက္ကလာပမြို့နယ် ဆေးတက္ကသိုလ် (၂)ရှေ့၌ လူငယ်နှစ်ဦးအား စစ်မေးရှာဖွေရာ ၎င်းလူငယ်များမှာ မြောက်ဥက္ကလာပမြို့နယ်နေ ဖြိုးသက်ပိုင် (၁၈)နှစ်နှင့် အောင်ခန့်ဝေ(၁၈)နှစ် တို့ဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့ထံက ကိုထွန်းထွန်းလင်း ပျောက်ဆုံးသွားသည့် ဖုန်းသုံးလုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ခဲ့ကြသူ ဖြိုးသက်ပိုင်နှင့် အောင်ခန့်ဝေတို့နှစ်ဦးအား မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

မွန်ပြည်နယ်တွင် ရွှေ့ပြောင်းလုပ်ကိုင်သူများထဲ၌ HIV ပိုးတွေ့ရှိမှုများပြား

မော်လမြိုင် စက်တင်ဘာ ၂၆

မွန်ပြည်နယ်အတွင်း၌ နယ်စပ်ဒေသတစ်ဖက်နိုင်ငံကတစ်ဆင့် ဝင်ရောက်ပြောင်းရွှေ့လုပ်ကိုင်သူအများစုမှာ လိင်ဆက်ဆံအပျော်အပါးလိုက်စားသူများပြားနေ၍ ယင်းတို့တွင် HIV ရောဂါပိုးကူးစက်ခံနေရသူပိုမိုများပြား ဖြစ်ပွားနေကြောင်း မော်လမြိုင်မြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့ ခေါင်းဆောင် ဒေါက်တာမင်းသူက ပြောသည်။

အဆိုပါ ရွှေ့ပြောင်းလုပ်ကိုင်သူများရှိ HIV ရောဂါဖြစ်ပွားသူများထဲတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုရောဂါဖြစ်ပွားနေကြောင်း ယင်းတို့၏ အသက်အရွယ်မှာ အသက် ၂၀ ဝန်းကျင်မှ အသက် ၃၀ အရွယ်များဖြစ်ကြောင်း အဆိုပါ ဒေါက်တာမင်းသူက ဆက်လက်ပြောသည်။

မွန်ပြည်နယ်အတွင်း အစိုးရပြည်သူ့ကျန်းမာရေးဌာနများအပြင် မွန်ပြည်နယ်အခြေစိုက် နိုင်ငံတကာအရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ HIV ရောဂါဖြစ်ပွားနေသူ ဝေဒနာရှင်များအား လစဉ် နှစ်လတစ်ကြိမ်ဝေဒနာရှင်များအား အခမဲ့ကူညီထောက်ပံ့ပေးနေသော ART ဆေးဝါးသောက်သုံးသူ လူနာပေါင်းမှာ ၂၅၇၀ ဦးရှိကြောင်း သိရသည်။

ယင်းမြို့နယ်တွင် အဆိုပါ HIV ရောဂါပိုးကူးစက်ခံရသည့် ကလေးဝေဒနာရှင်များမှာ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသေးပြီး တစ်နှစ်တာကာလတွင် ပျမ်းမျှ ရောဂါဝေဒနာရှင်နှစ်ဦးလောက်သာ သေဆုံးမှုရှိကြောင်း၊ သို့ရာတွင် ART ဆေးဝါးကို အချိန်မီသောက်သုံးပါက သာမန်လူကောင်းတစ်ဦးကဲ့သို့ ပုံမှန်ကျန်းမာရေးအခြေအနေကို ရရှိမှာဖြစ်ပြီး အချိန်မှန်မသောက်သုံးမိပါက ပြန်လည် ဆက်သွယ်ရမည်ဖြစ်ပြီး စိတ်ပိုင်းစိတ်ရာ ဆွေးနွေးနှစ်သိမ့်မှုများ ခံယူရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခင်က နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများက HIV လူနာများအား ART ဆေးဝါးကို အဓိကပေးနေစဉ်က အစိုးရ ပြည်သူ့ကျန်းမာရေးဌာနများအနေဖြင့် HIV ပိုးကူးစက်ခံရသူများကို ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်ခဲ့သော်လည်း လက်ရှိတွင် နိုင်ငံတော်အစိုးရက ကျန်းမာရေးအတွက် ဘက်ဂျက်ငွေပမာဏကို မြင့်မားစွာ သုံးစွဲလာသည်နှင့်အမျှ ဆေးရုံအများအပြားတွင်လည်း ART ဆေးဝါးများရရှိမှုပမာဏများပြားလာကြောင်း ၎င်းက ဆိုသည်။

ယခင်က အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဆေးဝါးထုတ်ယူသူ ဝေဒနာရှင်များမှာ ယခုအခါ အစိုးအရပြည်သူ့ကျန်းမာရေးဦးစီးဌာနများဆီမှ ဆေးဝါးထုတ်ယူမှုများလာခြင်းကြောင့် ဆေးပမာဏထုတ်လုပ်မှုများလည်း မြင့်တက်လာပြီး HIV ရောဂါဖြစ်ပွားနေသူလူနာအရေအတွက်များ ပြားလာသည့်အခြေအနေများဖြစ်ပေါ်နေကြောင်းသိရသည်။

သို့ရာတွင်လူနာများအတွက် အခြေခံအဆောက်အအုံများမှာ လုံလောက်မှုရှိကြောင်း၊ သို့သော် ဆေးပညာရှင်ဆရာဝန်များ၊ လုပ်ငန်းကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ၏ အင်အားမှာ လုပ်ငန်းခွင်၌ အားနည်းနေသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ **ထွဋ်ထွဋ်(ဓရး)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဟားခါးဦ့ဒေသအသိပညာပေး

ဟားခါး စက်တင်ဘာ ၂၆

ချင်းပြည်နယ် ဟားခါးမြို့တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ သွားလာမှု တစ်နေ့တစ်ခြား ပိုမိုများပြားရှုပ်ထွေးလာလျက်ရှိရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားခြင်း မရှိသူများအား ရပ်တန့်စေ၍ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ဗိုလ်ချုပ်လမ်း ပြည်ထောင်စုရိပ်သာအနီး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောရာ၌ အမှတ်(၁၃) ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲ(ချင်း)မှ ယာဉ်ထိန်းရဲမှူးအင်နီဖိုင်းက မိမိတို့၏ အသက်အန္တရာယ် ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်းနှင့်အညီ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားကြရေး၊ မော်တော်ဆိုင်ကယ်တစ်စီးလျှင် လူနှစ်ဦးထက်ပိုမစီးရေး၊ ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပြီး မိမိတို့လက်ဝယ်ထားရှိရေးတို့ကို ဟောပြောပြီးလိုက်နာဆောင်ရွက်ခြင်းမရှိပါက မော်တော်ယာဉ်ဥပဒေအရ အနိမ့်ဆုံးဒဏ်ငွေ ကျပ်သိန်း၅၀ အထိ ချမှတ်အရေးယူဆောင်ရွက်နိုင်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ **ဟားခါးခရိုင်(ပြန်/ဆက်)**

ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်ပေးရေး တပ်ကုန်းမြို့နယ်တွင် ဆောင်ရွက်ပေး

တပ်ကုန်း စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဦးစီးကျင်းပသည့် Community Clinic (ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်ပေးရေး) ကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျန်းမာရေးဌာနခွဲ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းတွင် သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် အသက်ငါးနှစ်အောက်ကလေး၊ ဆယ်ကျော်သက်ပျိုရွယ်သူတို့ကို အဖွဲ့လေးဖွဲ့ခွဲကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း၊ ကလေးအထူးကု ဒေါက်တာညိုသက်ဆွေ၊ ဌက်ဖျားကြီးကြပ်ဆရာ ဦးတင်အေး၊ မိခင်နှင့်ကလေး ကျန်းမာရေးဆရာမဒေါ်သင်းသင်းလှိုင်နှင်း ကျန်းမာရေးဆရာမများတို့က အရွယ်လိုက် ကျန်းမားရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဆွေးနွေးပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့်ပြည်သူများကို အဟာရဖြည့်စွက်အစားအစာများ ကျွေးမွေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အသက်အရွယ်လိုက်လိုအပ်သော ဆေးဝါးများ အခမဲ့ပေးဆောင်ခဲ့ခြင်းနှင့် အဘိုးအဘွား ၁၅ ဦး၊ နို့တိုက်မိခင် ၂၀ ဦးကိုယ်ဝန်ဆောင်မိခင် ၂၃ဦး၊ ဆယ်ကျော်သက်ပျိုရွယ်သူ ၃၀ တို့ကို ကျန်းမာရေးဆောင်ရွက်ပေးခဲ့သည်။ **တင်စိုးလွင်**

MGY

မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

'အပါယ်တံခါးပိတ်စေဖို့ မြတ်ဗြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'

သံဃေနိယလေးဌာန၊ အဝိဇ္ဇာတေလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ ရက် (၉ သိန်း)

သံဃေနိယလေးဌာန၊ အဝိဇ္ဇာတေလေးဌာန၊ တာဂျိုမဟာ၊ နမူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ ရက် (၁၀ သိန်း)

၁၄/၁၅ ရက် - အောက်တိုဘာ ၁၆ (ပြည့်ပြီး)၊ နိုဝင်ဘာ ၁၁ (၁၂ လို)၊ ဒီဇင်ဘာ ၉၊ ဇန်နဝါရီ ၆၊ ဖေဖော်ဝါရီ ၁၀၊ မတ် ၂၊ ဖြေ ၈။

၁၁/၁၂ ရက် - ဇန်နဝါရီ ၂၇ (၁၅ လို)၊ မတ် ၂။ ဟိုတယ်(၂)ညအခ်ိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်

ခရီးစဉ်တိုင်းတွင် သံဃာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၆/-)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦးခွဲ၀%၊ ၅ ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦးနှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင်စီစဉ်ပေးပါသည်။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဒေါ်စဉ်(၂)လမ်း၊(၂၄)ရပ်ကွက်၊သုဝဏ္ဏ၊သဃ်ိုးကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၁-၆၅၀၁၆၄၊ ၀၁-၆၅၀၁၆၅၊ ၀၁-၆၅၀၁၆၆ ၀၉-၄၂၀၃၃၂၂၂၊ ၀၉-၄၂၀၃၃၂၂၃ ၀၉-၄၂၀၃၃၂၂၄

www.myatgoneyaung.com လိုင်စင်အမှတ် - ၁- ၂၀၀၅ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၃၁၀/ ၂၀၁၅ - ၂၀၁၆(ဂဏ) mgytravel@gmail.com

Job Vacancy

Site Civil Engineer - (1) Post (Male)
Experience - 5 years
Education - AGTI/ /B.Tech/ BE
Qualification - Site Control (Ygn& others)
- Good Management
- Basic English 4skills

Auto Cad 3D Designer - (1)Post (F/M)
Experience - 3 years
Education - Any Graduate or Diploma
Qualification - Ability to be both at site & office
- Basic English 4skills

Overall Service Management Co.,Ltd
No.331/B, Thudhamma Rd, Nga Ward,
North OkkalapaTsp, Yangon
Ph: 09250322223 (Office time)
E-mail: staung76@gmail.com

မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့

"သာသနာပြုဧရိယာများ စိတ်ချမ်းခြေရှာဘုရားဖူးပို့ မြတ်ဗောဓိသာရေးချယ်ခိုင်"

၁။(၈) ရက် ⇨ USD 660 + ၂ သိန်း } သံဃဇနိယလေးဌာန၊ အဝိဇ္ဇာတေ ဆုံးဌာန (အိန္ဒိယ - နီပေါ)

၂။(၁၂)ရက် ⇨ USD 700 + ၂ သိန်း } သံဃဇနိယလေးဌာန၊ အဝိဇ္ဇာတေလေးဌာန၊ နမူး၊ ဒေလီ၊ တေဇိန္ဒိုးတော (အိန္ဒိယ - နီပေါ) ဘရိုးစဉ်အားလုံးဈရိတ်ပြီပဲ

ရုပ်ပုံတော်၊ သီလရှင်၊ ပင်စင်စားပုဂ္ဂိုလ်တစ်ဦးလျှင် - ၁၀၀၀၆/ - Passport ရှိသူ - ၃၀၀၀၆/- (၅)ဦးတစ်စုလျှင် - ၅၀၀၀၆/(၁၀)ဦးတစ်စုလျှင် - ၂၀၀၀၆/ - လျှော့ပေးသည်။ (၁၆)ဦး တစ်စုလျှင် တစ်ဦးအခမဲ့ လိုက်ပါပို့ဆောင်ပါသည်။ နယ်မခရီးသည်များအတွက် ကြိုး-ပို့ တည်းခိုခန်ထိုင်ခေး စီစဉ်ပေးသည်။ သစ်ဝင်းကွင်း၊ ဟာနာနို့လွှင်း၊ ရေမွှေးဆန်းနှင့် India GSM Simcard နှင့် ကာဇေါတွင် Internet Wifi မေတ္တာလက်ဆောင် ပေးပါသည်။ နမူးဒေလီ(4-Star)ဟိုတယ်တွင် ညအိပ်၌ နံနက်/ ခေနလည်/ ညစာဖြင့် ကျွေးမွေးဧည့်ခံပါမည်။ ကားညာမောင်းခရီးစဉ် (လုံး၀) လုံး၀ မပါပါ။ ဝိသာခုဒအဖွဲ့အစည်းများအတွက် အထူးခရီးစဉ်များ စီစဉ်ပေးပါသည်။

၁၅ ရက် - (Oct-7), (Nov-11), (Dec-2,16,30), (Jan-13,27), (Feb-10,24), (Mar-9,23),(April-6 ဆင်းနှုန်းစီးစဉ်)

၁၂ ရက် - (Nov-11), (Dec-2,16,30), (Jan-13), (Feb-1,15,29), (Mar-14), (April-11 ဆင်းနှုန်းစီးစဉ်)

၈ ရက် - (Nov-25), (Dec-9,30), (Jan-6,13,20), (Feb-5, 12, 19), (Mar-4,11,18), (April-11 ဆင်းနှုန်းစီးစဉ်)

အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)အခန်း(၃/အေ)လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com

Skin Care Academy

အခြေခံအသားအရေထိန်းသိမ်းကုထုံးများ ကုသမှုသင်တန်း

Dr Face

ဆက်သွယ်ရန် - ဒေါ်(၅)၊ မလိဒေါ်ရတို့ကိုက်တန်းသစ်၊ ရတနာလမ်းမ၊ သဃ်ိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၁၃၃၃၇၅၊ ၀၉ ၅၁၁၃၃၃၇၆၊ ၀၉ ၅၁၁၃၃၃၇၇

ကားရောင်းမည်

TOYOTA WISH 2004
1.8, Pearl White, org.TV
Round Skirt, Back Camera,
နောက်ဆုံးနံပါတ်အပြည့်ပေါက်အပြီးအစီး
ဈေးနှုန်း - ၁၇၀ သိန်း (ညှိနှိုင်း)
09-5410799, 09-798188896

ယစ်မျိုးလိုင်စင် FL - 12 နှင့်
စတိုးဆိုင်သုံးရေခဲသေတ္တာ
အဟောင်း(၂)လုံး လျှော့ဈေးဖြင့်
အမြန်ရောင်းလိုပါသည်။
ဆက်သွယ်ရန်။ 09-5410799,
09-798188896

ခွေးရောင်းမည်

Labrada	2	-လ
Alsation	4	-လ
Golden Retriever	2	-လ

နိုင်ငံခြားခွေးမိုးစုံအော်ဒါမှာယူနိုင်ပါသည်။
HP -09-73115356

ဖတ်စရာ

မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများကို ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်တွင် တစုတစည်းတည်း လေ့လာဝယ်ယူနိုင်

à ကိမ်တမန်

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မြန်မာ့လက်မှုအနုပညာပစ္စည်းများကို အမြတ်တနိုးလေ့လာဝယ်ယူကြသည်။ ပုဂံဒေသတွင် လက်တွေ့ရက်လုပ်နေသော ယွန်းထည်လုပ်ငန်းကြီးများနှင့်တွဲဖက်ကာ ယွန်းထည်ပစ္စည်းများနှင့် အခြားလက်မှုအနုပညာပစ္စည်းများကို တွဲဖက်ရောင်းချကြသည်။ မန္တလေးမြို့တွင်လည်း မြန်မာ့လက်မှုအနုပညာပစ္စည်းများကို ခရီးသွားဧည့်သည်များ စိတ်ဝင်စားစေရန် ပဒေါင်တိုင်းရင်းသားများကိုယ်တိုင် သရုပ်ပြရက်လုပ်သည့်ဆိုင်တချို့လည်း ရှိသည်။

မြန်မာ့လက်မှုအနုပညာပစ္စည်းများကို နိုင်ငံတကာခရီးသွားဧည့်သည်များသာမက ပြည်တွင်းဧည့်သည်များပါ တစုတစည်းတည်းဝယ်ယူနိုင်သောဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်မှာ ဒေသခံများနှင့် လိုင်းကားဆရာများက အလွယ်တကူခေါ်လေ့ရှိသည့် ရတနာပူရပြတိုက်ပင်ဖြစ်သည်။ အလွယ်အားဖြင့် ရတနာပူရပြတိုက်ဟုခေါ်သောဆိုင်မှာ သမဝါယမဝန်ကြီးဌာန မန္တလေးတိုင်း မြို့နယ် သမဝါယမအသင်းစု ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်ပင်ဖြစ်သည်။ ဆိုင်အတွင်းဝင်လိုက်သည်နှင့် ပန်ခြံ၊ ပန်းပု၊ ယွန်းထည်များနှင့် အခြားဝါးဖြင့်ပြုလုပ်ထားသည့် ပန်းပုများမှာ ဆွဲဆောင်မှုရှိလှသည်။ ပန်းဆယ်မျိုးကို စုံလင်အောင်ပြသရောင်းချထားသောဆိုင်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပန်းတိမ်ပညာဖြင့်ပြုလုပ်ထားသော လက်ရာမြောက် ငွေထည်မျိုးစုံ၊ ပန်းပုပညာဖြင့်ထုလုပ်ထားသော လောကနတ်ပန်းပုံမှအစ အခြားလက်ရာများစွာ၊ ပန်းချီလက်ရာကောင်းများ၊ ပန်းယွန်းပညာဖြင့်ပညာလုပ်ထားသော ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ ပန်းပွတ်ပညာဖြင့်ပြုလုပ်ထားသော လှပသည့် ပန်းပုပစ္စည်းမျိုးစုံ၊ ပန်းတော့လက်ရာများ၊ ပန်းတမော့လက်ရာရုပ်တုများ၊ ကြေးနီ၊ ကြေးဝါများဖြင့် ပြုလုပ်ထားသည့် ပန်းတဉ်းလက်ရာများနှင့်အတူ ကျောက်စိမ်းထည်များ၊ ရုပ်သေးများ၊ တိုင်းရင်းသားအဝတ်အထည်များကို ပြသရောင်းချထားသည်။

သစ်သားများဖြင့်ပွတ်ခံကာ ပြုလုပ်ထားသည့် ရေနွေးကရားအိုးများ၊ ဝိုင်ခွက်ကလေးများ ယွန်းသေတ္တာကလေးများနှင့် အခြားလက်ရာမြောက် မြန်မာ့လက်မှုအနုပညာပစ္စည်းစုံကို လေ့လာဝယ်ယူနိုင်သည်။ ဆိုင်ခန်းပြင်ဆင်ပုံမှအစ သပ်ရပ်သန့်ရှင်းကာ ကြည့်ရှုလေ့လာသူတိုင်း ငေးမောနေရလောက်အောင် ဆွဲဆောင်မှုရှိလှသည်။ မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များကိုလည်း ပြသသင့်သည့်နေရာဖြစ်ကာ မြန်မာ့လက်မှုအနုပညာပစ္စည်းများနှင့် အနုပညာမြောက်လက်ရာများစွာကို ဂုဏ်ယူဖွယ် တွေ့မြင်နိုင်ပြီး တစ်နေရာတည်းတွင် ပစ္စည်းမျိုးစုံဝယ်ယူနိုင်သောနေရာအဖြစ် တည်ရှိနေသည်။

မဲရုံလုံခြုံရေး ရဲလုပ်ငန်းစဉ်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆွေးနွေး

မောက်မယ် စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေအား ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ၂၀၁၅ခုနှစ်တွင်ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဦးထွန်းအောင်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့နယ်ဖွဲ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပြီး ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များဖြစ်သည့် မူခင်းကျဆင်းရေးဆောင်ရွက်နေမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း မဲရုံလုံခြုံရေးနှင့်ပတ်သက်၍ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ တွေ့ကြုံနိုင်သည့်အခက်အခဲများ၊ မဲရုံရေရိယာအတွင်း အနှောင့်အယှက်မပေးနိုင်အောင် လုံခြုံရေးများချထားပေးမည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့သည်။ **နိုင်းမျိုးသန့်(ပြန်/ဆက်)**

အသက်ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်

ချောင်းဦး စက်တင်ဘာ ၂၆

အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများသည် စက်တင်ဘာ ၂၄ ရက်က ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရသည့်အကြောင်းများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံကျော် မင်းသားဖိုးချစ်က ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်ကောင်းမွန်ရေး၊ စည်းကမ်းလိုက်နာရေး၊ အတန်းပညာကို ကြိုးစားသင်ယူရေးတို့ကို ပြောကြားခဲ့သည်။ ယင်းနေ့က ချောင်းဦး အ. ထ. ကမှ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်အောင်[၁၂/ဥကမ(နိုင်) ၀၅၇၇၂၅၂၂၏ မော်တော်ယာဉ်တင်သွင်းခွင့် (သွင်းကုန်ပါမစ်) (ISP 3 15-16-6995) (21-7-15)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **Ph:09-5187185**

အမည်ပြောင်း

အဖဦးထွန်းမြင့်အောင်[၁၂/လသယ(နိုင်)၀၄၁၅၃၆၂၏သား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ အထက(၅) သတ္တမတန်း(A)မှ မောင်သော်ဇင်ဟိန်းအား မောင်သော်ဇင် ဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သော်ဇင်**

အမည်ပြောင်း

အမက(၁၀)လခွဲ၊ လှိုင်၊ တတိယတန်း(ခ)တွင် ပညာသင်ကြားနေသော အဖဦးဇော်မင်းနိုင်၏သားဖြစ်သူမောင်သျှင်းသန့်ဇော်အား သျှင်းခန့်ဇော် ဟုပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၂၅၅၆၅၂ ပိုင် ဖတ်(စ)၁၆၇/ဂွန်ကုမ္ပဏီ လီမိတက်၏ မှတ်ပုံတင်လက်မှတ်အမှတ် (၅၈၁၄/၂၀၁၄-၂၀၁၅)မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၈၇၉၅

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၂၅၅၆၅၂ပိုင် ဖတ်(စ)၁၆၇/ဂွန်ကုမ္ပဏီ လီမိတက်၏ ထုတ်ကုန်သွင်းကုန်ကတ်ပြား (Registration No.36376 (04-05-15) မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၈၇၉၅

ကားရောင်းမည်

Caldina(GT) (ကြက်တူရွေး)
အမည်ပေါက် အိမ်စီးကားသန့်
Ph : 09-5029641, 09-250142828

အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသော အသင်းသား (မြန်မာ/နိုင်ငံခြားသား)တချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေးပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသဖြင့် တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာ ပေးပို့၍လည်းကောင်း၊ နေ့စဉ်ထုတ် အင်္ဂလိပ်/မြန်မာသတင်းစာများတွင် ထည့်သွင်းကြော်ငြာ၍လည်းကောင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၃)နှစ်နှင့်အထက် လစဉ်ကြေးများပေးသွင်းရန် ပျက်ကွက်လျက်ရှိသည့် အသင်းသားများအနေဖြင့် ၃၁-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပြီး လစဉ်ကြေးများကို လာရောက်ပေးသွင်းကြပါရန်နှင့် ပျက်ကွက်သည့် အသင်းသားများအား ၁-၁၁-၂၀၁၅ ရက်မှစ၍ အသင်းသားအဖြစ်မှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အထွေထွေမန်နေဂျာ
မြို့တော်ဂေါက်ကွင်း

Golden Gate Int'l Development Co.,Ltd. ဝန်ထမ်းအလိုရှိသည်

၁။ **Chief Engineer [M.E/B.E(Civil)]** (၃)ဦး
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူဖြစ်ရမည်။

၂။ **Project Engineer [M.E/B.E(Civil)]** (၃)ဦး
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူဖြစ်ရမည်။

၃။ **Site Engineer[B.E/B.Tech/AGTI(Civil)]** (၃)ဦး
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူဖြစ်ရမည်။

၄။ **QC/QS Engineer** (၃)ဦး
B.E/B.Tech/AGTI (Civil) Estimate တွက်ချက်မှု
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူဖြစ်ရမည်။

၅။ **Project Manager** (၃)ဦး
ဘွဲ့ရ၊ Construction Management အတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။

၆။ M & E Engineer (၃)ဦး
B.E(Mechanical & Electrical) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူဖြစ်ရမည်။

၇။ Store Staff (၃)ဦး
(၁၀)တန်းအောင်၊ Store လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက် ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ မျှော်မှန်းလစာနှင့်အတူ Golden Gate Int'l Development Co.,Ltd. သို့ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက် လျှောက်ထား နိုင်ပါသည်။

E-mail:goldengate@ggintldev.com

အမှတ်(၂၁၉) သစ္စာလမ်းမကြီး၊ (၁၃)ရပ်ကွက်၊ (သံလမ်းမှတ်တိုင်အနီး) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် **01-8551334၊ 01-560049၊ 09-49202920၊ Fax : 01-560050**

Evercare Pharma Company Limited

(1) Sales and Marketing Supervisor ကျား/မ(၂)ဦး
အသက်၃၀-၄၀ နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၅-၇နှစ်
နယ်ခရီးသွားနိုင်ရမည်။
(မေ့ဆေးအတွေ့အကြုံရှိသူဦးစားပေးမည်။)
လစာ ၅သိန်း(သို့)ညှိနှိုင်းလစာ

(2) Product Manager ကျား(၂)ဦး
M.B.,B.S အတွေ့အကြုံအနည်းဆုံး ၁နှစ်
**နယ်ခရီးသွားနိုင်ရမည်။
(Surgical field အတွေ့အကြုံရှိသူဦးစားပေးမည်။)
လစာ ၅သိန်း(သို့) ညှိနှိုင်းလစာ

(3) Medical Representative ကျား/မ(၅)ဦး
အသက် ၂၀-၂၅နှစ်
(B.Pharm)အတွေ့အကြုံ ၁-၂ နှစ်

(4) Sale Representative ကျား/မ(၂)ဦး
အသက် ၂၀-၂၅ နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၁-၂ နှစ်

(5) Delivery and Helper ကျား(၁)ဦး
အသက် ၂၀-၂၅နှစ်

Office hour: 9:00am to 6:00pm (Mon-Fri), 9:00am to 12noon(Sat)
N0.55(Ground floor), 52nd street, BotahtaungTsp, Yangon.
Ph:01-296716, 01-9010691, 09-254279029

လေကြောင်းသိုရန် ကုကွလံ အလံမလှဲ အားစမ်းပွဲတည့်

ဘိုးရင်း ဂျက်လေယာဉ် အစင်း ၃၀၀ ဝယ်ယူရန်နှင့် တရုတ်နိုင်ငံ၌ လေယာဉ်တပ်ဆင်ရေးစက်ရုံ ထူထောင်ရန် သဘောတူညီချက် ရရှိခဲ့သည်။

မျက်မှောက်ကမ္ဘာတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊စစ်ရေး စသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။
(စာတည်း)

à ကိုရင်ဩ

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များသည် အမေရိကန် ခရီးစဉ်အတွင်း အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းဒေသ၌ မကြုံစဖူး ထူးထူးကဲကဲ စီးပွားရေးဆွယ်တရားဟောပွဲများကို အပြိုင်အဆိုင်ပြုလုပ်ကြကာ ဟန်ရေးပြလျက်ရှိကြသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြမိုဒီတို့သည် ကြုံတောင့်ကြုံခဲ တိုက်တိုက်ဆိုင်ဆိုင်ပင် အမေရိကန်ပြည်ထောင်စု ပစိဖိတ်အနောက်ဘက်ကမ်းရိုးတန်းဒေသအခြေစိုက် ကော်ပိုရေးရှင်းကြီးများ၏ ခေါင်းဆောင်များနှင့် အသီးသီး အသကအသက တွေ့ဆုံကြပြီးလျှင် မိမိ၏နိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ဆတက်ထမ်းပိုး အကျိုးစီးပွားရရှိနိုင်ပုံကို ဆွယ်တရားဟောကြလေသည်။

ကမ္ဘာနှင့်ချီ ဖြန့်ကြက်လုပ်ကိုင်နေသော အမေရိကန်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုများ စီးမျောဝင်ရောက်လာရေးအတွက် တရုတ်သမ္မတ ရှီက ဆီယက်တယ်တွင်လည်းကောင်း၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီက အနောက်ဘက်ကမ်းရိုးတန်း ဆန်ဖရန်စစ္စကို ပင်လယ်အော်ရှိ ဆီလီကွန်ဗယ်လီတွင်လည်းကောင်း ခရီးနှင်ကြပြီးသကာလ လေတစ်လုံး မိုးတစ်လုံး စည်းရုံးကြသည်ကို ကျွန်ုပ်တွေ့မြင်ရလေသည်။

တရုတ်နှင့် အိန္ဒိယခေါင်းဆောင်တို့၏ အဓိကအကျဆုံး ခရီးစဉ်ရည်မှန်းချက်ပန်းတိုင်မှာ ကုလသမဂ္ဂအထွေထွေညီလာခံ ဖြစ်လင့်ကစား ကျွဲကူးရေပါဆိုသကဲ့သို့ ရင်းနှီး မြှုပ်နှံရေးကိစ္စကိုလည်း အလေးပေးကာ ဆောင်ရွက်ကြလေသည်။

မိမိတို့နိုင်ငံအသီးသီး၏ ခမ်းနားကြီးကျယ်လှသော စျေးကွက်ကြီးများအတွင်းသို့ အမေရိကန်ကော်ပိုရေးရှင်းကြီးများ ဝင်ရောက်လုပ်ကိုင်လာနိုင်ရေးအတွက် စည်းရုံးနားချရာတွင် သံသယထွေပြားဝေဝါး နေသူများကို ချေဖျက်ရသည်လည်းရှိ၏။ ချီတုံချတုံဖြစ်နေသူများကို စိတ်ညှို့ရသည်လည်းရှိ၏။

အမေရိကန်သည်ကား မိုဒီအတွက် စိတ်တူကိုယ်မျှ စိတ္တဇပ္ပါဒ်ချင်းလည်း သဟာဇာတမျှတ၏။ သို့ဖြစ်စေကာမူ လုပ်ငန်းတူအစုစပ်ဖြစ်လာခြေရှိသော အမေရိကန်ရင်းနှီးမြှုပ်နှံသူများက အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် ပျူရိုကရေစီယန္တရား တိုးတက်လာမှုကို တွေ့မြင်လိုကြသေးသည်။

အမေရိကန်ရင်းနှီးမြှုပ်နှံသူတို့ တရုတ်နိုင်ငံအပေါ် ရှုမြင်ပုံမှာ လတ်တလောဖြစ်ပေါ်နေသော ဝိရောဓိတရားများအရ ချင့်ချင့်ချိန်ချိန် ဆောင်ရွက်အပ်သည်ဟု ယူဆရဖွယ်ရှိနေသည်။

စီးပွားရေးအရ
ခေါင်းတလူ မောင်းတလူနိုင်ငံများ

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည်ကား ပစ္စက္ခကာလ၌ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေးတိုးတက်နေသော ဒေါင်းတလူမောင်းတလူ နိုင်ငံများဖြစ်ကြလေသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးနှင့်နှိုင်းဆသော် ၄ ဒသမ ၅ ဆ ပိုမိုကြီးထွားနေ၏။ တရုတ်နိုင်ငံသည် လွန်လေပြီးသော ၂၅ နှစ်တာကာလပတ်လုံး စီးပွားရေးကို ဇက်ကုန်လွတ်၍ တည်ဆောက်ခဲ့ရာ အိန္ဒိယနိုင်ငံ၏စီးပွားရေးထက် ပိုမိုလျင်မြန်စွာ တိုးတက်ခဲ့လေသည်။

သို့ရာတွင် တရုတ်နိုင်ငံထက် အိန္ဒိယနိုင်ငံက စျေးကွက်ကို ပိုမိုဖွင့်ပေးထားသည်။ နိုင်ငံတကာ၌ ဖြန့်ကြက်လုပ်ကိုင်လျက်ရှိကြသော ကုမ္ပဏီများကို အိန္ဒိယစျေးကွက်က ပိုမို၍ ကမ်းလှမ်းကြဆိုသည်။

နည်းပညာဆိုင်ရာ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများကို ပိုမိုဆွဲဆောင်နိုင်ရန် အိန္ဒိယနိုင်ငံကကြိုးပမ်းခဲ့ပြီး မော်တော်ယာဉ်နှင့် ဆက်သွယ်ရေးကဲ့သို့သော လုပ်ငန်းကဏ္ဍများ၏ စျေးကွက်များကို အိန္ဒိယက ပိုမိုဖွင့်ပေးခဲ့လေသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးမူဝါဒအရ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများထဲမှသာ ချန်ပီယံများ မွေးထုတ်လို၏။ တက်ခနဲလော်ဂို ဖွံ့ဖြိုးမှုအစဉ်တွင် အမျိုးသားလုံခြုံရေးကို မျက်ခြည်ပြတ်မခံလိုပေ။

အမေရိကန်၏ ထိတ်ထိတ်ကြဲကုမ္ပဏီကြီးဖြစ်သော မိုက္ကရိုဆော့ဖ်သည် ၁၉၉၀ ပြည့်လွန် အစောပိုင်းနှစ်များမှစ၍ တရုတ်စျေးကွက်တွင် ခြေကုပ်တစ်နေရာ ရရှိခဲ့သည်။ သို့ရာတွင် တရုတ်စျေးကွက်မှ ပေါ်ထွက်လာသော စီးပွားရေးအကျိုးအမြတ်မှာ သာမန်ကာလျှံကာမျှသာဖြစ်သည်ဆို၏။ သမိုင်းကြောင်းကို မွှေနှောက်လေ့လာသော် မိုက္ကရိုဆော့ဖ်ကုမ္ပဏီသည် တရုတ်စျေးကွက်နှင့် သဟဇာတရှိခဲ့ပြီး အိန္ဒိယစျေးကွက်ကို အားကိုးအားထား မပြုခဲ့သည်ကို တွေ့ရသည်။

စီးပွားရေးအရ အမြော်အမြင်ကြီးမားသူအဖြစ် သတင်းထွက်လာသော မိုဒီနှင့် အမေရိကန် ဆီလီကွန်ဗယ်လီမှ အကြီးတန်းစီမံခန့်ခွဲသူများအကြား သပွာယဖြစ်သည့်လက္ခဏာများကို ပြသလာခြင်းကြောင့် အမေရိကန်နည်းပညာကုမ္ပဏီများ အိန္ဒိယစျေးကွက်ဘက်သို့ တစ်ကျော့ပြန် ဦးလှည့်လာကြဦးမည်လောဟု ကျွန်ုပ်တွေးဆမိပြီး တရုတ်နိုင်ငံကလည်း အစဉ်အလာအရ အမေရိကန်နည်းပညာကုမ္ပဏီကြီးများနှင့် လိုက်လျောညီထွေဆက်ဆံခဲ့မှုကို အထိခိုက်ခံလိုဖွယ်မရှိချေ။

အမေရိကန်၏ မည်သည့်နည်းပညာကုမ္ပဏီမဟူ တူညီစွာလက်ခံသည့် သဘောထားအမြင်တစ်ရပ်မှာ ခြင်းတောင်းတစ်လုံးထဲ ကြက်ဥအားလုံးကို ထည့်ထားလိုခြင်းမရှိမှု ဖြစ်၏။ တစ်နည်းဆိုသော် အမေရိကန်နည်းပညာကုမ္ပဏီများသည် တရုတ်နိုင်ငံ၌ အခြိုကြီးရင်းနှီးမြှုပ်နှံလိုသကဲ့သို့ အိန္ဒိယနိုင်ငံ၌လည်း အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံလိုသည်ဟု အကဲခတ်ရလေသည်။

တရုတ်နှင့်အိန္ဒိယ စျေးကွက်များအတွင်းသို့ ဝင်ရောက်ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ လူမှုရေးပြဒါးခိုင်ကို ထောက်ချင့်ကာ လူအခွင့်အရေးစံနှုန်းများ မြှင့်တင်ရေးအတွက် အမေရိကန်စီးပွားရေးခေါင်းဆောင်များက ဖိအားပေးကြရန် အမေရိကန်လူအခွင့်အရေးလှုပ်ရှားသူများ၏ ပိန်းဗောင်းသံများကို ကျွန်ုပ် ကြားသိရလေသည်။

ရင်းနှီးမြှုပ်နှံမှုရရှိရေး လွန်ဆွဲကြရှိန်

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဟူဘိသို့ အသွင်အပြင်အရ မတူကွဲပြားနေကြလင့်ကစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက်မူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနိုင်မခံအနှုံးမပေးစတမ်း လွန်ဆွဲကြလိမ့်မည်ဟု တွေးဆရ၏။

တရုတ်နိုင်ငံသည် ပွင့်လင်းသောရင်းနှီးမြှုပ်နှံရေးစျေးကွက်များကို ဖော်ဆောင်နေပြီး ငွေတန်ဖိုး ဆက်လက်ကျဆင်းစရာ အကြောင်းမရှိပါဟူ၍ သမ္မတရှီ၏ အမေရိကန်ခရီးစဉ်အကြိုတွင် ဝန်ကြီးချုပ် လီခကျန်းက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးစျေးကွက်များသည် ရေရှည်အားဖြင့် တည်ငြိမ်မှုရရှိစေမည်ဟု လီ၏ ပြောကြားချက်ကို ကိုးကားလျက် ဟောင်ကောင် အခြေစိုက် South China Morning Post သတင်းစာက ရေးသားဖော်ပြခဲ့လေသည်။

လွန်ခဲ့သည့်လက တရုတ်နိုင်ငံသုံး ယွမ်ငွေ ၄ ရာခိုင်နှုန်း တန်ဖိုးကျခဲ့ခြင်းကြောင့် ကမ္ဘာ့စျေးကွက်များတွင် ဂယက်ရိုက်ခဲ့ပြီး အတိုးနှုန်းများမြှင့်တင်မည့်အစီအစဉ်များကို အမေရိကန်က ရွှေ့ဆိုင်းခဲ့ရလေသည်။

အမေရိကန်ပြည်ထောင်စု ဆီယက်တယ်မြို့သို့ ရောက်ရှိလာခဲ့သူ သမ္မတရှီသည် အမေရိကန်နှင့် တရုတ်စီးပွားရေးအသိုက်အဝန်းမှ အကျော်ဇောယျစီအီးအို ၃၀ နှင့် တွေ့ဆုံရန် စီစဉ်ခဲ့သည်။ မိုက္ကရိုဆော့ဖ်၊ ပက်(ပ်)စ်၊ အက်ပဲလ် စသည့်ထိပ်တန်းကုမ္ပဏီကြီးများ၏ အကြီးအမှူးများနှင့် တွေ့ဆုံသည့် ပွဲဟုလည်း ဆိုနိုင်သည်။

အလားတူပင် ဝန်ကြီးချုပ် မိုဒီကလည်း စက်တင်ဘာ ၂၄ ရက်တွင် နယူးယောက်မြို့၌ကျင်းပသည့် ညစာစားပွဲတွင် ထိပ်တန်း ကုမ္ပဏီကြီးများမှ စီအီးအို ၅၀ ကျော်နှင့် ချိတ်ဆက်နိုင်ရန် စီစဉ်ခဲ့သည်။ မိုဒီသည် စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ အမေရိကန် အနောက်ဘက်ကမ်းရိုးတန်းသို့ ရောင်ရှိစဉ်အတွင်း ဆီလီကွန်ဗယ်လီရှိ ဒီဂျစ်တယ်ကုမ္ပဏီများ၏ စီအီးအိုများနှင့်လည်း ဆက်ဆံရေးမိတ်သဟာတိုးချဲ့ရန်စီစဉ်ထားသည်။

သမ္မတရှီ၏ အမေရိကန်ခရီးစဉ်မှာ သူ၏ပွဲဦးထွက်ခရီးစဉ်ဖြစ်ပြီး ရက်သတ္တတစ်ပတ်ကြာမြင့်မည့် ခရီးစဉ်အတွင်း ဆီယက်တယ်၊ ဝါရှင်တန်နှင့် နယူးယောက်တို့တွင် ပွဲဆက်များကာ ဂျင်ခြေလည်လျက်ရှိလေသည်။ ကမ္ဘာ့မိသားစုအဖွဲ့အစည်းကြီးဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီးထူထောင်မှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခမ်းအနားများတွင် အာရှခေါင်းဆောင်တစ်ဦးအဖြစ်လည်း မိန့်ခွန်းများပြောကြားရန် စီစဉ်ထားသည်။

ဝန်ကြီးချုပ်မိုဒီမှာမူ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးထိပ်သီးညီလာခံ၌ မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ၊ ဂျီ-၄ (အိန္ဒိယ၊ ဘရာဇီး၊ ဂျပန်နှင့် ဂျာမနီ) ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲတို့သို့လည်း တက်ရောက်မည်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ရေးအတွက် တွန်းတွန်းတိုက်တိုက်လုပ်ဆောင်ရန် မိုဒီကလိုလားသည်ဟု ကျွန်ုပ်သိရှိရလေသည်။

အမေရိကန်သို့လာရောက်သည့် မိုဒီ၏ခြောက်ရက်ကြာခရီးစဉ်မှာ နိုင်ငံရေးအရ ကမ္ဘာ့ခေါင်းဆောင်များ၏ ထောက်ခံမှုကို ရရှိရန်ရည်မှန်းပြီး စီးပွားရေးအရ တီထွင်ဆန်းသစ်မှု၊ စွန့်ဦးတီထွင်လုပ်ဆောင်မှု၊ နည်းပညာလူဘောင်တည်ထောင်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မြှင်တင်မှုတို့ကို အလေးပေးထားသည်ဟု ကျွန်ုပ်လေ့လာသိရှိရသည်။

ဝန်ကြီးချုပ်မိုဒီ ဆီလီကွန်ဗယ်လီသို့ လာရောက်ရန်စီစဉ်ခြင်းအတွက် အားလုံးက စိတ်လှုပ်ရှားမှုဖြစ်ကြရပြီး ဆီလီကွန်ဗယ်လီရှိနည်းပညာကုမ္ပဏီများ၌ ထွန်းထွန်းပေါက်ပေါက်လုပ်ကိုင်နေသော အိန္ဒိယနွယ်ဖွား ပညာရှင်များက မိုဒီအား ဝမ်းသာအယ်လဲ ဆီးကြိုကြပေလိမ့်မည်။

မိုဒီသည် အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ရှိနေစဉ်အတွင်း ဖေ့ဘွတ်စီအီးအို မာ့ခ်ဇူးခါဘတ်ဂ်ျ၊ အက်ပဲလ်စီအီးအို တင်ကွတ်နှင့် ဂူဂဲလ်စီးအီးအိုအသစ် စန္ဒာပီချိုင်းတို့နှင့် တွေ့ဆုံရန်စီစဉ်ထားသည်။

မိုဒီသည် စက်တင်ဘာ ၂၈ ရက်တွင် သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကိစ္စ၊ အကြမ်းဖက်မှုကိုတိုက်ဖျက်ရေးကိစ္စတို့ကို အလေးပေးဆွေးနွေးမည်ဟု မျှော်လင့်ရလေသည်။

သမ္မတရှီနှင့် ဝန်ကြီးချုပ်မိုဒီတို့သည် အမေရိကန်ခရီးစဉ်အတွင်း တစ်ဖက်တွင် သံတမန်ရေးအရ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ကြသကဲ့သို့ အခြားတစ်ဖက်တွင် လသာတုန်းပိုင်းငင် စျေးကွက်ထွင်သည့် လှုပ်ရှားမှုများကို အပြိုင်အဆိုင်လုပ်ဆောင်ကြလေသည်။

အာရှ၏ မဟာအင်အားကြီးနှစ်နိုင်ငံတို့မှာ အလံမလှဲစတမ်း အားစမ်းကြမည်ကား သေချာလှသည်။

လေကြောင်းကိုသိရန် လွှင့်ထူထားသော ကုကွလံ (ခေါ်) တံခွန်ကိုကြည့်ကာ လေထိုးသားတို့ ခရီးဆက်ကြဘိသကဲ့သို့ပင် အမေရိကန်ရင်းနှီးမြှုပ်နှံသူများသည်လည်း တရုတ်နှင့် အိန္ဒိယတို့၏ စျေးကွက်ပြဒါးတိုင်ညွှန်ပြရာကိုကြည့်ကာ စီးပွားရေးနယ်ပယ်ကို ချဲ့ထွင်ကြလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိလေသည်။ ။

ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

ယမန်နေ့အဆက်

မြန်မာနိုင်ငံ လွတ်လပ်ခါစ၌ ကော်သူးလေပြည်နယ်ဟု သီးသန့်မရှိသေး။ ကော်သူလေးများက သီးခြားပြည်နယ် လိုချင်ကြသည်။ သို့ရာတွင် ကော်သူလေးတို့ကား အခြားလူမျိုးများကဲ့သို့ တစ်နေရာတည်းတွင် စုပေါင်းနေကြသူများ မဟုတ်။ မြန်မာပြည်တောင်ပိုင်းတစ်ခုလုံး၌ ပျံနှံ့နေထိုင်ကြသည်။ ကော်သူလေးပြည်နယ် သတ်မှတ်ရေးမှာ လွယ်ကူသောကိစ္စ မဟုတ်။ကော်သူးလေများတွင် စကောနှင့် ပိုးဟူ၍ နှစ်မျိုးလည်း ကွဲနေကြသေးသည်။ ထိုနှစ်မျိုး သည် ကိုးကွယ်သော ဘာသာ၌လည်း မတူကြ။ ထိုနှစ်မျိုးလုံး စိတ်ကြိုက်ဖြစ်ရေးကလည်း အရေးကြီးသည်။

ထိုစဉ်က နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကရင်ပြည်နယ် ဖွဲ့စည်းတည်ထောက်ပေးရမည်ဟု အတိအလင်း ဆိုထားသည်။ အစိုးရအဖွဲ့တွင်လည်း ကရင်ရေးရာဝန်ကြီးဌာန တစ်ခုလည်း ရှိနေသည်။ ကရင်ပြည်နယ် သတ်မှတ်ရေးအတွက် စကောကရင်၊ ပိုးကရင်၊ မွန်၊ မြန်မာ၊ တောင်သူအမျိုးသားများ ပါသည့် ကော်မရှင်အဖွဲ့လည်း ဖွဲ့ကာ အလုပ်လုပ်နေသည်။

ကရင်ခေါင်းဆောင်အချို့က ဤမျှဆောင်ရွက်ပေးနေသည်ကိုပင် မယုံကြည်။ သူတို့ရင်တွင်းမှ မသက်သစိတ်ကို မစွန့်လွှတ်။ လက်နက်စွဲကိုင်တိုက်ပွဲဝင်၍ သီးခြားပြည်နယ် ထူထောင်ရေးကို သာ အလိုရှိနေကြသည်။ မိသားစုစိတ်ဓာတ်ကို အားမကိုးဘဲ နိုင်ငံခြားအကူကိုသာလျှင် အားကိုးကြသည်။

အမှန်မှာ ကေအင်ဒီအိုအရေးသည် သွေးက ပြောသည်ကို မနာယူဘဲ ဘေးက ပြောသည်ကို ယုံကြည်မိသူတို့၏ အမှားသာလျှင် ဖြစ်လေသည်။

လက်နက်ကိုင် သောင်းကျန်းရေးလမ်းစဉ်ကို စွဲကိုင်သောအဖွဲ့အစည်းမှာ ကေအင်ယူအဖွဲ့အစည်းဖြစ်၏။ ကေအင်ယူကို ဦးစီးကြသူများကား စောဘဉီးကြီးကဲ့သို့သော မြေရှင်ကြီး အမျိုးအနွယ်များသာ ဖြစ်ကြ၏။ ကေအင်ယူလက်အောက်၌ ကေအင်ဒီအို ခေါ် ကရင်လက်နက်ကိုင် ကာကွယ်ရေးအဖွဲ့က ရှိနေ၏။ သူတို့နောက်၌နယ်ချဲ့အရင်းရှင်တို့က ရှိနေ၏။

ကေအင်ဒီအို တို့ သောင်းကျန်းသည်မှာ ကြာပြီ။ ကျဉ်းမြောင်းသော လူမျိုးရေးကို ဖုံးကွယ်ထားပြီး ပြည်နယ်ရရှိရေးဟု ကမ္ဘာကြားကောင်းအောင် အော်ကာ ဒိုင်းသဖွယ် ခံထားသဖြင့် ဖြေရှင်းရန်မှာ သိမ်မွေ့ခက်ခဲလှ၏။

ထိုနှစ်၏ ငွေနှင်းမှုန်သော ဆောင်းကာလ၌ ကေအင်ဒီအို တို့၏ သောင်းကျန်းမှုသည် လွန်သည်ထက် လွန်ကာ ကဲသည်ထက် ကဲလာ၏။ သူတို့၏ သရုပ်မှန်ကို ဖွင့်ပြသော တူးလောက်နှင့် ကင်းဗဲ(လ်)တို့၏ အမှုကြီးကလည်း ဘွားခနဲ့ ပေါ်လာ၏။

ကာနယ်တူးလောက်ဆိုသူ ဗြိတိသျှတစ်ဦးသည် အိန္ဒိယပြည် ကာလကတ္တာမြို့၌ ရောက်နေ၏။ အလက်ဇန်းဒါး ကင်းဗဲ(လ်) ဆိုသူသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ စထရင်းဟိုတယ်၌ တည်းခိုနေ၏။ ကင်းဗဲ(လ်)သည် စက်တင်ဘာ ၁၁ ရက်၌ ဘီအေအိုစီ လေယာဉ်သမား အိုင်ဒီဆိုင်းမွန်းဆိုသူအား စာတစ်စောင် ပါးလိုက်သည်။ ထိုစာမှာ ကာလကတ္တာမြို့ စပင့်(စ်)ဟိုတယ်၌ တည်းခိုနေသူ ကာနယ်တူးလောက်ထံ ပို့ရန်စာ ဖြစ်၏။ ဆိုင်းမွန်းသည် စာကို မသက်သဖြင့် ဖွင့်ဖောက်ကြည့်သည်။ စာ၌ ကေအင်ဒီအို ထကြွရေးနှင့် ပတ်သက်၍ ဗြိတိသျှအချို့၏ အားပေး အားမြှောက်ပြမှုများ၊ လက်နက်နှင့် ငွေထောက်ပံ့ရေးများ ပါနေ၏။

မြန်မာပြည်အတွက် ကံကောင်းသည်မှာ မစ္စတာအိုင်ဒီဆိုင်းမွန်းသည် ဗြိတိသျှဆိုရှယ်လစ်တစ်ဦး ဖြစ်နေခြင်းပေတည်း။

မစ္စတာအိုင်ဒီဆိုင်းမွန်းသည် စာ၏ မိတ္တူတစ်စောင်ကို ကရာချီမြို့ရှိ မြန်မာသံအမတ်ကြီး ဦးဖေခင်၏ လက်သို့ အပ်လိုက်သည်။

မစ္စတာအိုင်ဒီဆိုင်းမွန်းသည် ထိုမျှနှင့် မရပ်သေးဘဲ ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် လန်ဒန်မြို့၌ မိမိ၏ လက်တွင်း ဤစာရလာပုံကို တရားရုံး၌ ကျမ်းကျိန်ထွက်ဆိုသွား၏။

ဗြိတိသျှဆိုရှယ်လစ်တစ်ဦး၏ ကျေးဇူးကြောင့် ကေအင်ဒီအိုအရေးသည် နယ်ချဲ့အရင်းရှင်းတို့၏ လက်ရာဖြစ်ကြောင်း ဘူးပေါ် သက္ခဲသို့ ပေါ်လာတော့၏။

ပြည်ထောင်စုသား ညီအစ်ကိုချင်း သွေးရိုးသားရိုး အမြင်မှား၊ အထင်မှားကြလျှင် သွေးက ပြောသော သစ္စာပေါ် အခြေတည်၍ ဖြေရှင်းရန် လွယ်ကူသည်။ ကေအင်ဒီအို အရေး၌ ဘေးပယောဂ နှင့်အောင်ပါနေလေပြီ ဖြစ်သောကြောင့် မိသားစု စိတ်ဓာတ်နှင့် ငြိမ်ချမ်းစွာ ဖြေရှင်းမှုမှန်သမျှသည် သဲ၌ ရေသွန်သည်ကဲ့သို့ အချည်းနှီးသာ ဖြစ်ခဲ့ရ၏။

စောဘဉီးကြီးခေါင်းဆောင်သော ကေအင်ယူအဖွဲ့ဝင် လူကြီးတို့သည် ကွန်ဖရင့်များ၊ မျက်နှာစုံညီအစည်းအဝေးများ၌ တိုင်းပြည်လည်း ကြားကောင်း၍ ကမ္ဘာလည်းကြားကောင်းအောင် အလိမ္မာသုံးလျက် စကားလှလှများပြော ပြီး အချိန်ဆွဲနေခိုက် ကေအင်ဒီအိုလက်နက်ကိုင်တပ်များကမူ နယ်များ၌ သောင်းကျန်းခုခံတိုင်း သောင်းကျန်းကြကုန်၏။

နိုဝင်ဘာလအတွင်း၌ ပဲခူးခရိုင်အတွင်းရှိ ရွာများကို မီးရှို့ပြီး လူများကို သတ်ကြ၏။ မော်လမြိုင်ခရိုင် လမိုင်းရွာတွင် စစ်ဝန်ထမ်းများ၊ ရဲသားနှင့် အရပ်သားများကို သတ်ကြသည်။

မြစ်ဝကျွန်းပေါ်ဒေသအတွင်း သွားလာနေသော မော်တော်သင်္ဘောများကို ဓားပြတိုက်၍ ခရီးသည်များကို သတ်ကြ၏။ ဒီဇင်ဘာလအတွင်း၌ တောင်ငူအပိုင်သံတောင်မြို့ကို တိုက်၍ ငွေတိုက်ဖောက်ကြ၏။ ပန်းတနော်မြို့ကို တိုက်၍ အိမ်များကို မီးရှို့ကြသည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီလအတွင်း၌ကား အခြေအနေသည် ကြောက်မက်ဖွယ် အဆိုးရွားဆုံး ဖြစ်လာခဲ့၏။

ရန်ကုန်မြို့တော်၏ ဂိတ်ဝရှိ အင်းစိန်မြို့၌ ကေအင်ဒီအိုတို့က အခိုင်အမာစခန်းပြကြသည်။ အင်းစိန်မြို့သည် ကေအင်ဒီအိုတို့၏ အင်းစိန်ခံတပ်ကြီးဟူ၍ ကျော်မကောင်းကြားမကောင်း ထင်ရှားလာသည်။ အင်းစိန်ရှိ ကေအင်ဒီအို လက်နက်ကိုင်တပ်များသည် ပြည်ထောင်စု၏ ဥပဒေမှန်သမျှကို ဘေးဖယ်ပစ်လိုက်ကြသည်။ ကရင် မဟုတ်သော တိုင်းရင်းသားများကို လည်းကောင်း၊ မျက်နှာဖြူမဟုတ်သော နိုင်ငံခြားသားမှန်သမျှကို လည်းကောင်း ပြောင်ပြောင်ကြီး လုယက်ကြသည်။ ဖက်ဆစ်နည်းနှင့် ဖမ်းဆီးချုပ်နှောင် စစ်ဆေးခြင်းစက်ကြသည်။ အခြေအနေကို လျစ်လျူရှု မထားနိုင်သော ပြည်ထောင်စုအစိုးရသည် သမာဓိ တည်ကြည်၍ ပြည်ထောင်စုသားအားလုံး၏ ယုံကြည်ခြင်းကို ခံရသော တပ်မတော်အရာရှိကြီးများ၊ အထက်တန်းအုပ်ချုပ်ရေးအရာရှိကြီးများနှင့် ကေအင်ယူ ခေါင်းဆောင်များ ပါဝင်သည့် ရှစ်ဦးကော်မတီကို ခန့်၍ စေ့စပ်ရန်ကြိုးစားသည်။

ရှစ်ဦးကော်မတီက ဤသို့ ကြိုးပမ်းနေဆဲတွင်ပင် ကေအင်ဒီအိုတို့က တိုး၍ပင် ဆိုးရွားပြကြ၏။ မော်လမြိုင်နယ် ကော့ဘိမ်းရွာမှ လူအများကို သတ်ပြကြ၏။ မအူပင်၊ ညောင်တုန်း၊ ဟင်္သာတ၊ ကျုံပျော်နယ်တို့တွင် ရွာများ မီးရှို့၊ လူများသတ်နှင့် ထင်တိုင်းကြဲပြကြတော့၏။

ရှစ်ဦးကော်မတီ၏ ကြိုးပမ်းချက်မှန် သမျှမှာလည်း ကေအင်ယူအဖွဲ့က ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသဖြင့် လုံးဝပျက်ပြားသွားရလေသည်။

အိမ်ဝင် လာရပ်ကာ ကျောကိုချမှ ဓားပြမှန်းသိသော ရန်ကုန်မြို့တော်သည် လှုပ်ရှားသွား၏။ အထူးသဖြင့် အင်းစိန်နှင့် ကပ်နေသော တက္ကသိုလ်နယ်မြေသည် လှုပ်ရှားသွား၏။ မိမိတို့၏ မြို့များ၊ ရွာများ၊ အိမ်များကို မီးရှို့ခံရသော ကျောင်းသားအများက ဒေါပွနေသည်။ ကေအင်ဒီအိုအရေးသည် သာမန်အရေးမဟုတ်။ ပုခက်တွင်းရှိ ပြည်ထောင်စုကို နယ်ချဲ့အရင်းရှင်နှင့် လက်ဝေခံမြေရှင်ကြီးတို့ ပူးပေါင်းလုပ်ကြံကြသော အရေးသာဖြစ်ကြောင်း သဘောပေါက်ကြသော ကျောင်းသားများမှာ စိုးရိမ်တုန်လှုပ်ကြ၏။ အထူးသဖြင့် တောမီးလောင် တောင်ကြောင် လက်ခမောင်းခတ်ကာ တောတွင်းပါတီတို့၏ တပည့်တပန်း ကျောင်းသားအရေခြုံတို့ ခြေလှမ်းသွက်လာသည်ကို မြင်ကြရ၍ ပိုမိုစိုးရိမ်တုန်လှုပ်ကြသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သက်ခိုင်သည် မလေးနွယ်တို့ အိမ်မှ ပြန်လာပြီး မြို့တွင်း၌ ဝယ်စရာရှိသောကြောင့် ဟံသာဝတီအပိုင်း၌ ရပ်ကာ အင်းစိန်-ရန်ကုန် အချိန်မှန် ဘတ်(စ်)ကားကို လက်ပြတားဆီး၏။

ကားပေါ်၌ ခရီးသည်တို့သည် ဆူဆူညံညံ စကားပြောလာ၏။

တစ်ဦးက ဆိုသည်။

"ကျုပ် လှည်းကူးက ပြေးလာတာ၊ အခု လှည်းကူးကို ကေအင်ဒီအိုတွေ ဝင်တိုက်ပြီး ဆေးရုံနဲ့ အိမ်ကြီး အိမ်ကောင်းတွေကို မီးရှို့ပစ်တယ်"

လူကြီးတစ်ယောက်က မိန်းမကြီးတစ်ယောက်၊ ကလေးငါးဦးနှင့် သယ်နိုင်သမျှ သယ်လာရဟန်တူသော ပစ္စည်းများကို လက်ညှိုးညွှန်ပြပြီး ပြော၏။

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

Avery Myanmar Travel & Tours
Address: No.499/B4, Pyay Road, Kamayut 11041, Yangon, Myanmar.
e-mail : averymyanmartour@gmail.com
- ထောက်တိုတာလာတွင် ထွက်မည့်ခရီးစဉ်များ / ပြည်ပခရီးစဉ်များ
- ရန်ကုန် - ဇင်းကျိုက် - တို့ကော်ဝိုင်း၊ ခရီးစဉ် 35000 KYATS
- ရေငုံးသာ / ဥဒေါတော် အပန်းဖြေခရီးစဉ် 50000 KYATS ++
(Sea View/Garden View/Fully Air-con Bus/Meals)
- ပန်ကောက် / ဝင်ကာပူ / ဘူတန် / ကိုးရီးယား ခရီးစဉ်များ
- မိသားစုများ / တေးဂီတများ / ပုံးများ အတွက် Private Tour များ
Ph: 01-230 4373, 09 260 624 594, 09 257 333 055
Available Door to Door Service
Contact Us : 01-230 4373, 09 260 624 594 | Hot Line : 09 257 333 055 | No. 499/ B4, Pyay Road, Kamayut Tsp. Yangon 11041.

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
ပိုင်းမော်မြို့၊ အထက(ခတ်ချို)၊ ဒသမတန်း(A)မှ မချယ်ရိခိုင်နှင့် ဒသမတန်း(B)မှ မောင်ကျော်မိုးနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းခိုင်(၁/ဝမန(နိုင်)ဝ၂၈၃၇၇)ဖြစ်ပြီး ၎င်းတို့၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁၂-၂၀၀၀)ဖြစ်ပါသည်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက(ဇီးလွန်)၊ ဒသမတန်းမှ မဆိုင်းဂျာ၊ နဝမတန်းမှ မဘောက်တောင်၊ သတ္တမတန်း(B)မှ မောင်ဝွန်ဂျာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမရှူလ ဖြစ်ပါသည်။

သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်
Dictionary For All
စကားလုံးအဓိပ္ပာယ်ဝိုင်းသောင်းကျွက်
New
သာလွန်စာအုပ်တိုက်
ဖုန်း - ၀၁ - ၂၉၉၂၂၅၊ ၂၄၂၄၃၈၊ ၂၄၃၀၅၃၃

Lifetime Academy of HOSPITALITY and TOURISM
ဟိုတယ်နှင့်ခရီးသွား ဝန်ဆောင်မှုသင်တန်း
ဒေတ်ဗီတိုးတက်နေသော ယနေ့ကာလ၌ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများတွင် အချိန်တိုအတွင်း
ကျွမ်းကျင်တတ်မြောက်စွာ လုပ်ကိုင်၍ အဆင့်မြင့်ရာထူးများကို လျင်မြန်စွာ တက်လှမ်းထမ်းဆောင်နိုင်ရန် သင်ကြားပေးမည့်
Diploma in Hospitality and Tourism Management Course
ကို စတင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်လိုက်ပါသည်။
သင်ကြားမည့် ဘာသာရပ်များမှာ
- Front Office Operations and Services
- Food and Beverage Operations and Services
- Housekeeping Operations and Services
- Hotel Sales and Marketing
- Human Resources Management
- Tourism Management
- Hotel Management
သင်တန်းကာလမှာ (၆ - လ) ကြာမြင့်မည်ဖြစ်ပါသည်။
သင်တန်းပြီးဆုံးပါက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် (၃ - လ)
လက်တွေ့ သင်ကြားနိုင်ရန် စီစဉ်ပေးပါသည်။
ပြည်တွင်း/ပြည်ပ ဟိုတယ်နှင့်
ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင်
အလုပ်အကိုင်အခွင့်အလမ်းကောင်းများ
ရရှိနိုင်စေရန် ကူညီဆောင်ရွက်ပေးပါသည်။
September လ အတွင်း သင်တန်းအပ်နှံသူများကို
20% Discount ဖြင့် ကျောင်းအပ်လက်ခံနေပါကြီး။
Training Fees : 6400,00 Kyats
(20% discount of 800,000 Kyats)
Ph: 09 257 093232, 09 252 844644
အမှတ် (၃၇၇/၁၁) ၊ (ပထမထပ်) ၊ ဒွေဘုံသာလမ်း
(အထက်ဘလောက်) ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့
(ဒွေဘုံသာ J'Donut's အား)

ဆရာကြယ်ဇင်ကိုကို (M.A, Eng.,)(UK)
ဦးစီးတည်ထောင်သော English Composition Class
တစ်ကြိမ်သာ သင်တန်းတက်ထားရုံနဲ့ အင်္ဂလိပ်စာ တစ်လောကလုံးမှာ ရှိတဲ့ ဝါကျတွေအားလုံးကို သင်ပြီး လိုက်သလို ဖြစ်သွားပြီး ငါအမှန်တကယ်စာတတ်သွားပြီလို့ မိမိကိုယ်ကို အသိအမှတ်ပြုလိုသူများအတွက် နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Sentences Constructions) ဝါကျ ပေါင်းများစွာ ပေါင်းစပ်ဖွဲ့စည်းမှု (ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်း အကျိုးဆက်စပ်ခင်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ ရေးသား တွေးခေါ်ပုံနှင့် Sentence (4)မျိုး၊ Clause (5)မျိုး၊ Speech (2)မျိုး၊ Voice (2)မျိုး၊ Usage (4)မျိုး၊ Phrase (12)မျိုးတို့ကို ပညာရှင်တစ်ယောက် ဖြစ်သည့် တိုင်အောင် အသေးစိတ်သင်ကြားပေးသည်။ "သင်တန်းခြိန်"
တနလ်၁၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ
Section (1)နံနက်(၉း၀၀)နာရီမှ (၁၁း၃၀)နာရီထိ (၁. ၁၀. ၂၀၁၅)စမည်။ (၂)လသင်တန်း။
Section (2)ညနေ (၃း၃၀)နာရီမှ (၆း၀၀)ထိ (၁. ၁၀. ၂၀၁၅)စမည်။ (၂)လသင်တန်း။
စနေ၊ တနင်္ဂနွေ
Section (1)နံနက်(၉း၀၀)နာရီမှ (၁၁း၀၀)နာရီထိ (၃. ၁၀. ၂၀၁၅)စမည်။ (၅)လသင်တန်း။
Section (2)ညနေ (၇း၀၀)နာရီမှ (၇း၀၀)ထိ (၃. ၁၀. ၂၀၁၅)စမည်။ (၅)လသင်တန်း။
တနင်္ဂနွေ (ရိုးပိတ်ရက်တစ်ရက်တည်းသာ)
ညနေ (၃း၀၀)နာရီမှ (၆း၀၀)ထိ (၁. ၁၁. ၂၀၁၅)စမည်။ (၆)လသင်တန်း။
Tuition Fees
Basic & Intermediate Level = 35000/-
Advanced Level = 35000/-
Free - Composition တက်ထားပြီးသူမည်သူမဆို IELTS, 4 Skills, Grammar, Phonetic, English Speaking တို့ကို တစ်နှစ်ပတ်လုံး အခမဲ့ သင်ကြားပို့ချပေးသည်။
(Senior ဆရာမများမှ အိမ်ပိုင်များကိုပါ လက်ခံသင်ကြားပေးသည်)
နေရာ - မြည်တော်ဦးကျောင်း၊ ကျိုက္ကဆံဘုရားအနောက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၄၈၀၁၊ facebook: kyelzincomposition

လူတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံး

သုံးခွ စက်တင်ဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပန်ကျိုးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ လူတစ်ဦး မိုးကြိုးပစ်ခံရ၍ စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီခန့်က သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်အားစုံစမ်းကြည့်ရာ သုံးခွမြို့မရဲတပ်ဖွဲ့တွင် ဒုရဲအုပ်ကောင်းမြတ်မော် တာဝန်မှူးထမ်းဆောင်နေစဉ် ကျောင်းကုန်းကျေးရွာ၌ လူတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သိရသဖြင့် သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးတင်အေး၊ တာဝန်မှူးရဲတပ်ကြပ် အောင်ကိုလတ်၊ လက်ပန်ကျိုးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းကို၊ ကျောင်းကုန်းကျေးရွာ ရာအိမ်မှူး ဦးမျိုးလွင်တို့နှင့်အတူ ညနေ ၅ နာရီခန့်က ကျောင်းကုန်းကျေးရွာ တောင်ဘက်ကွင်း အောင်သစ္စာတဲတန်းသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ ဆန်းဝင်း၏ဇနီးဖြစ်သူ မဌေးက ညနေ ၄ နာရီခန့်က ကိုဆန်းဝင်းသည် မိုးရွာသဖြင့် ကန်ဘောင်ရေလျှံမည်စိုးရိမ်၍ ရေပေါက်ဝတ်ပြီးအပြန် နေအိမ်ရှေ့အရောက် မိုးကြိုးထိမှန် တုံးလုံးလဲသေဆုံးသွားကြောင်း သိရသည်။

သုံးခွမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၈/၂၀၁၅) ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

မိုးမြေပဲများဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ ပဲစိုက်တောင်သူများနှင့် ပဲဆွတ်သူများလည်း အဆင်ပြေ

ကနီ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ပဲစိုက်တောင်သူများမှာ ဒေသခေါ်ပင်ထောင်မြေပဲမျိုး၊ ထွက်တိုးဆင်းပဒေသာ (၁၁) မြေပဲမျိုးများနှင့် အခြားထွက်တိုး မိုးမြေပဲများကို နှစ်စဉ်တွင်ကျယ်စွာစိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် မြေပဲများအထွက်ကောင်းပြီး ပဲပေါ်ခိုန်တွင် ဈေးကောင်းရရှိသည့်အတွက် ပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

"ကျွန်တော် ပဲသုံးတင်းကို တစ်ဧကတစ်ထောင်နှုန်းနဲ့ သုံးဧကကြဲခဲ့တာ။ ဒီနှစ် ပဲစိုက်အပြီး ပေါင်းလိုက်ပြီးခိုန်မှာ မိုးကနည်းနည်းခေါင်နေတော့ ပဲစိုက်ရတာနဲ့ပြီလို့ထင်ခဲ့တာဗျာ။ ဒါပေမဲ့ ဇူလိုင်လကုန်ပိုင်းနဲ့ သြဂုတ်လဆန်းပိုင်းတွေမှာ မိုးအဆက်မပြတ်ရွာလိုက်တော့ ကျွန်တော်တို့ မြေပဲသီးနှံအတွက် မိုးကအကိုက်ဖြစ်ခဲ့လို့ ကျွန်တော့ပဲသုံးတင်းစိုက်သုံးဧကကို တင်းတစ်ရာကျော်အထိ ထွက်ခဲ့ပါတယ်။ တစ်ဧက စုစုပေါင်းကုန်ကျမှုမှာ တစ်သိန်းကျော်ကုန်ကျပေမဲ့ ဒီနှစ်ဈေးက ပဲပေါ်ခိုန်တွင် အတောင့်တစ်တင်းကို ၁၅၀၀၀ ကျပ်နှင့် အဆန်တစ်တင်းကို ၅၀၀၀၀ ကျပ်အထိ ဈေးမြှောက်ခဲ့လို့ တစ်ဧကကို လေးသိန်းကျော်အထိရလို့ ကျွန်တော်တို့ ပဲစိုက်တောင်သူတွေ အထွက်ကောင်းရင် ကောင်းသလောက် အဆင်ပြေကြပါတယ်" ဟု တပေါင်းကျေးရွာမှ ပဲစိုက်တောင်သူ တစ်ဦးက ပြောပြသည်။

ဒီနှစ်မြေပဲစိုက်တောင်သူများ မိုးမြေပဲများ ဖြစ်ထွန်းအောင်မြင်သဖြင့် ပဲသိမ်းချိန်တွင် လက်လုပ်လက်စား အလုပ်သမားများလည်း အဆင်ပြေလျက်ရှိကြသည်။

"ပဲနုတ်သူတွေကတော့ တစ်ရက်ကို ၅၀၀၀ ကျပ်ရရှိကြပြီး အဘွားတို့မြေပဲဆွတ်သူတွေကတော့ အတောင့်တစ်တင်းကို ၁၅၀၀ ကျပ် ရပါတယ်။ အဘွားတောင် တစ်ရက်ကို ပဲသုံးတင်းအထိရအောင် ဆွတ်နိုင်ပြီး တစ်ရက်ကိုပဲဆွတ်ခ ၄၅၀၀ ကျပ်အထိရလို့ ဒီနှစ်က မြေပဲစိုက်တောင်သူများပြီး ပဲများအထွက်ကောင်းလို့အဆင်ပြေသလို အဘွားတို့လို မြေပဲဆွတ်လက်လုပ်လက်စားအလုပ်သမားများလည်း အဆင်ပြေပါတယ်" ဟု ပဲဆွတ်သူတစ်ဦး ပြောသည်။

သန်းဌေးအောင်(ကနီ)

ဘားအံမြို့လိုင်းဘုံကျေးရွာတွင် လျှပ်စစ်မီးလင်းရေး ဖွင့်လှစ်ဆောင်ရွက်

ဘားအံ စက်တင်ဘာ ၂၆

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု လိုင်းဘုံကျေးရွာတွင် လျှပ်စစ်မီးအလင်းရောင်ရရှိပြီဖြစ်သဖြင့် လျှပ်စစ်မီးအားစက်တင်ဘာ ၂၄ ရက် ညနေ ၆ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က လိုင်းဘုံကျေးရွာအဝင် မီးအလင်းရောင်ဆိုင်းဘုတ်အားပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး 11KV ဓာတ်အားလိုင်းတစ်မိုင်၊ 11/0.4KV-100KVA ဓာတ်အားခွဲရုံအား ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်း၊ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးဦးထင်ကျော်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားကိုကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်းက လျှပ်စစ်မီးအလင်းရောင်ရရှိရေး ဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့ပြနှင့်မခြား ကျေးရွာများပါ လျှပ်စစ်မီးသုံးစွဲနိုင်မှသာလျှင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအကျိုးခံစားခွင့်များရရှိလာမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် မြို့နှင့်အလှမ်းဝေးကွာသော ကျေးရွာများပါမကျန် လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါလိုင်းဘုံကျေးရွာမီးလင်းရေးတွင် 11KV ဓာတ်အားလိုင်း တစ်မိုင်သွယ်တန်းမှုနှင့် 11/0.4KV-100KVA ဓာတ်အားခွဲရုံအား နိုင်ငံတော်အစိုးရမှ မတည်ပေးပြီး ကျန်ရှိသော မီးလိုင်းသွယ်တန်းမှုနှင့် မီးအလင်းရောင်ရရှိရေးကို ကျေးရွာနေပြည်သူများ စည်းလုံးညီညွတ်စွာ ထည့်ဝင်မှုအားများကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၆ အိမ်၊ အဆိုပါရွာနှင့် နီးစပ်သောရွာနှစ်ရွာမှ အိမ်ခြေများပါ လျှပ်စစ်မီးအလင်းရောင်ကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

လူကုန်ကူးမှုဟောပြောရှင်နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်

တွံတေး စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်အခြေခံပညာဦးစီးဌာန မြို့နယ်ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ၁၃ မိုင် တာကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိဦးမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှ ဦးဇော်မိုးလွင်၊ ဦးမျိုးလှိုင်တို့က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခဲ့သည်။ ယင်းနောက် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် သုတ၊ ရသစာအုပ်များ၊ ဓာတ်ပုံ၊ နံရံကပ်ပြဘုတ်များ လိုက်လံပြသခြင်း၊ စာအုပ်ငှားရမ်းဖတ်ရှုစေခြင်း လုပ်ငန်းဆောင်ရွက်ပေးသဖြင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များအကြားစာဖတ်ခြင်းအလေ့အထ ရှင်သန်လာ၍ အသိဉာဏ်ပညာအမြော်အမြင် ကြွယ်ဝလာကာအမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်လာမည်ဖြစ်သည်။

မိုးလှိုင်(တွံတေး)



လေပုံသစ်တော်ရုပ်ရှင်တော်မြတ် ကျောက်ပန်းတောင်းမြို့မှ မြင်းခြံမြို့သို့ အပူဇော်ခဲ့ကြွချီ

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၆

လေပုံသစ်တော်ရုပ်ရှင်တော်မြတ်ကြွချီအပူဇော်ခံပွဲအဖြစ် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မကွက်သစ်ရပ်ကွက်တွင် စက်တင်ဘာ ၂၂ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ပင့်ဆောင်ပူဇော်ခဲ့ရာ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ဘုရားဖူးပြည်သူများ လာရောက်ကြည်ညိုပူဇော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လေပုံသစ်တော်ရုပ်ရှင်တော်မြတ်မှာ ညောင်ဦးမြို့နယ်မှ ကျောက်ပန်းတောင်းမြို့နယ် ဂေါက်ကွင်းသို့ စက်တင်ဘာ ၁၉ ရက်တွင် ရောက်ရှိကိန်းဝပ်အပူဇော်ခံတော်မူခဲ့၍ စက်တင်ဘာ ၂၂ ရက်တွင် မြို့မကွက်သစ်ရပ်ကွက်သို့ ထပ်ဆင့်ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီတွင် မြင်းခြံမြို့သို့ ဆက်လက်အပူဇော်ခံကြွချီခဲ့ကြောင်း သိရသည်။

လေပုံသစ်တော် ရုပ်ရှင်တော်မြတ်သည် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ရန်အောင်မြင်ရပ်ကွက်နေ ဘုရားဒါယိကာမကြီး အမေကောင်းမိသားစုနေအိမ်မှ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၉ ရက်မှစတင်၍ ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်တို့ကို လူအများသိရှိဖူးမြော်ကြည်ညိုခွင့်ရရှိခဲ့ကြရာမှ ယနေ့အထိ တိုင်းဒေသကြီးပြည်နယ်များအတွင်း မြို့ရွာအနှံ့ နိုင်ငံရပ်ခြား တိုင်းပြည်များအထိပါ ပင့်ဆောင်ပူဇော်လျက်ရှိကြ၍ နှစ်ပတ်လည်ဒေသစာရီကြွချီအပူဇော်ခံတော်မူလျက်ရှိသည့် ရုပ်ပွားတော်မြတ် တစ်ဆူဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပေါင်မြို့နွားထိုးကြီးမြစ်ရေတင်စိမံကိန်း ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်

နွားထိုးကြီး စက်တင်ဘာ ၂၆

ရောဝတီမြစ်ရေကိုတင်၍ မြင်းခြံ-နွားထိုးကြီး၊ တောင်သာနှင့် မလှိုင် မိုးခေါင်ရေရှား အညာမြို့များအတွက် ဖောက်လုပ်နေသော ဆမိတ်ခုံ ၃ ခေါ်နွားထိုးကြီးမြစ်ရေတင်စိမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ပေးရန် ဒေသခံများက လိုလားနေသည်။

နဝတလက်ထက်က အညာမြို့များ မိုးခေါင်ရေရှားနေမှုကို ၃၅ မိုင် မြစ်ရေတင်၍ ဆည်ကန်များ ရေသိုလှောင်ပေးမည့် ယင်းစီမံကိန်းမှာ ၁၆ မိုင်ဖြင့် မြင်းခြံမြို့နယ်ထဲ ရပ်နားနေရသည်။ အညာတွင် ဆည်ကန်၊ တစ်ပိုင်တစ်နိုင် ကန်များထူးဖော်ထားသော်လည်း မိုးရေပါသော မိုးရွာသွန်းမှုမရှိ၍ ၃ နှစ်ဆက်တိုက် ရေရှားမှုခံစားနေရကာ ရောဝတီမြစ်ရေကိုတင်၍ ရေပေးဝေမည့် နွားထိုးကြီးမြစ်ရေတင်စိမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ပေးရန် လိုလားနေကြခြင်းဖြစ်သည်။

ယင်းနွားထိုးကြီးမြစ်ရေတင်စိမံကိန်း နွားထိုးကြီးတူးမြောင်း အကောင်အထည်ဖော်နိုင်လျှင် ရေကြောင်းသွားလာမှုအပြင် ဒေသတွင်းဆည်ကန်များကို ရေခွဲဝေပေးနိုင်မည်ဖြစ်သည်။ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်မြို့နယ်ထိ ယင်းစီမံကိန်း၏ အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်သည်။

ဌေးမြင့်မောင်

ရွှေစည်းခုံစေတီ၏ထီးတော်ကြီး ယနေ့တိုင်ထိန်းသိမ်းထား

ညောင်ဦး စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေကြီး ညောင်ဦးမြို့တွင် အနော်ရထာဘုရင်နှင့် ကျန်စစ်မင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေစည်းခုံစေတီတော်မြတ်ကြီးအား တတိယအကြိမ်မြောက်တင်လျှာခဲ့သည့် ရွှေထီးတော်အဟောင်းတစ်လက်ကို ယနေ့တိုင်ထိန်းသိမ်းထားရှိခဲ့ကြသည်။ အဆိုပါရွှေထီးတော်အဟောင်းကို သက္ကရာဇ် ၁၁၃၀ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ တတိယမြောက်သားတော် အင်းဝဘုရင် ဆင်ဖြူရှင်မင်းတင်လျှူပူဇော်ခဲ့ပြီး ရှေးပုဂံမင်းများတည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံစေတီမြတ်ကြီး၏ ရွှေထီးတော်ကြီးကို ဘုရားဝန်းအတွင်း အရှေ့တောင်ဘက် လေလုံမှုံးလုံအဆောင်၌ ထိန်းသိမ်းထားရှိခဲ့သည်။

ကျွန်တော်တို့တစ်တွေ ယနေ့အချိန်ထိ ရှေးမင်းများ တည်ထားကိုးကွယ်ခဲ့သောစေတီတော်တွင် တင်လျှူခဲ့သော ထီးတော်အဟာင်းနှင့် စေတီတော်တွေကို ထိန်းသိမ်းခွင့်ရရှိတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ရှေးကထိန်းသိမ်းခဲ့တဲ့ဘုရားလူကြီးတွေကိုလည်း ပိုပြီးလေးစားမိတယ်။နှစ်ပေါင်းနှစ်ရာလေးဆယ်ကျော်ကြာ ထိန်းသိမ်းထားနိုင်စွမ်းရှိတဲ့ကျွန်တော်တို့လူမျိုးတွေကိုလည်း ချီးမွမ်းမိတယ်။ နောင်လာနောက်သား ဘုရားလူကြီးပေါ်ပေါက်လာရင်လည်း နောင်နှစ်ပေါင်းများစွာဆက်လက်ထိန်းသိမ်းနိုင်ပါစေလို့ ဆုတောင်းပါတယ်” ဟု ဂေါပကလူကြီးတစ်ဦးက ပြောသည်။

ကျော်ဌေး

ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ပေးအပ်

ပေါင် စက်တင်ဘာ ၂၆

ဦးဇော်မြင့်ဦး (ဦးစီးအရာရှိ၊ကော့မှူးမြို့နယ်)
မြို့နယ်အခွန်ဦးစီးမှူး(ပြည်တွင်းအခွန်များဦးစီးဌာန)၊ အောင်လံမြို့။
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊သပြေညိုလမ်း၊အမှတ်(၁၇/ဘီ)၇-အေနေ (ဆရာကြီးဦးကြည်-ဆရာမကြီးဒေါ်စိုးမြင့်)တို့၏သား၊ (ဦးချစ်ညွန့်-ဒေါ်အေးကြွေ)တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း(အထက-၂၈မိုးချောင်း)၏ ချစ်လှစွာသော ခင်ပွန်း၊ မမြတ်ဆုမွန်ဇော်(သရုပ်ပြ-ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)၊မောင်မင်းခန့်ဇော်(ပြည်တွင်းအခွန်များဦးစီးဌာန၊ သရက်မြို့)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၅-၉-၂၀၁၅(သောကြာနေ့)၊ နံနက် ၇း၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၉-၂၀၁၅(တနင်္ဂနွေနေ့)တွင် ကော့မှူးမြို့သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာ
ဦးစိုးမြင့်ရှိန်(ဆိပ်ဖြူ)
အသက်(၇၆)နှစ်
မန်နေဂျာ(ငြိမ်း)ပြည်တွင်း
ရောင်း/စက်၊(မြန်မာ့သစ်လုပ်ငန်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၄ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၁၃၃၅နေ (ဦးထွန်းရှိန်-ဒေါ်တင်လှ)တို့၏သားကြီး၊ [ဦးအေးမောင် (ခ) ဦးမောင်တင်-ဒေါ်သိန်း] တို့၏ သားသမက်၊ ဒေါ်လှလှမြင့်တို့၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထင်ဇော်ဖိုး-မနီလာရှိန်၊ ကိုထင်ကျော်ရှိန်(လ/ထမန်နေဂျာ-စီမံရေး၊ မြန်မာ့သစ်လုပ်ငန်း)-မတင်ကြူကြူအေး၊ ကိုမျိုးကျော်ရှိန်(2^{nd} mate FG), Lizstar Shipping Int)-မသီတာခင်၊ ကိုစိုးကျော်ရှိန်(မြန်မာသြဘာ)-မမာလာသိန်း၊ ကိုဇော်ကိုကိုရှိန်-မဝါဝါမိုး၊ ကိုဇော်ညီညီရှိန်-မနွဲ့နွဲ့အေး၊ (ကိုအောင်သူရရှိန်)-မဇင်ဇင်သန်း၊ ကိုအာကာထွန်း (OOW Lizstar Shipping Int)-မဇာဇာလင်းတို့၏မွေးသဖခင်၊ မြေး ၁၂ ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၄-၉-၂၀၁၅(ကြာသပတေးနေ့) နံနက်၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၅(စနေနေ့) တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်းသိမ်ကျောင်း၊ တံတိုင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်စိန်(စစ်တွေ)
အသက်(၇၈)နှစ်

စစ်တွေမြို့နေ (ဦးဘစိန်-ဒေါ်ညိုမဖြူ) တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၀၉)နေ ဦးဝင်းတင် (တပ်မတော်ရေ-ငြိမ်း)၏ဇနီး၊ ဦးမြင့်ဦး၊ ဒေါ်အေးအေးသန်း၊ ဦးဝင်းထူး (ရွှေတဆုပ်သယ်ယူပို့ဆောင်ရေး)-ဒေါ်အေးငြိမ်းသူ၊ ဦးသန်းနိုင်(မိုးညှင်းခနကုမ္ပဏီ)-ဒေါ်မိမိမော် (လမ်းဦးစီးပုံထုတ်ဌာန၊ ပြည်သူ့ဆောက်လုပ်ရေး)၊ ဦးဟန်ဝင်းအောင်(MD ရွှေတဆုပ်သယ်ယူပို့ဆောင်ရေး)-ဒေါ်နှင်းဥမ္မာထွန်းတို့၏ မွေးသမိခင်ကြီး၊ မပန်းအိမ့်မှူ (Third Year TU၊ ရမည်းသင်း)၊ မပြည့်ပြည့်မြတ်ဘုန်းဟန်(VUC)၊ မောင်ထက်ပြည့်ဖြိုးထွဋ်၊ မအိန္ဒြေထူးသိမ့်ဦး(First year Physic ဒဂုံတက္ကသိုလ်)၊ ရတနာထူးဝင့်ဝါ (Grade-9-S၊ အထက၊ ရွှေပေါက်ကံ)တို့၏အဘွား ဒေါ်မြင့်မြင့်စိန်သည် ၂၅-၉-၂၀၁၅ (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

Hot Line No-0930500100

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေ

သတင်း စာမျက်နှာ ›› ၃

တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုဖြစ်စဉ်မှာ သမားရိုးကျသေဆုံးခြင်းမဟုတ်သဖြင့် စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်

မန္တလေး စက်တင်ဘာ ၂၆

မန္တလေး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ငါးသေဆုံးမှုဖြစ်ပွားခဲ့ရာ သမားရိုးကျသေဆုံးမှုဖြစ်ပွားခြင်းမဖြစ်နိုင်ကြောင်း ဒေသခံများနှင့် တောင်သမန်အင်းရေဝင်ရောက်မှု၊ ငါးသေဆုံးမှုအခြေအနေတို့ကို တိုင်းတာစစ်ဆေးဓာတ်ခွဲသည့် ပညာရှင်များ၏ သုံးသပ်ချက်များအရ သိရသည်။

"တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုက လတ်တလောသေဆုံးခြင်းမဟုတ်ဘဲ အချိန်နာရီပိုင်းအတွင်း ပုပ်ပွနေတာတွေ့ရှိရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနရဲ့ တာဝန်ရှိသူတွေကလည်း သေဆုံးတဲ့ငါးတွေဟာ အင်းအတွင်းက ငါးတွေမဖြစ်နိုင်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အင်းရေပြင် အရည်အသွေးကိုလည်း ချက်ချင်း ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာမှာ ငါးသေဆုံးနိုင်တဲ့ အနေအထားမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တောင်သမန်အင်းရေပြင် အင်းရဲ့အရှေ့ခြမ်းတစ်လျှောက် အောက်ဆီဂျင်ပျော်ဝင်မှုနှုန်း အနည်းငယ်သာလျော့နည်းပြီး အင်းအလယ်နဲ့ ကျန်အပိုင်းတွေမှာတော့ အောက်ဆီဂျင်ပျော်ဝင်မှုကောင်းတာ စစ်ဆေးတွေ့ရှိရပါတယ်။ ငါးသေဆုံးမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ဒေသခံပြည်သူတွေရဲ့

စာမျက်နှာ ၇ ကော်လံ ၃ သို့ ○

မာတိကာ

အနာဂတ်စီးပွားရေးဇုန် ဖော်ဆောင်
စာမျက်နှာ - ၂

၂၀၂၂ ကာတာကမ္ဘာ့ဖလား နိဝင်ဘာ ၂၁ ရက်တွင် စတင်ကျင်းပမည်
စာမျက်နှာ - ၁၃

လေကြောင်းသိရန် ကုက္ကလ် အလံမလဲ အားစမ်းပွဲတည့်
စာမျက်နှာ - ၁၇

စပါးအသင်းအိမ်ကွင်း၌ မန်စီးတီးအသင်းအား ဂိုးပြတ်အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၇)၏ စနေနေ့ည အစောပိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် အိမ်ရှင်အဖြစ် ကွေ့ခံကစားခဲ့ရသည့် စပါးအသင်းက ဧည့်သည်မန်စီးတီးအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့သည် ၄-၂-၃-၁ ကစားကွက်များဖြင့် ပွဲထွက်လာခဲ့ကြပြီး ပထမပိုင်းပွဲကစားချိန် ၂၅ မိနစ်တွင် ယာယာတိုရေး၏ ဖန်တီးပေးမှုကို ဒီဘရွန်းကာ ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်း အဝေးကွင်းတွင် ဦးဆောင်ဂိုးစတင် ရရှိခဲ့သည်။

သို့ရာတွင် စပါးအသင်းသည် ကွင်းလယ်ကစားသမား အဲရစ် ဒိုင်ရာ၏ သွင်းဂိုးဖြင့် ပွဲကစားချိန် ၄၅ မိနစ်တွင် ချေးဂိုးပြန်လည်ရရှိခဲ့ပြီး ပွဲကစားချိန် မိနစ် ၅၀ တွင် အဲလ်ဒါဝီရီးဒ်၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱

ကြေးမုံ Mirror

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို

စက်တင်ဘာ ၂၇၊ ၂၀၁၅
စာမျက်နှာ-၁

တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံ

ပုသိမ် စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးဝင်းကိုနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၁ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဖေနှင့် အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်အတွင်းရှိ ခုနစ်မြို့နယ်မှကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုသိမ်မြို့နယ် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ မဲစာရင်းများ ထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ပုသိမ်ခရိုင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးရဲဖေ၊ ပုသိမ်ခရိုင်အတွင်းရှိ ခုနစ်မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မဲစာရင်းထုတ်ပြန်ကြေညာခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရသော အခက်အခဲများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက တင်ပြချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

မြိတ်မြို့နယ်အတွင်း ရွေးကောက်ပွဲကျင်းပမည့် မဲရုံတည်နေရာများကို ကွင်းဆင်းကြည့်ရှု

မြိတ် စက်တင်ဘာ ၂၆

မြိတ်မြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှုတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာဖြင့် ကျင်းပနိုင်ရေးအတွက် မဲရုံတည်နေရာများကို မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ပင်းအို ကျေးရွာအုပ်စု၊ သဘွတ်ကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအုပ်စုတို့သို့ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုရာတွင် ကျေးရွာများ၌ ကျေးရွာရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ မဲဆန္ဒရှင်များ လွတ်လပ်စွာ မဲပေးနိုင်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး မဲရုံတည်နေရာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ပင်းအိုကျေးရွာတွင် မဲရုံပေါင်း သုံးရုံရှိပြီး လက်ရှိကြေညာထားသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၈၅၃ ဦးနှင့် အမျိုးသမီး ၉၅၂ ဦး၊ သဘွတ်ကျေးရွာတွင် မဲရုံပေါင်း လေးရုံရှိပြီး လက်ရှိကြေညာထားသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၁၄၆၆ဦးနှင့် အမျိုးသမီး ၁၅၆၂ ဦး၊ ကျောက်ဖျာကျေးရွာတွင် မဲရုံပေါင်း ခြောက်ရုံရှိပြီး လက်ရှိကြေညာထားသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၁၉၇၈ ဦးနှင့် အမျိုးသမီး ၁၉၆၆ ဦး ရှိကြောင်း သိရသည်။

ခိုင်ထူး (ခရိုင်ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲ ရှားတောမြို့နယ်တွင် ကျင်းပ

လွိုင်ကော် စက်တင်ဘာ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရှားတောမြို့နယ်ရှိ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရှားတောမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်စာရင်းများ ဆောင်ရွက်ထားရှိမှုနှင့် မဲစာရင်းများမကျန်ရှိစေရေး အလေးထား ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃) နှင့် (၁၄)ကို အလေးထားဆောင်ရွက်ရန်၊ မဲရုံများပြုလုပ်ရာတွင် အများပွင့်လင်းထင်သာမြင်သာရှိရေး ဆောင်ရွက်ရန်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သေချာစိစစ်ရွေးချယ်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကားပြောကြားပြီး လွိုင်ကော်ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးညီညီမင်းက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်/ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်ရွေးကောက်ပွဲ အရာရှိတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုင်းခမ်းဝင်းနှင့်အဖွဲ့သည် ရှားတောမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာမှုများနှင့် မဲရုံပြုလုပ်မည့် နေရာများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှားတောမြို့နယ်တွင် မဲဆန္ဒရှင် စုစုပေါင်း ၃၉၂၈ ဦးရှိပြီး မဲရုံ ကိုးရုံရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ခင်ဦးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဖြေရှင်းရေးကော်မတီ လုပ်ငန်းများတွေ့ဆုံညှိနှိုင်း

ခင်ဦး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဖြေရှင်းရေးကော်မတီက ကော်မတီအဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက မဲဆွယ်စည်းရုံးသည့်နေရာတွင် ပါတီအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေဘဲ အေးချမ်းအောင်မြင်စွာမဲဆွယ်စည်းရုံးကြရန်၊ ကော်မရှင်လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ၁/၂၀၁၄ ဥပဒေ၊ နည်းဥပဒေနှင့် အညီဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ခွဲဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခင်ဦးစိုးဝေ)

ရွေးကောက်ပွဲကျင်းပရန် ၄၂ ရက်သာ လိုတော့သည်။

စက်တင်ဘာ ၂၇၊ ၂၀၁၅
စာမျက်နှာ-၂

ကြေးမုံ Mirror

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်) ဗဟိုကော်မတီအဖွဲ့ဝင် ဦးသဲရယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကမ္ဘာနှင့်အဝှမ်းရှိ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင် ခေတ်သမိုင်းနှင့်ယှဉ်သော ဖြစ်ပျက်ပြောင်းလဲခြင်း နိယာမသဘောတရားကို မလွန်ဆန်နိုင်ဘဲရှိသကဲ့သို့ ခေတ်ရေစီးကြောင်းကိုလိုက်၍ အုပ်ချုပ်မှုစနစ်သည်လည်း အဟောင်းမှအသစ်သို့ ကူးပြောင်းဖြစ်ပေါ်လာရမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ထို့အတူ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ခေတ်သစ်သမိုင်းတွင် မကြုံစဖူးသော တိုင်းရင်းသားအချင်းချင်းကြား ထာဝရငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေးကို မဖြစ်မနေတည်ဆောက်လျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အရှိန်အဟုန်ဖြင့် ချီတက်လျက်ရှိပါသည်။ ကယားပြည်နယ်သည် ပြည်ထောင်စုကြီးတွင် အစိတ်အပိုင်းတစ်ခု အပါအဝင်ဖြစ်သည်နှင့်အညီ ဤပြောင်းလဲမှုဖြစ်စဉ်တွင် မလွဲမသွေ ပါဝင်ရမည်သာဖြစ်ပေသည်။ ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားညီအစ်ကိုအချင်းချင်း ငြိမ်းချမ်းစွာ၊ စည်းလုံးညီညွတ်စွာဖြင့် အတူယှဉ်တွဲနေထိုင်ရမည်ဖြစ်သကဲ့သို့ အခြားသော ပြည်နယ်/တိုင်း ဒေသကြီးများရှိ တိုင်းရင်းသားများအားလုံးနှင့်လည်း အခွန့်ရှည်စွာ တန်းတူညီတူ ပေါင်းသင်းဆက်ဆံခြင်းတည်းဟူသော အခြေခံမူအားဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ကိုယ်စားပြု နိုင်ငံရေးပါတီတစ်ရပ် မဖြစ်မနေထူထောင်ရန် အထူးလိုအပ်လျက်ရှိကြောင်း မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)သည် ၁၉၉၀ ခုနှစ်တွင် ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့အမည်ဖြင့် လည်းကောင်း၊ ၂၀၁၀ခုနှစ်တွင် ကယားပြည်နယ်လူမျိုးပေါင်းစုံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအမည်ဖြင့်လည်းကောင်း တည်ထောင်ခဲ့ပါသည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုပါ။ ထို့ကြောင့် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုး၊ ဘာသာမရွေး၊ ကျား/မ မရွေး၊ လူကြီးလူငယ်များပါမကျန် အားလုံးပါဝင်ခွင့်ရရှိမည်ဖြစ်သော လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ All Nationals' Democracy Party (AND) ကိုထူထောင်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များလက်ထဲသို့ လက်ဆင့်ကမ်းပြောင်းပေးနိုင်ရန်ဖြစ်ပါသည်။ သို့ပါ၍ ကယားပြည်နယ်အတွင်းရှိ လူမျိုးပေါင်းစုံအပါအဝင်ဖြစ်သော ပြည်သူလူထု တစ်ရပ်လုံးမှ ပူးပေါင်းပါဝင်မှု၊ အားပေးကူညီမှုနှင့် အပြုသဘောဖြင့် ဝေဖန်အကြံပေးမှုတို့ကို မျှော်လင့်လျက် ပြည်နယ်လူထု၏ တစ်ခဲနက်ထောက်ခံမှုကိုပါ ရရှိမည်ဟူ၍ အလေးအနက် ယုံကြည်ပါသည်။ ဤသို့ ယုံကြည်မျှော်လင့်သည့်အတွက် ဤတစ်ခုတည်းဖြစ်သော ပြည်နယ်ကိုယ်စားပြု လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီကို (၂၇-၃-၂၀၁၃)ရက်နေ့ လွှိုင်ကော်မြို့တွင် ပြန်လည်ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီသည် ကယားပြည်နယ် ဒေသခံလူမျိုးစုများအပြင် ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံအားပါဝင်ခွင့်ရှိခြင်းနှင့် အားပေးကူညီခြင်းကို လှိုက်လှဲစွာကြိုဆိုလျက်ရှိပါသည်။

ပြည်နယ်လူထုတစ်ရပ်လုံး၏ စားဝတ်နေမှုချောင်လည်စေရေး၊ ဆင်းရဲမွဲလျော့ချနိုင်ရေး၊ အကြောက်တရားနှင့် အရှက်တရားတို့မှလွတ်မြောက်နိုင်ရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍများမြှင့်တင်ပေးရေး၊ (Socio-economic Barriers) လူမှု/စီးပွားရေးကဏ္ဍ၏ အဓိကအဟန့်အတားသဖွယ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို ဦးတည်ချက်ထားကာ တည်ဆောက်ဖောက်လုပ်ပေးနိုင်ရေး စသည့်အရေးကိစ္စများမှာ ပြည်သူ ပြည်သား အများစုအတွက် အရေးတယူကုစားပေးရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကပြဿနာဖြစ်သည်ဟု ခံယူပါသည်။

၎င်းအပြင် ပဓာနကျသည့် နယ်မြေဒေသလုံခြုံမှု၊ ငြိမ်းချမ်းမှုနှင့် တိုင်းရင်းသားများအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ရိုင်းပင်းမှု၊ အပြန်အလှန်လေးစားသမှုပြုခြင်း တည်းဟူသော "တိုင်းရင်းသားညီရင်း အစ်ကို စိတ်ဓာတ်" (Co-Fraternity Spirit) ကို ထာဝစဉ်ရှင်သန်စေရန် အထူးလိုအပ်ပါသည်။ အဆိုပါ "တိုင်းရင်းသားညီရင်းအစ်ကိုစိတ်ဓာတ်" အခိုင်အမာ တည်ဆောက်နိုင်ပါမှ ပြည်နယ်ဒေသအပါအဝင် နိုင်ငံနှင့်အဝှမ်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ အမြန်မနှေးရောက်ရှိမည်ဟု ယုံကြည်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊ မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်ဖြစ်ပါသည်။

သို့မှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒီမိုကရေစီအရေးများ ချောမောလွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေများပြားသဖြင့် အမျိုးသမီးနှင့်ပတ်သက်သော လူ့အခွင့်အရေးများ၊ အကြမ်းဖက်မှုများ ကာကွယ်စောင့်ရှောက်ကာ နိုင်ငံရေးတွင် အမျိုးသမီးပိုမိုပါဝင်နိုင်ရန် အခွင့်အလမ်းပေးရပါမည်။ ကလေးသူငယ်များ ပြုစုပျိုးထောင်ရာတွင် အခမဲ့ပညာသင်ကြားခွင့်၊ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသော ကလေးများအတွက် ပညာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ရပါမည်။

နိုင်ငံရေးမူဝါဒ အခြေခံမူများကို အောက်ပါအတိုင်း ချမှတ်သွားမည်ဖြစ်ပါသည်-

(က) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး အခြေခံမူ - လူမျိုးကြီး/ငယ်မဟူ ဥပဒေအရာတွင် တန်းတူရည်တူရှိရမည်။ လူမျိုးအချင်းချင်း အခွင့်ထူးခံ၊ အခွင့်အလမ်းမဲ့သူများဟူ၍ ခွဲခြားမှုမရှိစေရ။ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရပိုင်ခွင့်များကို နိုင်ငံသားတိုင်းရရှိစေရမည်။ လူတန်ဖိုး၊ လူဂုဏ်သိက္ခာတို့အရ လူမျိုးအားလုံးတန်းတူရည်တူရှိစေရမည်။ ကယားပြည်နယ်သည် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့်အညီ တန်းတူရည်တူ ရှိစေရမည်။ မည်သူမျှဥပဒေအထက်တွင် မရှိစေရ။

(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး အခြေခံမူ - လူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းဆုံးဖြတ်ခွင့်ရှိစေရမည်။ ကယားပြည်နယ်တွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို လူမျိုးစုအသီးသီးတို့၏ ဒေသဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လပ်စွာကျင့်သုံးခွင့်ရှိစေရမည်။ ကယားပြည်နယ်သည် ပြည်ထောင်စုကြီးနှင့် အမှီသဟဲပြုနေမည်ဖြစ်ပြီး အပြန် အလှန်အကျိုးပြုမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံကျကျကျင့်သုံးနိုင်ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်ဆင့်တွင် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးပုံစံ ဖော်ဆောင်ရမည်။ ယင်းအတွက် ပြည်သူများကိုယ်တိုင် ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရရှိစေရမည်။

စီးပွားရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လွတ်လပ်သော စီးပွားရေးမူဝါဒများကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးချပြီး ပြည်နယ်အတွင်းရှိ လူတိုင်း စွမ်းအားရှိသလောက် လွတ်လပ်စွာ ဆောင်ရွက်စေခြင်းဖြင့် ပြည်နယ်၏ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊

(ခ) လူတိုင်း ကာယ၊ ဉာဏ၊ ဝိရိယ၊ ငွေအရင်းအနှီးများ စွမ်းအားပမာဏအရ အကျိုးခံစားခွင့်ရရှိစေရန်၊

(ဂ) သယံဇာတပေါကြွယ်ဝသည့် ကယားပြည်နယ်တွင် ကုန်ချော ထုတ်လုပ်ရောင်းချနိုင်သည့် ဖက်စပ်လုပ်ငန်းနှင့် ပုဂ္ဂလိကပိုင်များအား လုပ်ပိုင်ခွင့်ပေးခြင်းဖြင့် ထုတ်လုပ်မှုကို တိုးတက်လာစေရန်၊

(ဃ) ကယားပြည်နယ်အတွင်းထွက်ရှိသည့် လျှပ်စစ်စွမ်းအားကို အပြည့်အဝအသုံးချခွင့် ရရှိစေရန်၊

(င) စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်းများရှိစေရန်၊

(စ) ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်သည့် ကယားပြည်နယ်အား အခြားသော ပြည်နယ်/တိုင်းဒေသကြီးများနှင့် ရင်ပေါင်တန်းနိုင်စေရန် ရေ၊ မြေ၊ သဘာဝသယံဇာတ အခြေခံကောင်းများကို စနစ်တကျ အသုံးပြုခြင်းဖြင့် ပြည်သူအများ၏ စားဝတ်နေရေး ချောင်လည်စေရန်၊

(ဆ) တစ်နိုင်တစ်ပိုင် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

ကျယ်ဝန်းနက်နဲ များပြားလှသော လူမှုရေးကဏ္ဍတွင် အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ စာပေ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းများ အပါအဝင်ဖြစ်ကြ၏။ ယင်းလူမှုရေးကိစ္စအဝဝကို တစ်ခုသောအတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အေးချမ်းတည်ငြိမ်မှုစသည့် အဘက်ဘက်မှ ဖွံ့ဖြိုးမှု အခြေအနေကောင်းများ ရရှိရန် လိုအပ်မည်ဖြစ်ပါသည်။ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများနှင့် မျိုးဆက်သစ် လူငယ်လူရွယ်၊ ကျောင်းသူ ကျောင်းသားများအပါအဝင် အလွှာအတန်းအစားအသီးသီးမှ လူအဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ကောင်းမွန်သော လူနေမှုအခြေအနေများပေါ်ထွန်းစေရန် အောက်ဖော်ပြပါ အချက်များကို ဆောင်ရွက်သွားပါမည်-

(က) ပညာရေးအဆင့်အတန်းမြင့်မားရေး၊

(ခ) ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊

(ဂ) အားကစားနှင့် ကာယပညာ အဆင့်အတန်းမြှင့်တင်ရေး၊

(ဃ) တိုင်းရင်းသားစာပေ အရေးအသားများ ဖော်ထုတ်မြှင့်တင်ပေးရေး၊

(င) ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး၊

(စ) လူမှုဝန်ထမ်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊

(ဆ) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိပြီး ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးခြင်းမပြုရေး၊

(ဇ) ကောင်းမွန်သော ကိုယ်ကျင့်တရားများ ထွန်းကားပြန့်ပွားရေး၊

(ဈ) လူညွှန့်တုံးစေသော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သုံးစွဲမှုများ လျော့နည်းပပျောက်စေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန် "ပြည်သူ့နီတိ" ကို စာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးနိုင်ရေးများ ဆောင်ရွက်သွားမည်။

ကယားပြည်နယ် ဧရိယာအကျယ်အဝန်း၏ ဆယ်ပုံတစ်ပုံခန့်မှာ မြေနိမ့်လွင်ပြင်ဒေသဖြစ်ပြီး သွားရေးလာရေးအတော်အသင့် လွယ်ကူပါသည်။ ကျန်ဆယ်ပုံကိုးပုံခန့်မှာမူ တောတောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်းတို့ဖြင့် လမ်းပန်းဆက်သွယ်ရေး၊ သွားရေးလာရေး အလွန်ပင်ခက်ခဲကြမ်းတမ်းလှပါသည်။ ၎င်းတို့မှာ လူမှုရေး၊ စီးပွားရေး ကဏ္ဍအတွက် သဘာဝအဟန့်အတားကြီးသဖွယ် (Natural Socio-economic barriers)ဖြစ်နေလျက် ဖွံ့ဖြိုးတိုးတက်မှု ကြန့်ကြာနှေးကွေးနေရသည့် အဓိကအကြောင်းရင်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ပါ၍ ကျေးလက်တောရွာအနှံ့ လမ်းပန်းဆက်သွယ်ရေး ပြောင်းလဲကောင်းမွန်စေရေးအတွက် ရေတို ရေရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ခေတ်ကာလအခြေအနေနှင့် မကိုက်ညီတော့သည်သာမကဘဲ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ သဘာဝပတ်ဝန်းကျင်သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် ဥတုရာသီစက်ဝန်းလည်ပတ်မှုကို ပြောင်းလဲဖြစ်ပေါ်စေကာ လူသားမျိုးနွယ်စုအတွက် အန္တရာယ်ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိသော "ရွှေ့ပြောင်းတောင်ယာစနစ်" ကို အစားထိုးပြောင်းလဲလုပ်ကိုင်နိုင်စေရန် တောနေလူထုအား တဖြည်းဖြည်းချင်း စည်းရုံးသိမ်းသွင်းသွားမည်။ ၎င်းအစားစီးပွားဖြစ် နှစ်တို နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြင့် အစားထိုးစိုက်ပျိုးပေးနိုင်ရန်လိုအပ်နေပါသည်။ ထို့ကြောင့် ဒေသအာဏာပိုင်များနှင့် လည်းကောင်း၊ စိုက်ပျိုးရေးဌာနနှင့်လည်းကောင်း စေ့စပ်ညှိနှိုင်းပေးသွားမည်ဖြစ်ပါသည်။

ပြည်နယ်ကိုယ်စားပြု AND Party သည် အနာဂတ်ကာလတွင် ကယားပြည်နယ်ရှိ အမျိုးသားနိုင်ငံရေးကို ဦးစားပေးလုပ်ဆောင်ပေးမည့် ပြည်နယ်ကိုယ်စားပြုပါတီအဖြစ် ရပ်တည်သွားနိုင်ရန် လိုအပ်ကြောင်း နိုင်ငံရေးအမြင် သိရှိနားလည်သူတိုင်း သဘောပေါက်လက်ခံကြမည်သာဖြစ်ပါသည်။ AND Party သည် ပြည်သူကို လေးစားယုံကြည်လျက်ရှိပါသည်။ ပြည်သူ့အကျိုးကို ဦးထိပ်ထား၍ ပြည်သူ့အရေးကိစ္စရပ်များကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ဆောင်ရွက်သွားပါမည်။

သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုကိုရရှိမှသာ ကျွန်ုပ်တို့၏ AND Party ကြီးသည် ပြည်သူ့အတွက် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သောကြောင့် ပြည်နယ်အကျိုး၊ နိုင်ငံတော်၏ အကျိုးကိုရှေးရှုလျက် ကျွန်ုပ်တို့၏ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (All Nationals' Democracy Party) ကို ထောက်ခံအားပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

"ကယား(ကရင်နီ)ပြည်သူတွေ နီးထကြစို့"

ကြေးမုံ Mirror
ျမဝတီ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၇၊ ၂၀၁၅
စာမျက်နှာ-၃

ကယားလူမျိုးစုဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

ကယားလူမျိုးစု ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးစောဒယ်နီယယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသူ တိုင်းရင်းသားပြည်သူများ ခင်ဗျား-

ကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာ လိုအင်ဆန္ဒပြည့်ဝကြပါစေကြောင်း ဆုတောင်းပေးရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။

ကယားလူမျိုးစုဒီမိုကရေစီပါတီဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံးပါဝင်ပါတယ်။ ကယားလူမျိုး တစ်ခုတည်းမဟုတ်ပါ။ လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြုလုပ်ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ကယားလူမျိုးစုဒီမိုကရေစီပါတီက ပြည်နယ်ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကယားလူမျိုးစုဒီမိုကရေစီပါတီသည် ကယားပြည်နယ်သားများအားလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးအတွက် ရှေ့လုပ်ငန်းစဉ်များ ထားရှိကာ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ကယားပြည်နယ် ငြိမ်းချမ်းရေးသာမက ပြည်ထောင်စုတစ်ခုလုံးငြိမ်းချမ်းရေးရရှိဖို့ရန် တစိုက်မတ်မတ် ထုတ်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များခင်ဗျား ကယားလူမျိုးစုဒီမိုကရေစီပါတီရဲ့ နိုင်ငံရေးမူဝါဒများမှာ

(၁) တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ပြီး တန်းတူညီမျှရေးကို အာမခံပေးနိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်သွားမှာဖြစ်ပါတယ်။

(၂) ကယားပြည်နယ်သူ/ပြည်နယ်သားများအားလုံးအတွက် အမှန်တကယ်ကိုယ်စားပြုနိုင်သော ကယားပြည်နယ် အစိုးရတစ်ရပ် ဖြစ်စေရပါမယ်။

(၃) ကယားပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ပြည်နယ်သူ/ပြည်နယ်သားများတစ်ရပ်လုံးအတွက် ဘဝလုံခြုံမှုကိုလည်းကောင်း၊ အာမခံချက်ပေးနိုင်သော မူဝါဒများပေါ်ပေါက်လာစေရေးအတွက် အစဉ်တစိုက် အားထုတ်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ နိုင်ငံရေးရဲ့မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ လူတန်းစားအသီးသီးမှ ပြည်သူလူထုများအားလုံးအတူတကွ လက်တွဲဖော်ဆောင်သွားမှာဖြစ်ပါတယ်။ လူမှုဘဝမျှော်လင့်ချက်များကို အာမခံပေးနိုင်တဲ့ နိုင်ငံရေးစနစ် တစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် ဒေသတွင်း နိုင်ငံရေးအရင်းအမြစ်များဖွံ့ဖြိုးစေဖို့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဆင်းရဲနိမ့်ကျနေတဲ့ လယ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးနည်းပညာများ၊ နည်းစနစ်သစ်များကို လယ်သမားများလက်ဝယ်သို့ လည်းကောင်း၊ မျိုးကောင်းမျိုးသန့်နှင့် သဘာဝမြေဩဇာပြုလုပ်သောနည်းပညာနှင့်တကွ လယ်သမားများလက်ဝယ်သို့ အရောက်ပို့ဆောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လယ်သမားများတွေ့ကြုံနေရသော လယ်ယာပိုင်ဆိုင်မှုနှင့် လယ်သမားများကို အကာအကွယ်ပြုနိုင်သော လယ်ယာမြေဥပဒေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်သူပြည်နယ်သား မဲဆန္ဒရှင်များခင်ဗျား-

စီးပွားရေးမူဝါဒများအနေနှင့် ကယားပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို ပြည်နယ်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်နှင့် ကယားပြည်နယ်သားများ လက်ဝယ်လုပ်ပိုင်ခွင့်ရရှိလာစေရန် လိုအပ်ပါတယ်။ ကယားပြည်နယ်သူ/ပြည်နယ်သားများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးစီးပွားကို ရှေ့ရှုသော စီးပွားရေးမူဝါဒများ၊ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါတယ်။ ကယားပြည်နယ်အတွင်းရှိ လယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားများဝင်ငွေနှစ်ဆတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနည်းပညာများ၊ အဆင့်မြင့်သော ခေတ်မီစက်ပစ္စည်းများ၊ မျိုးကောင်းမျိုးသန့်နှင့်မျိုးစေ့များရရှိလာအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒေသခံကယားပြည်နယ်သူ/ ပြည်နယ်သားများအကျိုးဖြစ်ထွန်းစေနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးပွားလာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကယားပြည်နယ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုနည်းရခြင်းသည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများစွာရှိနေခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများအလွန်အားနည်းနေခြင်း၊ လျှပ်စစ်မီးနှင့် ရေသန့်သုံးစွဲနိုင်ရေးအတွက် များစွာလိုအပ်နေခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးလုပ်ငန်းများ အလေးထားဆောင်ရွက်မှု အားနည်းနေခြင်းတို့ကြောင့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်။ နိုင်ငံသားတိုင်း စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး ပြည့်ဝစွာခံစားနိုင်ဖို့ရန် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ကယားပြည်နယ်သူ ပြည်နယ်သားမဲဆန္ဒရှင်များ ခင်ဗျား-

ဆက်လက်ပြီးတော့ လူမှုရေးကဏ္ဍများကို ဖော်ပြပေးမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးနွယ်စုများအသီးသီးတို့ရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ/ထုံးတမ်းအစဉ်အလာများကိုလည်း ထိန်းသိမ်းသွားသည်သာမက ကိုးကွယ်ယုံကြည်မှုများကိုလည်း ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သလို မြှင့်တင်ပေးရန်လည်းလိုအပ်လှပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်များ ဘဝတိုးတက်မြင့်မားရေးအတွက် အလုပ်အကိုင်အလွယ်တကူ ဖန်တီးပေးပြီး အလုပ်အကိုင်ရရှိစေရန် ကျောင်းပြင်ပအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ခေတ်မီ၍ ဝင်ငွေကောင်းသော လုပ်ငန်းသစ်များစွာ စီမံပေးပြီး သင်ကြားမှုဆိုင်ရာ သင်တန်းအစီအမံများ၊ လက်တွေ့နည်းပညာစနစ်သစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များရဲ့ အခွင့်အရေးနှင့် အခန်းကဏ္ဍကိုလည်း တင်ပြမှာဖြစ်ပါတယ်။ အမျိုးသမီးများဘဝလုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊ အမျိုးသမီးများ အမျိုးသားနှင့် တန်းတူ အခွင့်အရေးရရှိရန် ဖော်ဆောင်သွားဖို့လိုအပ်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ် (CEDAW) အကောင်အထည်ဖော်ရန် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရပါမယ်။

အနာဂတ်ကလေးအရွယ်များအတွက်လိုအပ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနည်းစနစ်များ၊ နည်းပညာများ၊ မူဝါဒများ၊ အာဟာရအစားအစာများ၊ ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ ကလေးသူငယ်များအတွက် လိုအပ်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ လိုအပ်ချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရပါမယ်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် အရည်အသွေးမြင့်မားပြီး ထိရောက်သော ဝန်ဆောင်မှုများပေးရန် မူဝါဒဆိုင်ရာ စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရပါမယ်။

လူငယ်လူရွယ်များအတွက် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်သစ်များ၊ နည်းပညာသစ်များ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နည်းပညာများ၊ စာရိတ္တပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနည်းစနစ်များကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်သွားရပါမယ်။ လူငယ်လူရွယ်တို့၏ စိတ်ခံစားချက်များအပေါ် အလေးထားပြီး လူငယ်လူရွယ် လူ့အရင်းအမြစ်ကောင်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်သွားရပါမယ်။ လက်ရှိ လူငယ်များ၏ ဘဝစံနှုန်းထက် မြင့်မားသောစံနှုန်းကို အရှိန်အဟုန်နှင့် မြန်ဆန်စွာ တိုးတက်မြင့်မားလာစေရန် ထိရောက်သော ပြောင်းလဲမှုစနစ်ဖြင့် ကိုင်တွယ်ဆောင်ရွက်သွားနိုင်ရန် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လမ်းမှားရောက်နေသော လူငယ်များကိုလည်း ပြန်လည်

ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရပါမယ်။

လေးစားအပ်ပါသော ကယားပြည်နယ်သူ ပြည်နယ်သားမဲဆန္ဒရှင်များခင်ဗျား-

အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ဘဝအာမခံချက်ပေးနိုင်သော စီးပွားရေး အခြေပြုလုပ်ငန်းများ ပံ့ပိုးကူညီမှုအပြည့်အဝရရှိစေရန် ဆောင်ရွက်သွားရပါမယ်။ ကယားပြည်နယ်အတွင်း နေထိုင်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီတို့၏ ဆောင်ရွက်ချက်များကို တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေဖိုးမိုးရန် လိုအပ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုင်းရင်းသားများအားလုံး အတူတကွပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်စေရန်နှင့် သဘောတူညီမှုများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူပြည်သား မဲဆန္ဒရှင်များခင်ဗျား-

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပျက်စီးနေသော တောတောင်သဘာဝများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်များကိုလျှော့ချပြီး ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဝင်ငွေကောင်းပြီး စီးပွားဖြစ်စေသော တောတောင်သဘာဝနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တောတောင်သဘာဝသစ်ပင်များ ခုတ်ပစ်မှုနည်းနိုင်သမျှနည်းစေပြီး တောတောင်သဘာဝကို အခြေပြု၍ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အကျယ်တဝင့်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား-

ကယားပြည်နယ်အတွင်းလိုအပ်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေး၊ လမ်းတံတားများ အရည်အသွေးမြှင့်တင်ရန်နှင့် ရွာချင်းဆက်လမ်းများ ဆက်သွယ်ရေးစနစ်လုပ်ငန်းများကိုလည်း ကျေးရွာဒေသများအသုံးပြုလာနိုင်စေရန်နှင့် ဝေးလံခေါင်ဖျားသော နေရာဒေသများတွင် နေထိုင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာစေရန် တိုးချဲ့၍ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောမဲဆန္ဒရှင်များခင်ဗျား-

ကယားလူမျိုးစုဒီမိုကရေစီပါတီသည် ပြည်နယ်အခြေစိုက်၊ ပြည်နယ်ကိုယ်စားပြုသည့်ပါတီဖြစ်သည့်အားလျော်စွာ ကယားပြည်နယ်အတွင်းရှိ မြို့ပေါ်၊ ကျေးလက်ဖွံ့ဖြိုးမှု ကွာဟမှုနည်းပါးစေရန်နှင့် ကယားပြည်နယ်ဒေသတစ်ခုလုံးရဲ့အကျိုးကို ထိရောက်စွာအမှန်တကယ် သယ်ပိုးဆောင်ရွက်သွားနိုင်မှာဖြစ်သောကြောင့် ကယားလူမျိုးစု ဒီမိုကရေစီပါတီ ကိုယ်စားလှယ်များကို ဆန္ဒပြွေးချယ်ပေးနိုင်ပါရန်နှင့် ဆန္ဒမဲထည့်ဝင်ဆန္ဒပြုနိုင်ကြပါရန် တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင် ကယားပြည်နယ်သူ ပြည်နယ်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၂၆

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ အတွင်းရေးမှူး ဦးသန့်ဇင်ခိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးဇေတိုးအောင်တို့က လုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် ဦးခင်မောင်လှိုင်နှင့် ဦးနိုင်ဦးတို့က တိုင်းဒေသကြီးအစည်းအဝေး အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသည့် မြို့နယ်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(၄၅၅)

စက်တင်ဘာ ၂၇၊ ၂၀၁၅
စာမျက်နှာ-၄

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို

ကြေးမုံ Mirror

အမျိုးသားတိုးတက်မြင့်မားရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

အမျိုးသားတိုးတက်မြင့်မားရေးပါတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အေးအတူ၊ ပူအမျှ၊ အတူတကွယှဉ်တွဲနေထိုင်လျက်ရှိကာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံတော်သစ်ကြီးတစ်ခုအဖြစ် ရပ်တည်လာနိုင်ရန် စိတ်အားထက်သန်လျက်ရှိကြပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရန် လက်တွဲကြိုးပမ်းရာတွင် ပဓာနအကျဆုံးလိုအပ်ချက်ဖြစ်သည့် တာဝန်သိနိုင်ငံသားကောင်းများမွေးထုတ်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိလျက် တိုင်းပြည်ကောင်းကျိုးအတွက် အနစ်နာခံလုပ်ဆောင်ကြမည့် လူတန်းစားအလွှာမျိုးစုံပါဝင်သည့် အင်အားစုတစ်ရပ်အဖြစ် တစည်းတလုံးတည်းစုစည်းနိုင်ရန် အထူးလိုအပ်လှပေသည်။

၎င်းအချက်ကို အကြောင်းပြု၍ အမျိုးသားတိုးတက်မြင့်မားရေးပါတီ (NPP)ကို ဖွဲ့စည်းပုံအခြေခံနှင့်အညီ အလွှာပေါင်းစုံမှ အမျိုးသားရေးတက်ကြွလှုပ်ရှားသူ ၂၄ဦးဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားခဲ့ပြီး နိုင်ငံရေးပါတီအဖြစ် ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် ၆၆ ဖြင့် တရားဝင်ရပ်တည်နိုင်ခဲ့ပါသည်။

ပါတီတံဆိပ်သည် အစိမ်းရောင်သပြေရွက် ၈ ရွက်ပါရှိသည်။ သပြေခက်တစ်ခက်၏ ထိပ်တွင် ရွှေရောင်ကြယ်တစ်လုံးပါရှိပြီး အောက်ခြေတွင် အမျိုးသားတိုးတက်မြင့်မားရေးပါတီဟု မြန်မာဘာသာဖြင့် ရေးထိုးထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားကာ ပြည်နယ်များတွင် မိမိတို့ပါတီမှ ကိုယ်စားလှယ်များဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ပေ။

ရည်ရွယ်ချက်

နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားအတွက် အစိုးရ၊ ပြည်သူနှင့် လက်တွဲပူးပေါင်း၍ လက်တွေ့ကျသည့် လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံ၍ စက်မှုလက်မှု၊ ပညာရေး အစရှိသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအားဖြင့် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်အဆင့်တူ အမြန်ဆုံးရင်ပေါင်တန်းနိုင်ရန်။

တိုင်းရင်းသားလူမျိုးအချင်းချင်းယုံကြည်မှု၊ ချစ်ကြည်ရင်နှီးမှုနှင့် အပြန်အလှန်လေးစားမှုရှိလျက် ၎င်းတို့၏ အနာဂတ်ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်မည့် လူဘောင်အဖွဲ့အစည်းကိုတည်ထောင်နိုင်ရန်။

ပါတီမူဝါဒ အချို့ကောက်နုတ်ချက်များ

ပြည်ထောင်စုတိုင်းရင်းသား ၁၃၅ မျိုးလုံး၏ လုံခြုံရေးနှင့် အကျိုးစီးပွားအန္တရာယ်များကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန် ဖြစ်သည်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတို့ကို ဖော်ဆောင်ရာတွင် အမိနိုင်ငံတော်၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုများနှင့် သဟဇာတဖြစ်ရေး၊ လိုက်လျောညီထွေဖြစ်စေရေးကို အရေးပေးလျက် ရေခဲမြေခဲဒီမိုကရေစီကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ပြည်ပနိုင်ငံများ၏ လူမျိုးရေး၊ စီးပွားရေးအမြတ်ထုတ်ဝါးမျိုမှုများပေါ်ပေါက်လာပါက ထိုသို့ပေါ်ပေါက်လာသည့် ဒေသများ၏ နစ်နာဆုံးရှုံးမှုများအတွက် ယင်းဒေသခံတိုင်းရင်းသားများရှေ့ဘက်မှ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခြေခံပညာရေးစနစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို ရင့်သန်ခိုင်မာစေမည့် သင်ကြားမှုနည်းစနစ်များ၊ သင်ရိုးညွှန်းတမ်းများထည့်သွင်းနိုင်ရေးကို အလေးထားဆောင်ရွက်သွားမည်။

ဖွံ့ဖြိုးမှုနောက်ကျသည့် ဒေသများ၊ ဝေးလံခေါင်ဖျားဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသန္တရ ကျန်းမာရေးဌာနများ၊ ဆေးခန်း၊ ဆေးရုံများ လုံလောက်အောင်ထားရှိရေးကြိုးပမ်းဆောင်ရွက်မည်။

ပြည်ပသွင်းကုန်အစားထိုးဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတကာအရည်အသွေးပြည့်မီသည့် ကုန်ထုတ်လုပ်ငန်းများကို တိုင်းရင်းသား လုပ်ငန်းရှင်များမှ တည်ထောင်နိုင်ရန်လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်သွားမည်။

တောင်သူလယ်သမား မိသားစုတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးအသိပညာဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးနည်းပညာစနစ်များရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

အလုပ်သမားများရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိနိုင်ရေး၊ လုပ်ငန်းခွင်အတွင်း ရပိုင်ခွင့်များ၊ လစာများ၊ ကျန်းမာရေးအာမခံချက်များ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်။

ကြိုတင်မျှော်လင့်ထားနိုင်ခြင်းမရှိသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင် အသိ၊ သတိနှင့်ယှဉ်၍ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် စနစ်ကျနသည့် လေ့ကျင့်မှုများ၊ ကြိုတင်ပြင်ဆင်မှုများနှင့် နိုင်ငံတကာအဆင့်မီနည်းပညာများ၊ အထောက်အကူပစ္စည်းများ အသုံးပြုနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

တိုင်းရင်းသား ၁၃၅ မျိုးလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ဓလေ့စရိုက်များ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး ကမ္ဘာ့နိုင်ငံများမှ မိမိတို့ယဉ်ကျေးမှုကိုသိရှိအောင် စီစဉ်ဆောင်ရွက်သွားမည်။

ကျွန်ုပ်တို့ အမျိုးသားတိုးတက်မြင့်မားရေးပါတီ(NPP)ကို ဖွဲ့စည်းထားခြင်းသည် ကျွန်ုပ်တို့ ကိုယ်ကျိုး/မိသားစုဆွေမျိုးအကျိုးအတွက် မဟုတ်ပေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားစစ်စစ်အားလုံးတို့၏ ကောင်းကျိုးအတွက်သာဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်ရှိသော တိုင်းရင်းသားစစ်စစ်အားလုံး၏ ကောင်းကျိုးကို လိုလားသော ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးကို ကျွန်ုပ်တို့ပါတီမှ အမြဲတမ်းတံခါးဖွင့် ကြိုဆိုလက်ကမ်းလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသားတိုးတက်မြင့်မားရေးပါတီသည် အမျိုးသားရေး ဦးစားပေးမည်အနာဂတ်ပါတီ(NPP)ဆိုသည့် ပါတီဆောင်ပုဒ်အတိုင်း တိုင်းရင်းသားစစ်စစ်အားလုံးတို့၏ ကောင်းကျိုးကို ရှေးရှုကာ အနာဂတ်စီမံကိန်းများ ဖော်ဆောင်ကာကွယ်သွားမည်။ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကို အမျိုးသားရေးရှုထောင့်မှ လုပ်ကိုင်ဖော်ဆောင်ပြီး မိမိတို့၏ အမျိုးဘာသာသာသနာတည်တံ့ခိုင်မြဲရေးအတွက် အသက်ထက်ဆုံးကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားမည်ဟု ကတိသစ္စာပြုရင်း နိဂုံးချုပ် အဆုံးသတ်လိုက်ပါသည်။

ရဟန်းရှင်လူ မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။

မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်ရေး မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်

ကျောက်ဆည် စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျောက်ဆည်ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ကျောက်ဆည်မြို့ နယ်မြေတာဝန်ခံ ဦးကျော်ဝင်းသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ စက်ရုံအလုပ်ရုံများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ကိုယ်စားလှယ်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ဆုံကာ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးတင်အောင်လွင်က မဲစာရင်းများ ပြုစုခြင်းနှင့် မဲဆန္ဒရှင်လမ်းညွှန်လက်ကမ်းစာစောင်ပါ ပုံစံ(၃)၊ ပုံစံ(၃-က)၊ပုံစံ(၄)၊ ပုံစံ(၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ(၄-ဂ) များအရ ဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကောင်မရှင်အဖွဲ့ခွဲဝင် ဦးခင်မောင်သန်းက ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းများနှင့်စပ်လျဉ်းပြီး ပုံစံ(၁၅)၊ ပုံစံ(၁-ဃ)၊ ပုံစံ(၁-၂)များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းပြီး ပုံစံ(၁၅)၊ ပုံစံ(၁-၃)များ၊ ဆောင်ရွက်ရမည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် တပ်ရင်းတပ်ဖွဲ့၊ စက်ရုံအလုပ်ရုံများနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များက မရှင်းလင်းသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြပြီး ၂၀၁၅ ခုနှစ် အထွေထွေ

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေး၊ သတ်မှတ်လျာထားသော မဲရုံတည်နေရာများ အတည်ပြုနိုင်ရေး ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

သက်မောင်(ကျောက်ဆည်)

ရွေးကောက်ပွဲတွင် ပါဝင်ဖို့ မဲစာရင်း ကြည့်ကြစို့

အမည်မှန်

အဖ ဦးသိန်းကျော်လင်း၏သား သန်လျင်မြို့၊ အုတ်ဖိုစု အမကမူလွှန် စတုတ္ထတန်း(A)မှ မောင်သိန်းထွန်းဝင်း၏ အမည်မှန်မှာ မောင်သိန်းထွဋ်ထွဋ်ဝင်း ဖြစ်ပါကြောင်း။

မောင်သိန်းထွဋ်ထွဋ်ဝင်း

ရောင်းမည်

လယ်ကော(၇၅)၊ ပြည်လမ်းမဘေး၊ တိုက်ကြီးမြို့နယ်၊

Ph:09-5124720, 09-972154524

RAZAGHO CO.,Ltd.

Building (270), Room(3/C), Pyay Road,Myaynigone, Sanchaung Township, Yangon,Myanmar.

Email:cinddy 123 @ gmail.com

1. Marketing (3)F/M

2. Graphic Designer (3)F/M

အမှတ်စဉ်(၁)အတွက်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့် အထက်ရှိရမည်ဖြစ်ပြီး ဘွဲ့ရ၊ Microsoft Word,Excel အသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၂)အတွက် Adobe Photoshop,Illustrator ကျွမ်းကျင်စွာသုံးနိုင်သူဖြစ်ရမည်ဖြစ်ပြီး ဘွဲ့ရ၊ Printing လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့် အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြေညာသည့်နေ့မှစ၍ သုံးပတ်အတွင်း သက်ဆိုင်ရာရုပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူများဖြင့် လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Open Company တွင် အောက်ပါအလုပ်သမားများအလိုရှိသည်

၁။ Marketing ကျား(၅)ဦး၊ မ(၅)ဦး နယ်မှ Marketing များလည်းလာရောက်လျှောက်ထားနိုင်သည်။

* (လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)

၂။ အရောင်းဝန်ထမ်း မ(၅)ဦး (၁၀)တန်း၊ အခြေခံလစာ(၁)သိန်း (ဘွဲ့ရ)ပြီး၊ အခြေခံလစာ(၁)သိန်းခွဲ

* ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆိုရည်မွန်သူဖြစ်ရမည်။

၃။ Service ဖုန်းပြင်လုပ်သား ကျား(၃)ဦး

* လုပ်သက်အနည်းဆုံး (၁)နှစ်အထက် ရှိသူဖြစ်ရမည်။

၄။ အိမ်အကူ(သို့)ကုမ္ပဏီထမင်းဟင်းချက်လုပ်သား မ(၁)ဦး လုပ်ကိုင်ဖူးသူသာ လျှောက်ထားပါရန်။

အထက်ပါလုပ်သားများသည် C.V ဖောင်အပြည့်အစုံဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ-အခန်းအမှတ်(၉/၁၆)၊ တိုက်(၉)၊ (၆)လွှာ(ဘယ်)၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Ph:09-5128197, 09-43066882

အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

Researchers

အခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း

Opening Date	Class	Time	Duration
1.10.2015	Evening Tue,Wed,Thu	6:00 to 8:00 pm	4 months

အမှတ်(၄၆)၊ (၇)လွှာ၊ ဒဂုံသိရိလမ်း၊ ကျောက်ဆူးပြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း၊ ဝင္စ- ၂၅၁၁၆၊ ၂၀၁၁၈၉- ၎၆၀၁ ၂၁၇၁၁- ၂၀၉၃၁ ၂

မော်တာနင်းစက်ချုပ်ကျွမ်းကျင် (မ)ဝန်ထမ်းအလိုရှိသည်

ခြံအမှတ်(၁၅)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း-၀၁-၅၄၁၀၀၁၊ ၅၄၅၈၉၈**

Myanmar THAMES International

ပြည်တွင်း ၊ ပြည်ပ စီးပွားရေးအဖွဲ့အစည်းကြီးများတွင် အလုပ်အကိုင် အခွင့်လမ်းကောင်းများ ရရှိစေမည့်သင်တန်း

Auto CAD (2D, 3D) *Enrol Now*

2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

'ပေကျယ်'တိုက်ခန်းသစ်ရောင်းမည်

စင်းခြောင်းမြို့နယ်၊ ဗဟိုလမ်းမနှီး(သန်း)၊ ပေကျယ်(၂၅×၅၀)၊ စတုတ္ထထပ်(၅လွှာ)၊ ကျွန်းပါကေး၊ သံပန်း၊ ဆန်းရိုတ်၊ ဘိုထိုင်(၂)၊ MBR(1), BR(1), ကောနစ်အလုပ်၊ ပြင်ဆင်ပြီး၊ အသင့်နေထိုက်သစ်(လူနေခွင့်ကျ)၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **(ပွဲစားမလို)**

Ph:09-420128875, 09-73156494

HND HIGHER NATIONAL DIPLOMA

umg college

edexcel Approved Centre

တက္ကသိုလ်ဝင်တန်း၊ IGCSE O-Level အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ် ပထမ နှစ်ကျောင်းသားများသည် Foundation Courseမှ စတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့် အခြားဘွဲ့ရများသည် ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။

ပါမောက္ခချုပ် (ငြိမ်း)၊ပါမောက္ခ (ငြိမ်း) နှင့် တိရင့်ဆရာကြီးများသင်ကြားသော

UMG COLLEGE မှ ဖွင့်လှစ်မည့် HND (UK) သင်တန်းများ

နိုင်ငံခြား ဘွဲ့ရဆရာကြီးများ ကိုယ်တိုင် သင်ကြားပြီး HND ပြီးဆုံးလျှင် လုပ်ငန်းခွင် လက်တွေ့ internship training ပြုလုပ်ပေးပါသည်။

Volvo, Hitachi, Furukawa နှင့် Kawasaki စသည့် International ကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ ed-excel ပညာရေးအဖွဲ့ကြီးနှင့် မူဝါဒ ဖွင့်လှစ်သည်။

- Business Management
- Information Technology
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering

UK, Australia, Singapore အစရှိသော နိုင်ငံတကာ တက္ကသိုလ်များတွင် **Top-up Course** များကို ဆက်လက်တက်ရောက်နိုင်ပြီး **B.A (Hons)** (၁၌) **B.Sc (Hons)** ဘွဲ့ကို ရယူနိုင်ပါသည်။

www.facebook.com/umgcollege

website: www.umgcollege.com

UMG College

ယခင်သိမ်ဖျဉ်လာရေးပထမထပ် (ယာ)၊ကမ်းနားလမ်း၊ကြည့်မြင်တိုင်ပြိုနယ်၊ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - 09 4200 95798, 09 73036488, 09 8631823, 01 215678~9, 01-2301580~1 (Ext 216, 219)

DUAL TECH Vocational Training Centre

နည်းပညာဖြင့် အနာဂတ်ဘဝတည်ဆောက်လိုသော လူငယ်များအတွက်

City & Guilds အင်္ဂလန်မှ တိုက်ရိုက်ရရှိမည့် အင်ဂျင်နီယာဒီပလိုမာသင်တန်းများ (၆လ/၁နှစ်)

- Dip; in Civil (Construction)
- Dip; in Air-Con & Refrigeration
- Dip; in Electrical & Electronic
- Dip; in Mechanical Manufacturing

DUAL TECH မှ ကမ္ဘာ့အမှတ်အများဆုံးရွေးတဲ့ဆိပ် ဆရှင်(၂)ဦးကို RA နှင့် M&E ဘာသာရပ်ဖြင့် ရရှိခဲ့သည်။

✔ သင်တန်းကြေးအရစ်ကျ ပေးသွင်းနိုင်သည်။

Diploma ဘာသာရပ်များကို လက်တွေ့ လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် ပေါင်းစပ်သင်ကြားပေးသည်။

6.10.2015 အထိ 15% Off

အင်ဂျင်နီယာဖြစ်လိုသောလူငယ်များ အထူးတက်ရောက်သင့်ပါသည်။

၁၀တန်းအောင်မှစပြီး AGTI,B-Tech, B-E များအထိ တက်ရောက်နိုင်ပါသည်။

အမှတ် ၂၀၆/၂၊ မြေညီထပ်၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(မီးပွိုင့်ထောင့်)၊ ရန်ကင်း၊ ရန်ကုန်မြို့။

Ph : 01 855 0596, (09) 730 20 803, 32 115278, E-mail :dualtechtrainingcentre@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၁၂၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၀)၊ အာဇာနည်လမ်းသွယ်၊ (၃)ရပ်ကွက်၊ ရွှေပြည်သာ၊ ဗိုလ်မှူးကြီးစံလင်း၊၁၀/ရမန(နိုင်)၀၁၅၀၇၄၊အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၀၅၄(၁၁-၁၁-၁၄)ရရှိသူ ဦးကျော်မင်းဦး၁၂/လသန(နိုင်)၀၂၀၇၈၉၂မှ ပါဝါမခူပ်သိမ်းကြောင်း ကျွမ်းကျိန်လွှာ၊ ဦးစံလင်း၏ အထွေထွေကိုယ်စားလှယ်ဦးကျင်အောင်မှ ၂၀၀၈ ခုနှစ် မတ္တာဖြင့် အပိုင်ပေးစာချုပ်ရန်လျှောက်ထားသော မြေပုံပျောက်ဆုံးကြောင်း ကျွမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

